# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကို လည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်း ကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာ ၄ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၆)၊ အမှတ် (၃၃၆)



ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်ရှိ ရှေးဟောင်းစေတီပုထိုးများကို ဖူးတွေ့ရစဉ်

# ပြည်တွင်းပြည်ပ ခရီးသွားများအနေဖြင့် ငပလီနှင့် ရှေးဟောင်းစေတီပုထိုးများရှိရာ မြောက်ဦးသို့ သွားလာနိုင်

**သတင်း - သွန်းဝဿန်၊ ဓာတ်ပုံ - မင်းသော်**

**နေပြည်တော် စက်တင်ဘာ ၃**

ရခိုင်ပြည်နယ်ရှိ ငပလီနှင့် ရှေးဟောင်းစေတီပုထိုးများတည်ရှိရာ မြောက်ဦးဒေသသို့ ခရီးသွားလာမှုကို တားမြစ်ကန့်သတ်ထားခြင်းမရှိဘဲ ဆက်လက်သွားလာနိုင်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

မကြာသေးမီက ဖြစ်ပွားခဲ့သည့် ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသ အကြမ်းဖက်တိုက်ခိုက်မှုများနှင့်ပတ်သက်၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာအဖွဲ့အစည်းများ၊ ကုမ္ပဏီများအား ၎င်းတို့၏နိုင်ငံရပ်ခြားမှ ခရီးသွားကုမ္ပဏီများ၊ ဧည့်သည်များမှ မေးမြန်းလာပါက အကောင်းဆုံးဖြေကြားနိုင်ရန် အကြံပြုထားပြီး ပိုမိုသင့်လျော်သော အကြံဉာဏ်များပေးအပ်ပါက လေးစားစွာလက်ခံသွားမည်ဖြစ်ကြောင်း အသိပေးထားသည်။

ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာလှည့်ခရီးသွားများအတွက် လည်ပတ်ရန်လုံခြုံစိတ်ချရသော နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေပြီး လက်ရှိအနေဖြင့် အပြည်ပြည်ဆိုင်ရာလေဆိပ်များမှ သော်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ရေဆိပ်များမှသော်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ နယ်စပ် ဝင်/ထွက်ဂိတ်များမှသော်လည်းကောင်း၊ ပြည်ပဧည့်သည်များ စဉ်ဆက်မပြတ်

*စာမျက်နှာ ၄ ကော်လံ ၁* ✻

## လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းမှားများ ပျံ့နှံ့နေခြင်းနှင့် စပ်လျဉ်းသည့် သတိပေးချက်ထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၃**

လူမှုကွန်ရက် စာမျက်နှာများဖြစ်သည့် Facebook, Twitter, You Tube စသည်တို့တွင် အခြားနိုင်ငံများတွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်၊ သတင်း၊ ဓာတ်ပုံနှင့် ရုပ်သံများအား မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသယောင် သတင်းမှားများ ဖြန့်ချိနေသည်ကို တွေ့ရှိရကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ ယနေ့ညပိုင်းတွင် သတင်းထုတ်ပြန်သည်။

ထုတ်ပြန်ချက်တွင် တူရကီ ဒုတိယဝန်ကြီးချုပ်သည် အခြားနိုင်ငံများတွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်ဓာတ်ပုံများကို လူမှုကွန်ရက် Twitter တွင်တင်၍ မဟုတ်မမှန် သတင်းများ ဖြန့်ဝေခဲ့ရာ သိရှိသူများက မဟုတ်မှန်ကြောင်း ပြောကြားကြသကဲ့သို့ မြန်မာနိုင်ငံဆိုင်ရာ တူရကီသံအမတ်ကြီးကိုလည်း ခေါ်ယူပြောကြားခဲ့ရာ မှားယွင်းတင်မိကြောင်း Twitter တွင် ပြန်လည်ဖော်ပြပြီး သတင်းမှားအား ဖြုတ်ချခဲ့ကြောင်း။

ထို့အတူ AFP သတင်းဌာနသည် ရခိုင်ဒေသ သတင်းများရေးသားရာတွင် ဓာတ်ပုံများ မှားယွင်းဖော်ပြခဲ့သဖြင့် မှားယွင်းကြောင်း ဝန်ခံရှင်းလင်းခဲ့ရပြီး သတင်းဓာတ်ပုံအမှန်များ ပြန်လည်အသုံးပြုထားပြီးဖြစ်ကြောင်း။

*စာမျက်နှာ ၃ ကော်လံ ၅* ❄

## မောင်တောဒေသ တိုင်းရင်းသားများအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က နှစ်လစာ စားနပ်ရိက္ခာများထောက်ပံ့

**စစ်တွေ စက်တင်ဘာ ၃**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့သည် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဒုက္ခရောက်နေကြသည့် မောင်တောခရိုင်အတွင်းရှိ ကျေးရွာများမှ တိုင်းရင်းသားများအတွက် နှစ်လစာ စားနပ်ရိက္ခာဖူလုံစေရေးအတွက် ယနေ့နံနက် ၁၀ နာရီခွဲတွင် အဆိုပါကျေးရွာများသို့ တပ်မတော်ရဟတ်ယာဉ်ဖြင့် လိုက်လံပို့ဆောင် ကူညီထောက်ပံ့ပေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဩဂုတ် ၂၅ ရက် အခင်းစတင်ဖြစ်ပွားပြီးချိန်မှစတင်၍ မောင်တောဒေသတွင်းရှိ တိုင်းရင်းသားများထံ ကာလတိုအတွက် စားသောက်ရေး၊ နေထိုင်ရေးနှင့် ကျန်းမာရေးမှအစ လိုက်လံကူညီထောက်ပံ့ပေးမှုများနှင့်အတူ ဒေသခံတိုင်းရင်းသားများကို အားပေးနှစ်သိမ့်ခဲ့သည်။ *စာမျက်နှာ ၄ ကော်လံ ၃* ✻

**ရခိုင်ပြည်နယ် မြို့နယ်အချို့၌ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် မောင်တောဒေသရှိ အခြေခံပညာကျောင်းများ ယာယီပိတ်ထားရ** စာ - ၈

**ARSA အကြမ်းဖက်သမားများက မောင်တော၌ နယ်စပ်ခြံစည်းရိုးများနှင့် တိုင်းရင်းသားကျေးရွာများကို မီးရှို့ဖျက်ဆီး** စာ - ၉

**လော့အိန်ဂျလိစ်၌ အကြီးမားဆုံး တောမီးလောင်မှုကြောင့် လူရာနှင့်ချီ၍ ကယ်ဆယ်ရွှေ့ပြောင်း** စာ - ၁၄



# လူသားနှင့် ဘာသာတရား

လူ့သမိုင်းအစတွင် လူသားတို့၏ကိုးကွယ်မှုမှာ သဘာဝတရား၏ အံ့မခန်းဖွယ် စွမ်းအားများကို ကြောက်ရွံ့ထိတ်လန့်ခြင်းမှ စခဲ့ကြသည်။ ယနေ့ခေတ် ကမ္ဘာ့နိုင်ငံအသီးသီးမှ လူသားတို့ ကိုးကွယ်ယုံကြည်နေကြသည့် ဘာသာတရားများ တစ်နည်းအားဖြင့် ကမ္ဘာ့ဘာသာကြီးများမှာမူ လူ့ယဉ်ကျေးမှုအဆင့်မြင့်မားလာသည့် ကာလများတွင် ပွင့်ထွန်းပေါ်ပေါက်လာကြခြင်းဖြစ်သည်။

ကမ္ဘာပေါ်ရှိ ဘာသာအသီးသီးကို ကိုးကွယ်ယုံကြည်ကြသူများက မိမိတို့ဘာသာနှင့် အခြားသာဘာတို့ တူညီမှုမရှိ၊ ကွဲပြားခြားနားသည်ဟု ခံယူထားကြသူများရှိသလို ဘာသာတရားအသီးသီးတို့သည် ဓလေ့ထုံးတမ်းအစဉ်အလာကဲ့သို့သော အပြင်အကာပိုင်းတွင် ကွဲပြားခြားနားကြသော်လည်း ဘာသာတရား၏အဆုံးအမ အနှစ်သာရများမှာမူ တူညီကြသည်ဟူ၍ ခံယူထားကြသူများလည်း ရှိကြသည်။ တစ်ခါတစ်ရံတွင် မိမိဘာသာမှ မိမိဘာသာဟူသော တစ်ဖက်စွန်းတွင်ရပ်မိပြီး အခြားဘာသာတရားနှင့် ယုံကြည်ကိုးကွယ်သူများကို အလေးမထားခြင်း၊ ဆန့်ကျင်ခြင်း၊ ရှုတ်ချခြင်း၊ ပျက်စီးစေခြင်းတို့အထိ ဖြစ်ပေါ်စေပါက ဘာသာရေးအစွန်းရောက်ဝါဒီအဖြစ် ရောက်ရှိသွားမည်ဖြစ်သည်။

စင်စစ်အားဖြင့် ဘာသာရေးအဆုံးအမ ဟူသမျှတို့က ပစ္စုပ္ပန်နှင့် တမလွန်ဘဝတို့အတွက် ကောင်းမွန်မြင့်မြတ်သော ပန်းတိုင်သို့ရောက်ရှိစေရန် ဟောဖော်ညွှန်းပြထားကြခြင်း ဖြစ်သည်။ ပစ္စုပ္ပန်တွင် လူသားတစ်ဦးအနေဖြင့် မိမိကိုယ်တိုင်အတွက်ဖြစ်စေ၊ မိမိ၏အသိုင်းအဝိုင်း လူမှုပတ်ဝန်းကျင်အတွက်ဖြစ်စေ ပိုမိုကောင်းမွန်လာအောင် ဖြည့်ဆည်းရေး၊ တစ်ဦးနှင့် တစ်ဦး၊ တစ်ဦးနှင့်အများ၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ငြိမ်းချမ်းစွာ၊ ညီညွတ်စွာ အတူနေထိုင်ကြရေး၊ လူမှုတာဝန်များ ကျေပွန်ကြစေရေး၊ မိမိနှင့်တကွ မိမိ၏အသိုက်အဝန်း၊ မိမိပတ်ဝန်းကျင်နှင့် လောကကြီးတစ်ခုလုံး ထိခိုက်ပျက်စီးစေမည့် ပဋိပက္ခများ၊ အကြမ်းဖက်မှုများ ဖြစ်ပေါ်မလာအောင် ရှောင်ကြဉ်ပြီး မွန်မြတ်သည့်စိတ်ဓာတ်၊ ယဉ်ကျေးသည့် အပြုအမူများဖြင့် ငြိမ်းချမ်းသာယာသည့် လူ့ဘောင်ဘဝပေါ်ထွန်းလာအောင် တည်ဆောက်ရေးတို့ကို ကမ္ဘာ့လူသားအသီးသီးတို့က ယုံကြည်ကိုးကွယ်ကြသည့် ကမ္ဘာ့ဘာသာကြီးအသီးသီးတို့တွင် ပြဋ္ဌာန်းထားကြရာ ၎င်းတို့မှာ ဘာသာတရားတို့၏ အခြေခံကျင့်ဝတ် ဥပဒေများဟု ဆိုရမည်ဖြစ်သည်။

မည်သည့်ဘာသာကို ကိုးကွယ်သည့် မည်သည့်လူမျိုးဖြစ်စေကာမူ ထိုသူသည် မကောင်းသည့် ယုတ်ညံ့သည့် စိတ်စေတသိက်တို့ ဖုံးလွှမ်းနေပါက လူဆိုးလူယုတ်သာဖြစ်၍ ကောင်းမွန်သည့် ဖြူစင်မွန်မြတ်သည့် စိတ်စေတသိက်တို့ ဖုံးလွှမ်းနေသူဖြစ်ပါက လူကောင်းလူမွန်ဟု ဆိုရမည်ဖြစ်သည်။ ဘာသာတစ်ခုတွင် ဆိုးနေယုတ်နေသူသည် အခြားဘာသာတစ်ခုတွင် လူကောင်းဖြစ်နေလိမ့်မည် မဟုတ်။ ပေးကမ်းလှူဒါန်းခြင်း၊ အကျင့်သီလဆောက်တည်ခြင်း၊ တည်ကြည်ဖြောင့်မတ်ခြင်း၊ ဆင်ခြင်တုံတရားပြည့်ဝခြင်း၊ ပုဂ္ဂိုလ်သတ္တဝါဟူသမျှတို့၏ အကျိုးစီးပွားကိုလိုလားခြင်း၊ ကြင်နာသနားခြင်း၊ သည်းခံခြင်း၊ မှန်ကန်ခြင်းစသည့် ဘာသာတရားအားလုံးတို့၏ တူညီသော အနှစ်သာရများကို ဘာသာဝင်ဟူသမျှ လူသားအားလုံးတို့က လက်တွေ့ကျကျ ကျင့်သုံးလာနိုင်သည်နှင့်အမျှ ကမ္ဘာကြီး၏နိုင်ငံများစွာ၊ ဒေသများစွာ၊ နေရာများစွာတို့တွင် ဖြစ်ပေါ်နေကြသော ပဋိပက္ခများ၊ အကြမ်းဖက်မှုများ၊ ရန်လိုမုန်းတီးမှုများ တဖြည်းဖြည်းလျော့ပါးချုပ်ငြိမ်းကာ လူသားကမ္ဘာကြီးတစ်ခုလုံး အေးချမ်းသာယာလိမ့်မည်ဟု ဘာသာတရားတို့၏ ခေါင်းဆောင်ဆရာအဆူဆူတို့က အညီအညွတ် ညွှန်းဆိုဟောကြားခဲ့ကြပါကြောင်း။ ။

## မြန်မာ့ရုပ်မြင်သံကြား

၄-၉-၂၀၁၇ (တနင်္လာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆း၀၀ | - | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | - | Breakfast News |
| ၉း၁၀ | - | မျှော်လင့်ချက်အလင်းရောင် (လယ်ယာမြေများနှင့် အခြားမြေများ ပြန်လည်စွန့်လွှတ်ခြင်း၊ နှစ်နာပြည်သူများအတွက် သိကောင်းစရာ |
| ၉း၄၀ | - | ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ "Aphrodite, Cypnus" |
| ၁၀း၃၀ | - | **စားနပ်ရိက္ခာဖူလုံရေး သားစဉ်မျိုးဆက်ပေး** (ချင်း) |
| ၁၁း၁၅ | - | ရှုဖွယ်စုံလင် အာဆီယံအစီအစဉ် |

# လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကာတွန်း၊ ပန်းချီ၊ ပိုစတာကဗျာ၊ စာစီစာကုံးပြိုင်

**တောင်ငူ စက်တင်ဘာ ၃**

နိုင်ငံတကာလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကဗျာ၊ စာစီစာကုံးပြိုင်ပွဲအခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက် ၈ နာရီခွဲက တောင်ငူမြို့ခပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးက အမှာစကားပြောကြားပြီး ခရိုင်ပြိုင်ပွဲဝင်လက်ရာများ စိစစ်ရေးကော်မတီဝင် တောင်ငူပညာရေးကောလိပ် စီမံရေးရာဦးစီးမှူး ဦးမြင့်သူက ပြိုင်ပွဲဝင်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများကို ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲတွင် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၀၀ ပါဝင်ယှဉ်ပြိုင်ရေးဆွဲကြသည်။ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများ၊ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။**သူရ(တောင်ငူ)**



# မြန်မာနိုင်ငံဥပဒေဘွဲ့ရသူများအသင်း ထူးချွန်ဂုဏ်ပြုဆုပေးပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၃**

၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော မြန်မာနိုင်ငံ ဥပဒေဘွဲ့ရသူများအသင်း (Law Graduates Association of Myanmar) အသင်းဝင်များ၏ သားသမီး၊ ကျောင်းသား ကျောင်းသူများ၊ အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ဝူရှူးပြိုင်ပွဲထူးချွန်ဆုရသူနှင့် The World Buddhist Outstanding Leader Award) ဆုရရှိသူတို့အား ဂုဏ်ပြုပွဲကို ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ တက္ကသိုလ်များဓမ္မာရုံ၌ စက်တင်ဘာ ၃ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

ဂုဏ်ပြုပွဲတွင် မြန်မာနိုင်ငံဥပဒေဘွဲ့ရသူများအသင်းဥက္ကဋ္ဌ ဦးဘတင့်ဆွေက ၂၀၁၆ ခုနှစ်ကလည်း ယခုလို ဂုဏ်ပြုပွဲပြုလုပ်ခဲ့ကြောင်း၊ အသင်းဝင်များ၊ အလှူရှင်များရဲ့ပူးပေါင်းဆောင်ရွက်မှုအရ ယခုနှစ်တွင်လည်း ဂုဏ်ပြုပွဲကျင်းပခြင်းဖြစ်ကြောင်း ကျောင်းသား ကျောင်းသူများအနေဖြင့် ဥပဒေပညာ ပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဥပဒေဘွဲ့ရသူများအသင်း အထွေထွေအတွင်းရေးမှူး ဦးအောင်ဌေးဦးက ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဆုရရှိသောသူများအား ထူးချွန်ဆုများ ပေးအပ်သည်။ ၂၀၁၇ ခုနှစ် မလေးရှားနိုင်ငံတွင် ကျင်းပခဲ့သော The Second Global Buddhist Congregation နှင့် The World Buddhist Sangha Summit တို့မှ အပ်နှင်းသည့် The World Buddhist Outstanding Leader Award ဆုရ ဒေါက်တာ ဒေါ်နှင်းနှင်းအေး (LL.B-1986) ကိုလည်း ထူးချွန်ဂုဏ်ပြုဆုပေးအပ်ကြောင်း သိရသည်။ **ခင်မောင်သော်**



(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အကြိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရဲတပ်ဖွဲ့(ရန်ကုန်)တပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်ဆွေ ဦးစီး၍ အရာရှိ၊ အခြားတပ်ဖွဲ့ဝင် ၇၂ ဦးတို့သည် စက်တင်ဘာ ၁ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနတွင် ဆဋ္ဌမအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းကြစဉ် တင်စိုး(မြန်မာ့အလင်း)

# အိမ်တိုင်ရာရောက် ရဲလုပ်ငန်းစနစ်ဖြင့် မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**နေပြည်တော် စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ် ကျင်းကျေးရွာရှိ အိမ်ထောင်စု ၁၅ စု၊ ကျေးရွာနေပြည်သူ ၇၀ တို့အား ကျင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂ ရက် နံနက်က အိမ်တိုင်ရာရောက် ရဲလုပ်ငန်းစနစ်ဖြင့် တစ်အိမ် တက်/ဆင်း မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတို့နှင့်ပတ်သက်သည့် ပြစ်မှု/ပြစ်ဒဏ်များ၊ ဆောင်ရန်/ရှောင်ရန်အချက်များအား အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ကိုရဲ

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၃-၉-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၉၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၅၅/၆၇၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၈၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၂၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၅/၆၉၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၈ | ・၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၆ | ・၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၂ | ・၅ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | ・၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ・၂၁၄ |
| တရုတ် | တစ်ယွမ် | ၂၀၅ | ・၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈ | ・၁၁ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နေပြည်တော် တပ်ကုန်းမြို့ Level-1 အဆင့် ငြိမ်းချမ်းရေးဂီတပွဲတော် ၂၀၁၇ သီချင်းဆိုပြိုင်ပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃**

ငြိမ်းချမ်းရေးဂီတပွဲတော် ၂၀၁၇ သီချင်းဆိုပြိုင်ပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျင်းပလာခဲ့ရာ နေပြည်တော် တပ်ကုန်းမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ စတူဒီယိုခန်းမ၌ Level-1 အဆင့် ဒေသလက်ရွေးစင် ရွေးချယ်ပွဲကို စက်တင်ဘာ ၃ ရက် ညပိုင်းက ကျင်းပသည်။



အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြသည်။

ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ Level-1 အဆင့် လက်ရွေးစင်ရွေးချယ်မှုများကို မြို့ကြီး ၁၁ မြို့တွင် ကျင်းပမည်ဖြစ်ရာ တောင်ကြီး၊ မြစ်ကြီးနား၊ မော်လမြိုင်၊ လားရှိုး၊ ပုသိမ်၊ ရန်ကုန်မြို့တို့တွင် ကျင်းပခဲ့ပြီး အဆိုပါမြို့များမှ လက်ရွေးစင် သုံးဦးစီကို ရွေးချယ်ခဲ့ပြီးဖြစ်သည်။ ရန်ကုန်မြို့တွင် Level-1 အဆင့်ကို လာရောက်လျှောက်ထားသူများပြားခဲ့သဖြင့် ဩဂုတ် ၃ ရက်နှင့် ၂၀ ရက်တို့တွင် ပွဲစဉ်နှစ်ခုခွဲ၍ ကျင်းပခဲ့သည်။

နေပြည်တော် တပ်ကုန်းမြို့တွင် ငြိမ်းချမ်းရေးဂီတပွဲတော်အတွက် ၂၃၆ ဦး လာရောက်လျှောက်ထားခဲ့ရာ ၄၇ ဦး ရွေးချယ်ခဲ့ပြီး အသံထပ်မံစစ်ဆေးရာ ဆန်ခါတင် ၁၀ ဦးကို ရွေးချယ်နိုင်ခဲ့ကြောင်း သိရသည်။ ယနေ့ည နေပြည်တော် တပ်ကုန်းမြို့ Level- 1 အဆင့် ဒေသလက်ရွေးစင်ရွေးချယ်ပွဲတွင် ပြိုင်ပွဲဝင် ၁၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမ အေးသဇင်မောင်၊ ဒုတိယ ကျော်ဆုဟိန်း၊ တတိယ အောင်စိုးဦးတို့ကို ရွေးချယ်ခဲ့သည်။

ထို့အတူ မန္တလေးမြို့၏ Level- 1 အဆင့် ဒေသလက်ရွေးစင်ရွေးချယ်ပွဲကို စက်တင်ဘာ ၁၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ငြိမ်းချမ်းရေးဂီတပွဲတော် ၂၀၁၇ ဒေသလက်ရွေးစင် Level-1 အဆင့် သီချင်းဆိုပြိုင်ပွဲများကို မန္တလေး၊ ဘားအံနှင့် ကလေးမြို့တို့တွင် ကျင်းပရန် ကျန်ရှိနေသေးကြောင်း သိရသည်။

ငြိမ်းချမ်းရေးဂီတပွဲတော် ၂၀၁၇ သီချင်းဆိုပြိုင်ပွဲနှင့် ပတ်သက်၍ ပြိုင်ပွဲကျင်းပမည့် မြို့နေရာ၊ နေ့ရက်၊ အသံစစ်ဆေးမည့်နေ့ရက်၊ လျှောက်လွှာဖောင်ပိတ်ရက်၊ အကဲဖြတ်ဒိုင်များအစရှိသည်တို့ကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် Peace Music Festival Facebook စာမျက်နှာ www.facebook.com/peacemusicfestival တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**သတင်း-ဇူလိုင်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-ဟိန်းထက်ဇော်(မြန်မာ့အလင်း)**

# ငြိမ်းချမ်းရေးကို ပေါ်လွင်စေမည့် အထူးပြုသည့် ဂီတပြိုင်ပွဲတစ်ခုဖြစ်

**ငြိမ်းချမ်းရေးဂီတပွဲတော် ၂၀၁၇ သီချင်းဆိုပြိုင်ပွဲ ဒေသလက်ရွေးစင်ရွေးချယ်ပွဲကို ယနေ့ညပိုင်းက နေပြည်တော် တပ်ကုန်းမြို့မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ စတူဒီယိုခန်းမ၌ ကျင်းပရာ တက်ရောက်လာသူများ၏ ရင်တွင်းစကားသံများကို ဖော်ပြပေးလိုက်ပါသည်။**

**တေးသံရှင် တက္ကသိုလ်လဲ့လဲ့(အကဲဖြတ်ဒိုင်)**

အန်တီက ငြိမ်းချမ်းရေးဂီတပွဲတော်စပြီး လုပ်မယ်ဆိုတဲ့ အစည်းအဝေးကတည်းက စပြီး ပါဝင်ခဲ့ပါတယ်။ ရည်ရွယ်ချက်က သိပ်ကောင်းပါတယ်။ နိုင်ငံတော်လူကြီးတွေက တေးဂီတလေးတွေနဲ့ ပြိုင်ပွဲတွေလုပ်တဲ့အခါမှာ တေးသံလေးတွေနဲ့ ငြိမ်းချမ်းရေး တေးသံလေးတွေပျံ့လွင့်နေဖို့၊ တိုင်းရင်းသားအားလုံးပါဝင်ကြမယ်ဆိုရင် ငြိမ်းချမ်းရေးဆီကို အမြန်ဆုံးရောက်နိုင်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ တေးသီချင်းဆိုတာ လူတွေရဲ့စိတ်ကို ဆွတ်ပျံ့စေတယ်။ စည်းလုံးညီညွတ်မှုကိုပြတဲ့သီချင်းလေးတွေ ကြားတဲ့အချိန်မှာ တိုင်းရင်းသားမောင်နှမသားချင်းတွေ စိတ်ဝမ်းကွဲနေတာတွေ ပြေပျောက်ပြီး စည်းလုံးညီညွတ်ကြမလားဆိုတဲ့ သဘောမျိုးလေးတွေသက်ရောက်ပါတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ်အားလုံးက တိုင်းရင်းသားတွေစည်လုံးမှု၊ ချစ်ခင်မှုကို ဖြစ်စေချင်တဲ့ စေတနာနဲ့ရည်ရွယ်ပြီး လုပ်ဖြစ်တာပါ။

**စိုးညီညီထွဋ် (ထုတ်လုပ်ရေးပြင်ပပညာရှင်)**

ငြိမ်းချမ်းရေးတေးဂီတပွဲတော်ကနေပြီး ငြိမ်းချမ်းရေးအတွက် အထောက်အကူပေးနိုင်တယ်လို့ ယုံကြည်ပါတယ်။ အန်တီ ဒေါ်နွဲ့ယဉ်ဝင်းပြောသလိုပဲ ဂီတကငြိမ်းချမ်းရေးကို တစ်နည်းတစ်ဖုံနဲ့ သက်ရောက်မှုရှိစေတယ်။ အဲဒီလိုပဲ မြန်မာနိုင်ငံ အနှံ့အပြားမှာရှိတဲ့မြို့တွေမှာ ကျင်းပတာဖြစ်တဲ့အတွက် ဒေသတစ်ခုနဲ့တစ်ခု မတူကွဲပြားတဲ့ အသိတွေကို သိရတယ်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမပေါင်းစုံလည်း တွေ့ရတာဖြစ်တဲ့အတွက် ပိုပြီးလည်း စည်းစည်းလုံးလုံးဖြစ်စေတယ်။ ငြိမ်းချမ်းကြတယ်ဆိုတာ အချင်းချင်းရင်းနှီးပြီး မတူညီတာတွေကိုညှိပြီး တစ်ယောက်နဲ့တစ်ယောက် နားလည်လာဖို့လက်ခံနိုင်တာဆိုတော့ ဒီဂီတပြိုင်ပွဲတစ်ခုအနေနဲ့ ငြိမ်းချမ်းရေးပုံဖော်ဆောင်တဲ့နေရာမှာ အထောက်အကူပြုမယ်လို့ ယုံကြည်ပါတယ်။

**မအေးသဇင်မောင်(ပြိုင်ပွဲဝင်)**

ရန်ကုန်ဇာတိပါ။ နေပြည်တော်မှာ ငါးလလောက် အလုပ်တာဝန်ကျနေတဲ့အတွက် ဒီပြိုင်ပွဲကို ဝင်ပြိုင်ဖြစ်တာပါ။ ညီမက အေဝမ်းရုပ်ရှင်ကုမ္ပဏီကလုပ်တဲ့ အိန္ဒိယဇာတ်လမ်းတွဲတို့၊ ထိုင်းဇာတ်လမ်းတွဲတို့မှာ နောက်ခံစကားပြောလုပ်တဲ့ လုပ်ငန်းတွေလုပ်တယ်။ ညီမတို့နေတဲ့အဆောင်က ဇမ္ဗူသီရိမြို့နယ်ထဲမှာဆိုတော့ သွားရတာဝေးတယ်။ ဝေးလို့ ဒီနားက ရှောက်ကုန်းရွာမှာနေပြီး အဆင့်တိုင်းမှာ ဝင်ပြိုင်တာပါ။ ရွာသူရွာသားတွေ အားလုံးကအစ ဝိုင်းဝန်းကူညီပေးကြပါတယ်။ နေပြည်တော်မှာလုပ်တဲ့ပြိုင်ပွဲမှာ မထင်မှတ်ဘဲနဲ့ ပြိုင်ပွဲဝင်ဦးရေက ၂၃၀ ကျော်မယ်ထင်တယ်။ တော်တော်ကောင်းပြီး ပြုတ်သွားတဲ့သူတွေလည်းရှိပါတယ်။ အဲ့ဒီထဲကမှ ကံပိုပြီးကောင်းတဲ့သူ ပါလာတာလို့ထင်ပါတယ်။ ပထမအဆင့်မှာ မတင်ဇာမော်ရဲ့ ညှော့သည်ဆိုတဲ့ သီချင်းလေးနဲ့ယှဉ်ပြိုင်ခဲ့ပါတယ်။ ဒုတိယအဆင့်မှာတော့ ဆရာမင်းချစ်သူရေးတဲ့ လေထဲက ဖယောင်းတိုင်ဆိုတဲ့ သီချင်းလေးနဲ့ ၁၀ ယောက်ထဲ ပါဝင်ခဲ့ပါတယ်။ အခုပြိုင်မယ့်သီချင်းက ငြိမ်းချမ်းရေးပြိုင်ပွဲဆိုတော့ လိုက်ဖက်မယ်



တေးသံရှင် တက္ကသိုလ်လဲ့လဲ့



မအေးသဇင်မောင်



ငြိမ်းချမ်းအောင်(ခ)ငြိမ်းချမ်းခိုင်မြဲ



အဆိုတော် စည်သူလွင်

ထင်တဲ့ ဆေးရောင်ခြယ်ပါ။ ကမ္ဘာလောကကြီးရဲ့ သဘောတရားလေးဖြစ်တဲ့ သီချင်းလေးပါ။ မဆုန်သင်းပါရဲ့ သီချင်းလေးပါ။

**ငြိမ်းချမ်းအောင်(ခ)ငြိမ်းချမ်းခိုင်မြဲ(ပြိုင်ပွဲဝင်)**

နေပြည်တော်ကိုယ်စားပြုယှဉ်ပြိုင်ဖို့အတွက် မကွေးကနေလာပြီး ယှဉ်ပြိုင်တာပါ။ ဒီပြိုင်ပွဲက အခက်အခဲဖြစ်တော့ မကွေးမှာ မကျင်းပတဲ့အတွက် မကွေးနဲ့ နည်းနည်းနီးစပ်တဲ့ နေပြည်တော်အထိ တက်လာတာပါ။ ဒီမှာ အဆိုရှင်တွေ၊ ဝါသနာရှင်တွေ တော်တော်များပါတယ်။ အသံစစ်တဲ့ အဆင့်မှာပဲ တော်တော်လေးတော်ကြတယ်။ အခု အစ်ကိုပြိုင်မှာက ကိုဒိုးလုံးရဲ့ချစ်ဦးမေသီချင်းနဲ့ ပြိုင်မှာပါ။ နိုင်ငံတော်ကလည်း ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီးတော့ အားသွန်ခွန်စိုက်ဆောင်ရွက်နေကြတယ်။ တိုင်းရင်းသားဒေသတွေမှာ မငြိမ်းချမ်းသေးတဲ့အတွက် ငြိမ်းချမ်းရေးဟာ အလွန်လိုအပ်နေပါတယ်။ အဲ့ဒီအတွက် နိုင်ငံတော်က ငြိမ်းချမ်းရေးအမြန်ရရှိအောင် တစ်ထောင့်တစ်နေရာကနေ လူငယ်တွေ အဆိုဝါသနာရှင်တွေပါဝင်လို့ရအောင်။ တိုင်းရင်းသားအချင်းချင်း တွေ့ဆုံပြီး ချစ်ကြည်ရင်းနှီးလာအောင် ကျင်းပပေးတာဖြစ်တဲ့အတွက် အားနဲ့မာန်နဲ့ စိတ်ပါဝင်စားစွာနဲ့ ကျရာကဏ္ဍကနေ ပါဝင်ကူညီဆောင်ရွက်ပေးပါမယ်လို့ ပြောလိုပါတယ်။

**အဆိုတော် စည်သူလွင်**

ကျွန်တော်အလုပ် အားတဲ့ရက်လေးတွေမှာ လာရောက်ကူညီပေးခဲ့တာပါ။ ဒီငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ လူသားတိုင်းရဲ့ရင်ထဲမှာ ငြိမ်းချမ်းရေးဆိုတာ အားလုံးအတွက် အရေးကြီးတဲ့အရာပါ။ ဒီလို အရေးကြီးတယ်ဆိုတဲ့အရာကို လူတွေရဲ့ရင်ထဲ ပိုပြီးရောက်ရှိသွားအောင် ငြိမ်းချမ်းရေးဂီတပွဲတော်ကတစ်ဆင့် ပို့နိုင်တယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒီငြိမ်းချမ်းရေးဆိုတဲ့အသံကို လူတိုင်းကြားနေရမယ်။ ကိုယ့်နေရာမှာ ငြိမ်းချမ်းနေပေမယ့် တခြားနေရာမှာ မငြိမ်းချမ်းဘူးဆိုရင် တတ်နိုင်တဲ့ဘက်က ဝိုင်းဝန်းကူညီကြရမှာ ကိုယ့်ရဲ့တာဝန်ဖြစ်တယ်ဆိုတဲ့ဟာမျိုး ရင်ထဲရောက်လာစေမယ်လို့လည်း ယုံကြည်ပါတယ်။ ဒီပွဲရဲ့ ရည်ရွယ်ချက်က တချို့လိုအပ်တဲ့ဒေသတွေမှာ ပရဟိတအစီအစဉ်တွေနဲ့ လှူဒါန်းနိုင်တယ်။ ဒီလိုလုပ်တဲ့အခါ ငြိမ်းချမ်းရေးကို ပေါ်လွင်စေမယ့် အထူးပြုတဲ့ ဂီတပြိုင်ပွဲတစ်ခုဖြစ်တယ်။ တခြားပတ်ဝန်းကျင်ပရဟိတတွေအတွက်လည်း အကျိုးရှိအောင်လုပ်ဆောင်နိုင်တဲ့ပွဲတစ်ခုဖြစ်တဲ့အတွက်၊ ပါဝင်ခွင့်လို့ ဝမ်းမြောက်ဝမ်းသာနဲ့ ဂုဏ်ယူပါတယ်။

အားလုံးငြိမ်းချမ်းရေးအရေးကြီးတယ်ဆိုတဲ့အကြောင်းကို လူတွေရဲ့ရင်ထဲရောက်အောင် ဒီလိုပွဲတော်ကြီးတွေကျင်းပပြီးတော့ လုပ်နေကြပါတယ်။ အားလုံးကလည်း ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားကြမယ်လို့ ယုံကြည်ပါတယ်။ မငြိမ်းချမ်းသေးတဲ့ နေရာဒေသတွေမှာလည်း အမြန်ဆုံးငြိမ်းချမ်းနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။

**အမေးအရေး- ဇူလိုင်မိုး၊ ဟိန်းထက်ဇော်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မိုးထက်**

# အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၃**

အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mrs. Retno L.P Marsudi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ည ၁၁ နာရီက ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီး Dr.Ito Sumardi နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

**(သတင်းစဉ်)**



❄ *ရှေ့ဖုံးမှ*

ထိုကဲ့သို့ မှားယွင်းဖော်ပြမိကြောင်း ပြန်လည်ဖော်ပြခဲ့ကြသော်လည်း မဟုတ်မမှန် သတင်းများ၊ ဓာတ်ပုံများ ဖြန့်ချိခဲ့သည့်အတွက် မြန်မာနိုင်ငံအစိုးရ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူများမှာ ထိခိုက်နစ်နာစေခဲ့ရကြောင်း။

သို့ဖြစ်ပါ၍ လူမှုကွန်ရက်စာမျက်နှာများဖြစ်သည့် Facebook, Twitter နှင့် You Tube စသည်တို့တွင် သတင်းအချက်အလက်များကို မှန်၊ မမှန် စိစစ်ပြီးမှသာ မျှဝေခြင်းပြုလုပ်ကြပါရန်နှင့် လူမှုကွန်ရက်တွင် ပျံ့နှံ့နေသော သတင်းမှားများကို အထူးသတိပြုကြပါရန် တိုက်တွန်းအပ်ပါကြောင်း ဖော်ပြထားသည်။

**(သတင်းစဉ်)**

# မသန်စွမ်းမှုနှင့် ခွဲခြားဆက်ဆံမှုများအတွက် သိရှိလိုသည်များကို ဖြေကြားပေးမည်




**နေပြည်တော် စက်တင်ဘာ ၃**

မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ မီလီရေဒီယို၏ တိုက်ရိုက်လေလှိုင်းအစီအစဉ်မှ မသန်စွမ်းသူများနှင့်ခွဲခြားဆက်ဆံခြင်းခေါင်းစဉ်ဖြင့် မသန်စွမ်းသူများ၏ အခက်အခဲများ၊ ခံစားချက်များအပေါ် သိရှိလိုသည့် အခြေအနေများကို မေးမြန်းနိုင်ပြီး တိုက်ရိုက်လေလှိုင်းအစီအစဉ်မှ ပြန်လည်ဖြေကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မသန်စွမ်းသူများသည် အကြောင်းအမျိုးမျိုး၊ အခြေအနေအမျိုးမျိုးဖြင့် ခွဲခြားဆက်ဆံခြင်းကို ခံစားနေကြရတတ်ကြောင်း၊ မသန်စွမ်းသူများသည် လည်းကောင်း၊ သန်စွမ်းသူများသည် လည်းကောင်း ခွဲခြားဆက်ဆံခံရခြင်းနှင့် ပတ်သက်၍ သိလိုသည်များကို မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ MILI Facebook စာမျက်နှာ၏ ချက်စ်ဘောက်စ်မှတစ်ဆင့် မေးမြန်းနိုင်ကြပြီဖြစ်သည်။

အဆိုပါ မီလီရေဒီယိုအစီအစဉ်ကို မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့က စီစဉ်ခြင်းဖြစ်ပြီး လိုအပ်သောအကူအညီပေးမှုများကိုလည်း ပေးအပ်နိုင်ရန် ကြိုးစားပြင်ဆင်လျက်ရှိသည်။ မေးမြန်းလိုသူများအနေဖြင့် ယခုလ ၃၀ ရက် အထိ ပေးပို့မေးမြန်းနိုင်ကြပြီး အခက်အခဲနှင့်စိန်ခေါ်မှုများကိုလည်း ရင်ဖွင့်နိုင်ကြောင်း သိရသည်။ MILI Radio အစီအစဉ်သည် မသန်စွမ်းသူများ၏ အခက်အခဲများ၊ စိန်ခေါ်မှုများ၊ အောင်မြင်မှုများနှင့် လူမှုဘဝအတွင်းနေထိုင်ကြသည့်အခါ လိုအပ်မည့်နည်းလမ်းများကို တင်ဆက်သည့် အစီအစဉ်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့က စီစဉ်ထားပြီး မိတ်ဖက်အသံလွှင့်ဌာနများနှင့် ပူးပေါင်းထုတ်လွှင့်ခြင်းဖြစ်သည်။ မြန်မာ့အသံ၊ ပုဂံအက်ဖ်အမ်၊ စီးတီးအက်ဖ်အမ်၊ ရွှေအက်ဖ်အမ်၊ သဇင်အက်ဖ်အမ်တို့သည် မိတ်ဖက်အသံလွှင့်ဌာနများဖြစ်ကြသည်။ လက်ရှိတွင် မသန်စွမ်းမှုဆိုင်ရာအသိပညာပေးကဏ္ဍ၊ မသန်စွမ်းသူများနှင့် ပညာရေးကဏ္ဍ၊ စွမ်းရည်မြှင့်တင်ခြင်းကဏ္ဍနှင့် မသန်စွမ်းအဖွဲ့အစည်းများကဏ္ဍ၊ မသန်စွမ်းမှုဆိုင်ရာ ဖျော်ဖြေရေးကဏ္ဍများကို တင်ဆက်လျက်ရှိသည်။

**သွန်းဝသန်**

✻ *ရှေ့စာမျက်နှာမှ*

ဝင်ရောက် လည်ပတ်လျက်ရှိနေသည့်အတွက် ခရီးသွားများအနေဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ http://tourism.gov.mm/en_US/information/permitted- area/ တွင် ဖော်ပြထားသည့် ခွင့်ပြုဒေသများအတွင်းသို့သာ သွားရောက်လည်ပတ်ရန် ဝန်ကြီးဌာနက တိုက်တွန်းထားခြင်းဖြစ်သည်။

ခရီးစဉ်ဒေသများဖြစ်သည့် ပလေီနှင့်ရှေးဟောင်းစေတီပုထိုးများ တည်ရှိရာ မြောက်ဦးဒေသများသည် လည်ပတ်ရန်အတွက် လုံခြုံစိတ်ချရသောနေရာများအဖြစ် ဆက်လက်တည်ရှိနေပြီး၊ မြန်မာတစ်နိုင်ငံလုံး ရာသီဥတုကောင်းမွန်လျက်ရှိသဖြင့် ခရီးသွားလာရန်ကောင်းမွန်သည့် အနေအထားပင်ဖြစ်ကြောင်း သိရသည်။

“ဝန်ကြီးဌာနကတော့ ပလေီနဲ့ မြောက်ဦးဒေသကို ခွင့်ပြုထားပါတယ်။ ဒါပေမယ့် အခုရက်ပိုင်းက ညှော့်သည်အဝင်ကတော့ နည်းသွားတယ်။ လာတဲ့သူရှိပေမယ့် အကြာကြီးနေကြတာမျိုး မရှိဘူး။ လုံးလုံး ခရီးသည်မရှိတာတော့ မဟုတ်ပါဘူး။ အချို့ခရီးသည်တွေက လန့်ကြိုပြီး အခန်းကြိုမှာထားကြတာမျိုးဆိုတော့ ခရီးစဉ်ကို ဖျက်သိမ်းတာမျိုး မလုပ်ကြဘူး”ဟု သံတွဲမြို့ရှိ ကြယ်သုံးပွင့်အဆင့်ရှိ ဟိုတယ်တစ်ခုမှ တာဝန်ရှိသူက ပြောသည်။

မကြာသေးမီက ဖြစ်ပွားခဲ့သော ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသနဲ့ ပတ်သက်ပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နယ်စပ်အနီး တိုက်ခိုက်မှုများနှင့်ပတ်သက်၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသို့ https://www.facebook.com/moht.mm၊ https://twitter.com/tourismmm နှင့် www.tourism. gov.mm တို့မှတစ်ဆင့် ဆက်သွယ်မေးမြန်းနိုင်ပြီး အဆိုပါဖြစ်ပွားရာနေရာသည် ခရီးသွားလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် သွားရောက်လည်ပတ်ရန်အတွက် ခွင့်ပြုထားခြင်းမရှိသောနေရာဖြစ်သည်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအခြေအနေများအား အချိန်နှင့်တစ်ပြေးညီ တင်ပြပေးမည်ဖြစ်သဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ Facebook ဖြစ်သော www.facebook.com/mohtmm ကို ချိတ်ဆက်ထားပြီး ဆက်သွယ်မေးမြန်းနိုင်ကြောင်းလည်း သိရသည်။

✻ *ရှေ့စာမျက်နှာမှ*

ဩဂုတ် ၃၁ ရက်မှ စတင်ကာ ဒေသခံတိုင်းရင်းသားများ နေထိုင်သည့် ကျေးရွာများ၊ စုရပ်များသို့ နိုင်ငံတော်အနေဖြင့် ယခင်ကတည်းက စီစဉ်ထားရှိသော နှစ်လစာ ဆန်၊ ဆီ၊ ကြက်သွန်၊ အာလူးနှင့် ဆေးဝါးများ ကူညီထောက်ပံ့ပေးမှုများကို မိုးလေဝသအခြေအနေကင်းရှင်းမှုပေါ်မူတည်၍ တပ်မတော်ရဟတ်ယာဉ်ဖြင့် နေ့စဉ်လိုက်လံပို့ဆောင်ကူညီထောက်ပံ့ပေးခဲ့သည်။

ARSA အစွန်းရောက်အကြမ်းဖက်သမားများ တိုက်ခိုက်မှုကြောင့် မောင်တောဒေသကျေးရွာများရှိ ဒေသခံတိုင်းရင်းသားများသည် ယခုအခါ ၎င်းတို့ အသက်မွေးဝမ်းကျောင်းပြုလုပ်သော လယ်၊ ယာမြေများကိုပင် သွားရောက်လုပ်ကိုင်နိုင်ခြင်းမရှိဘဲ ကျေးရွာများအတွင်း၌ မိသားစုအလိုက် စုရုံးနေထိုင်လျက်ရှိသည်။ တချို့ကျေးရွာများရှိ တိုင်းရင်းသားများမှာ ဝန်းကျင်မြို့များဖြစ်သော ဘူးသီးတောင်နှင့် စစ်တွေမြို့ပေါ်ရှိ စုရပ်စခန်းများတွင် ခေတ္တခိုလှုံနေထိုင်လျက်ရှိသည်။

ယနေ့တွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒေသခံတိုင်းရင်းသားကျေးရွာများဖြစ်သော မောင်တောဒေသတွင်းရှိ ရွက်ညိုတောင် ကျေးရွာ၊ တမန်းသားကျေးရွာနှင့် လောင်းတုံကျေးရွာများရှိ ဒေသခံ တိုင်းရင်းသားမိသားစုဝင်များအား ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်၊ အာလူးနှင့် ဆေးဝါးများကို သွားရောက်ကူညီထောက်ပံ့ပေးခဲ့သည်။



ရွက်ညိုတောင်ကျေးရွာ ဒေသခံတိုင်းရင်းသားများအား စားနပ်ရိက္ခာများ ကူညီထောက်ပံ့ပေးနေစဉ်

ကူညီထောက်ပံ့ပေးခဲ့သော ရွက်ညိုတောင်ကျေးရွာ၌ အိမ်ခြေ ၄၃ လုံးရှိပြီး ဒေသခံ တိုင်းရင်းသားအများစုနေထိုင်ကြသည်။ တစ်ဖန် တမန်းသားကျေးရွာ၌ အိမ်ခြေ ၁၁၅ လုံးရှိပြီး ရခိုင်၊ ဒိုင်းနက်၊ သက်နှင့် ဟိန္ဒူဘာသာဝင်များ အများဆုံးနေထိုင်လျက်ရှိပြီး လောင်းတုံကျေးရွာတွင် မြို၊ သက်၊ ဒိုင်းနက်၊ ဗမာနှင့် ရခိုင်လူမျိုးတို့နေထိုင်ကြကာ အိမ်ခြေ ၁၀၅ လုံးရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာလူငယ်စွန့်ဦးတီထွင်သူများ အာဆီယံလူငယ်စွန့်ဦးတီထွင်သူ ဆွေးနွေးပွဲတွင် တက်ရောက်ဆွေးနွေးမည်

**ရန်ကုန် စက်တင်ဘာ ၃**

မြန်မာနိုင်ငံရှိ လုပ်ငန်းရှင်များ၏ လုပ်ကိုင်နိုင်စွမ်းရည်နှင့် နိုင်ငံတကာနှင့်အမီ ရင်ပေါင်တန်း ဆောင်ရွက်နိုင်ခြင်းတို့ကို ထုတ်ဖော်ပြသရန်အတွက် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းမှ လူငယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိ(ပ်)မြို့သို့ ယနေ့နံနက်က ထွက်ခွာသွားပြီဖြစ်သည်။




“ကျွန်မတို့နိုင်ငံမှာ ထူးချွန်တဲ့ လူငယ်လုပ်ငန်းရှင်တွေ ရှိပါတယ်။ သူတို့ဟာ တခြားသောလူငယ်တွေကို အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးကြတယ်။ သူတို့ရဲ့ ဗဟုသုတတွေကို မျှဝေပေးကြတယ်။ စက်တင်ဘာ ၂ ရက်က စွန့်ဦးတီထွင်ဖွဲ့ကပင်ဆိုပြီး ကရင်ပြည်နယ်က လူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ပေးခဲ့ကြသေးတယ်။ သူတို့ကြောင့် လူငယ် ၁၀၀၀ ကျော်လောက် အလုပ်အကိုင်တွေ အဆင်ပြေသွားကြတယ်။ အခုလည်း လူငယ်အဖွဲ့က ကမ္ဘောဒီးယားနိုင်ငံမှာ တခြား တရုတ်နိုင်ငံ၊ အာဆီယံနိုင်ငံတွေနဲ့အတူ စီးပွားရေးဆိုင်ရာအယူအဆတွေ၊ မြန်မာနိုင်ငံရဲ့လက်ရှိ စီးပွားရေးအခြေအနေနဲ့ အလားအလာတွေကို ဆွေးနွေးတင်ပြသွားကြမှာပါ” ဟု အဆိုပါအသင်း၏ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာသီသီခိုင်က ပြောသည်။

ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိ(ပ်)မြို့တွင် ကျင်းပမည့် အာဆီယံတရုတ်လူငယ်စွန့်ဦးတီထွင်မှုဆိုင်ရာ ဆွေးနွေးပွဲ (Asean - China Young Entrepreneur Forum) သို့သွားရောက်ခြင်းဖြစ်သည်။ အဆိုပါဖိုရမ်ကို စက်တင်ဘာ ၃ ရက်မှ ၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အစည်းအဝေး၏ ရည်ရွယ်ချက်မှာ အာဆီယံ-တရုတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ပူးပေါင်းပါဝင်မှုနှင့် လူငယ်နှင့် အမျိုးသမီးစွန့်ဦးတီထွင်လုပ်ငန်းရှင်များအနေဖြင့် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းပါဝင်မှုတွင် ပိုမိုတက်ကြွစွာပါဝင်လာနိုင်ရန် ကျင်းပခြင်းဖြစ်သည်။

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA) သည် မြန်မာနိုင်ငံ၏ နိုင်ငံကိုယ်စားပြု လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်အသင်းဖြစ်ပြီး အသင်းဝင် စုစုပေါင်း ၁၆၀၀ ကျော်နှင့် စွန့်ဦးတီထွင်သူများ ဖွံ့ဖြိုးတိုးတက်နိုင်ရန်၊ စီးပွားရေးစနစ် ပိုမိုကောင်းမွန်ရန်နှင့် နိုင်ငံ၏စီးပွားရေးတိုးတက်မှုအတွက် အားထည့်ဆောင်ရွက်လျက်ရှိသည့် အသင်းကြီး တစ်သင်းဖြစ်သည်။

**သတင်း-သွန်းဝသန်၊ ဓာတ်ပုံ-ဇော်လတ်**

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်/စစ်ကိုင်း)သင်တန်းများအတွက် စာမေးပွဲဖြေဆို

**မြောက်ဦး စက်တင်ဘာ ၃**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့တွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်/စစ်ကိုင်း) AGTI/ဝိဇ္ဇာ/သိပ္ပံ ပထမနှစ်သင်တန်းများအတွက် ရေးဖြေစာမေးပွဲကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီက မင်းသားကျွန်း အထကကျောင်းနှင့် မင်းပြားမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတို့တွင် တစ်ပြိုင်တည်းကျင်းပခဲ့သည်။

အဆိုပါ ရေးဖြေစာမေးပွဲကို ခရိုင်ပညာရေးမှူးရုံးနှင့် ခရိုင်နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်း ကြီးကြပ်မှုဖြင့် စိစစ်ကျင်းပခဲ့သည်။ ဆက်လက်၍ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် ပထမနှစ်သင်တန်းအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ယခုနှစ် တက္ကသိုလ်ဝင်တန်းတွင် အောင်မြင်ခဲ့သော ကျောင်းသားကျောင်းသူများက ရေးဖြေစာမေးပွဲကို စုစုပေါင်း ၁၆ ဦးနှင့် မင်းပြားမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းတွင်းအောင် သန္ဓေကျောင်းသားကျောင်းသူရှစ်ဦးတို့ ဝင်ရောက်ဖြေဆိုကြသည်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်/စစ်ကိုင်း)၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပထမနှစ်သင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲအား ဆက်လက်ဖြေဆိုရာ အင်္ဂလိပ်စာဘာသာရပ်အား နံနက် ၉ နာရီမှ ၁၀ နာရီထိလည်းကောင်း၊ သင်္ချာဘာသာရပ်အား မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၁ နာရီထိလည်းကောင်း ရေးဖြေစာမေးပွဲကို ဖြေဆိုခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဘူဆန်မြို့၌ ကျင်းပသည့် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး တက်ရောက်ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့်အဖွဲ့သည် ဩဂုတ် ၃၁ ရက်တွင် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့၌ ကျင်းပသည့် (၈)ကြိမ်မြောက် အရှေ့အာရှနှင့် လက်တင်အမေရိက ဒေသ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (The Forum for East Asia and Latin America Cooperation-FEALAC)၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်သည်။




အဆိုပါဖိုရမ်အား ကိုရီးယားသမ္မတနိုင်ငံ သမ္မတ H.E. Mr. Moon Jae-in က အဖွင့်အမှာစကားပြောကြားသည်။ ဖိုရမ်သို့ လက်တင်အမေရိကနှင့် အရှေ့အာရှဒေသရှိ အဖွဲ့ဝင် ၃၆ နိုင်ငံမှ ဝန်ကြီးအဆင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်သည်။ FEALAC ဖိုရမ်အား ကိုရီးယားသမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H.E. Ms. Kang Kyung-Wha နှင့် ကိုရီးယားနိုင်ငံဆိုင်ရာ ဂွာတီမာလာ သံအမတ်ကြီး H.E. Mr. Herbert Estuardo Meneses တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်သည်။

ဖိုရမ်မှ ဘူဆန်ကြေညာချက်နှင့် လုပ်ငန်းစီမံချက်အသစ်အား ထုတ်ပြန်ခဲ့ပြီး FEALAC ပူးပေါင်းဆောင်ရွက်ရေး စီမံချက်များ တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် FEALAC ရန်ပုံငွေတစ်ရပ်ထူထောင်ရန် သဘောတူညီခဲ့ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးကျော်တင်က ဒေသကြီးနှစ်ခုအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုထိရောက်သွက်လက်လာစေရေးနှင့် ပညာရေး၊ ယဉ်ကျေးမှု၊ ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများ၊ နိုင်ငံဖြတ်ကျော်မှုခင်းများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ဆိုက်ဘာလုံခြုံရေးနှင့် လူမှုကွန်ရက်များတွင် ဆိုက်ဘာ အလွဲသုံးမှု ဆိုင်ရာကိစ္စရပ်များ၌ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရန် လိုအပ်မှုများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

အရှေ့အာရှနှင့် လက်တင်အမေရိက ဒေသ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် အရှေ့အာရှဒေသမှ ၁၆ နိုင်ငံ၊ လက်တင်အမေရိကဒေသမှ နိုင်ငံ ၂၀ ပါဝင်ပြီး ဒေသကြီးနှစ်ခုအကြား စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးအပါအဝင် ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်ရန် ၁၉၉၉ ခုနှစ်မှ စတင်တည်ထောင်ခဲ့သည်။ FEALAC နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို နှစ်နှစ်လျှင် တစ်ကြိမ် ဒေသနှစ်ခုတွင် အလှည့်ကျ ကျင်းပလျက်ရှိသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၁ ရက်တွင် ဘူဆန်မြို့၌ ကျင်းပသည့် (၇)ကြိမ်မြောက် မဲခေါင်-ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်သည်။ အဆိုပါအစည်းအဝေးသို့ ကိုရီးယားသမ္မတနိုင်ငံ၊ မဲခေါင်ဒေသတွင်း နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးအဆင့်ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ပြီး အစည်းအဝေးမှ ပူးတွဲသဘာပတိများ၏ ကြေညာချက်နှင့် မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်သစ် (၂၀၁၇-၂၀၂၀) ကို အတည်ပြုထုတ်ပြန်သည်။ အစည်းအဝေး၌ ဒုတိယဝန်ကြီးက မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ဖြင့် မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၏ တိုးတက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်သစ် (၂၀၁၇-၂၀၂၀) တွင် မြန်မာနိုင်ငံ၏ ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသမှ နံရံဆေးရေးပန်းချီကားများကို ဒစ်ဂျစ်တယ်နည်းပညာဖြင့် ထိန်းသိမ်းမှတ်တမ်းတင်ခြင်း စီမံချက်နှင့် ပညာရေး၊ ယဉ်ကျေးမှုနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွင် စွမ်းရည်မြှင့်တင်ရေး စီမံချက်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေအားလျှပ်စစ်အသုံးပြုမှုလေ့လာရေးစီမံချက်များ အပါအဝင် မဲခေါင်နိုင်ငံများအတွက် စီမံချက်ငါးခုကို အကောင်အထည်ဖော်ရန် အတည်ပြုချမှတ်သည်။

ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၁ ရက် နံနက်ပိုင်းတွင် ဘူဆန်မြို့၌ ကျင်းပသည့် အာဆီယံယဉ်ကျေးမှုပြတိုက် ဖွင့်ပွဲ အခမ်းအနားသို့ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ တက်ရောက်သည်။

FEALAC အစည်းအဝေးတက်ရောက်စဉ်အတွင်း ဒုတိယဝန်ကြီးသည် ဩဂုတ် ၃၀ ရက်တွင် ကိုလံဘီယာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms. Patti Londono နှင့် တွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဆွေးနွေးမှုလုပ်ငန်းစဉ် တည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေးကိစ္စ၊ ကိုလံဘီယာနိုင်ငံမှ မြန်မာနိုင်ငံအတွက် စပိန်ဘာသာစကား သင်တန်းတိုးချဲ့ဖွင့်လှစ်သင်ကြားရေးကိစ္စ၊ ငြိမ်းချမ်းမှုတည်ဆောက်ရေး၊ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးကဏ္ဍများတွင် ကိုလံဘီယာနိုင်ငံ၏ အတွေ့အကြုံများအား မြန်မာနိုင်ငံသို့ မျှဝေရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့ရသည့် ဒိုင်းနက်လူမျိုးငါးဦး၏ ကျန်ရစ်သူမိသားစုဝင်များနှင့် တွေ့ဆုံမေးမြန်းခြင်း

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသည့် ရခိုင်တိုင်းရင်းသား ဒိုင်းနက်လူမျိုးငါးဦး၏ ကျန်ရစ်သူမိသားစုဝင်များ ခေတ္တခိုလှုံနေသည့် မောင်တောမြို့နယ် ဝေလာတောင်ကျေးရွာသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ သွားရောက်ပြီး ကျန်ရစ်သူမိသားစုဝင်များအား သေဆုံးသူတစ်ဦးလျှင်ထောက်ပံ့ငွေကျပ် နှစ်သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် သုံးသိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၅ သိန်းကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။


ဦးသာလှ (ဒိုင်းနက်လူမျိုး၊ ရန်ကာစေတီကျေးရွာ)


မောင်ဘမောင်(ဒိုင်းနက်လူမျိုး၊ အောင်ဇံကျေးရွာ)

အဆိုပါ ခရီးစဉ်တွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသည့် ရခိုင်တိုင်းရင်းသား ဒိုင်းနက်လူမျိုးငါးဦး၏ ကျန်ရစ်သူမိသားစုဝင်များအား တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်များကို တွေ့ဆုံမေးမြန်းတင်ပြလိုက်ရပါသည်။

**ဦးသာလှ (ဒိုင်းနက်လူမျိုး၊ ရန်ကာစေတီကျေးရွာ)**

ကျွန်တော်တို့ရွာက အိမ်ခြေ ၁၁ လုံးရှိပါတယ်။ အားလုံးဒိုင်းနက်လူမျိုးတွေချည်းပဲနေကြပါတယ်။ အကြမ်းဖက်မှုဖြစ်ပွားတော့ ရွာကလူတွေ ကြောက်လန့်ပြီး ထွက်ပြေးကြပါတယ်။ အိမ်ထောင်စုငါးစုက နယ်မြေသစ်ဘက်ကိုထွက်ပြေးကြပါတယ်။ ကျွန်တော်တို့က ဝေလာတောင်ကျေးရွာဘက်ကို ပြေးလာကြပါတယ်။ ကျွန်တော်တို့မှာ လူပေါင်း ၂၂ ယောက်လောက်ပါတယ်။ လမ်းတစ်ဝက်လောက်မှာ အကြမ်းဖက်သမား ၁၀၀ လောက်ကဝိုင်းပြီး ဓားတွေနဲ့ခုတ်ကြတယ်။ ဒဏ်ရာရတဲ့သူတွေလည်းရတယ်။ ငါးယောက်လောက် သေသွားတယ်။ ကျွန်တော့်မိန်းမရယ်၊ ချွေးမရယ်၊ သားရယ်၊ မြေးရယ် လေးယောက်သေသွားပါတယ်။ လုံခြုံရေးတွေအကူအညီနဲ့ ချွေးမနဲ့မြေးရဲ့ အလောင်းကပြန်ရတယ်။ သားနဲ့မိန်းမအလောင်းက ပျောက်နေတယ်။ ရှာလို့မတွေ့သေးဘူး။ သေဆုံးသွားတဲ့ ကျွန်တော့်မိသားစုအတွက် အစိုးရက တစ်ဦးကို ငွေကျပ်ငါးသိန်းနှုန်းနဲ့ ထောက်ပံ့ထားပါတယ်။

**မောင်ဘမောင်(ဒိုင်းနက်လူမျိုး၊ အောင်ဇံကျေးရွာ)**

အကြမ်းဖက်သမားတွေ သတ်လို့သေသွားတာက ကျွန်တော့်ညီဝမ်းကွဲမောင်သိန်းလှပါ။ ကျွန်တော့်ညီက ခမောက်ဆိပ်သွားရင်း ဩဂုတ် ၂၅ ရက်က အနိုဗလီကျေးရွာနားက လမ်းဘေးမှာ အသတ်ခံခဲ့ရပါတယ်။ အလောင်းကို သွားရှာချင်ပေမယ့် လုံခြုံရေးစိတ်မချရလို့ သွားမရှာရဲသေးပါဘူး။ အခု အောင်ဇံကျေးရွာနဲ့ သက်ရွာက ဒီဝေလာတောင်ကျေးရွာက ဘုန်းကြီးကျောင်းမှာ အားလုံးစုပြီး လာနေကြပါတယ်။ စားရေးသောက်ရေးကတော့ အစိုးရကရိက္ခာတွေ ပို့ပေးထားလို့ အဆင်ပြေပါတယ်။ လုံခြုံရေးအတွက်လည်း ရဲတပ်ဖွဲ့ဝင်တွေ ချထားပေးပါတယ်။

ARSA အစွန်းရောက်အကြမ်းဖက်သမားများ မြန်မာ့မြေပေါ်မှ ပျောက်ကွယ်သွားရေးအတွက် နိုင်ငံသားအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်သည့်အချိန်အခါသမယဖြစ်ပါကြောင်း ဒိုင်းနက်လူမျိုးများ၏ ရင်နင့်စရာ၊ ကြေကွဲစရာ ခံစားချက်များကို အသိပေးရေးသားတင်ပြလိုက်ရပါသည်။ **(သတင်းအဖွဲ့)**

## စားပွဲတင် တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်

**ဂန့်ဂေါ စက်တင်ဘာ ၃**

ဂန့်ဂေါခရိုင် အုပ်ချုပ်ရေးမှူးဖလား စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆုပေးပွဲကို စက်တင်ဘာ ၂ ရက် ညနေ ၄ နာရီက ဂန့်ဂေါမြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

ဆုပေးပွဲတွင် အသင်းလိုက်ပြိုင်ပွဲ၌ တံခွန်စိုက်ဆုရရှိသည့် ဂန့်ဂေါမြို့နယ် (က)အသင်း၊ ဒုတိယဆုရရှိသည့် ဆောမြို့နယ်အသင်း၊ တတိယဆုရရှိသည့် ဂန့်ဂေါ (ခ)အသင်း၊ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဂန့်ဂေါမြို့နယ်မှ မောင်သားကြီး၊ ဒုတိယဆုရရှိသည့် ဂန့်ဂေါမြို့နယ်မှ မောင်သန်းဆွေ၊ တတိယဆုရရှိသည့် ဆောမြို့နယ်မှ မောင်သန့်ဇင်စိုး၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဆောမြို့နယ်မှ မငယ်ငယ်၊ ဒုတိယဆုရရှိသည့် ဂန့်ဂေါမြို့နယ်မှ မခင်သူဇာ၊ တတိယဆုရရှိသည့် ဂန့်ဂေါမြို့နယ်မှ မချောသဥ္ဇာမောင် တို့အား တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ကြသည်။

**(ခရိုင် ပြန်/ဆက်)**

## စနစ်တကျလယ်ယာမြေဖော်ထုတ်ရေး မြေတိုင်းတာခြင်း သင်တန်းဆင်းပွဲ ကျင်းပ

**သန်လျင် စက်တင်ဘာ ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန စနစ်တကျလယ်ယာမြေ ဖော်ထုတ်ရေးအဖွဲ့ (အောက်မြန်မာပြည်)၏ အခြေခံမြေတိုင်းတာခြင်း သင်တန်းဆင်းပွဲကို စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီက သန်လျင်မြို့ရှိ အမှတ်(၁၈) ထွန်စက်စခန်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန တိုင်းဦးစီးမှူး ဦးသောင်းထိုက်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိသူများကို ဆုများချီးမြှင့်ပြီးနောက် သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။ ထို့နောက်စက်မှုလယ်ယာဦးစီးဌာန၏ စီစဉ်မှုအရ တောင်သူဇွဲမာန်ပုဂ္ဂလိက လယ်ယာဝန်ဆောင်မှုအသင်းနှင့် လယ်ယာအားမာန်အသင်းတို့မှ အရစ်ကျရောင်းချပေးလျက်ရှိသော စပါးရိတ်သိမ်းခြွေလှေ့စက်နှင့် ထွန်စက်များကို ဝယ်ယူသော တောင်သူတို့အား တိုင်းဒေသကြီး ဦးစီးမှူးမှတစ်ဆင့် လွှဲပြောင်းပေးအပ်ခဲ့သည်။ **(ယာပုံ)** **ဘော်ဂါသွေး**



# ဂရု ဓမ္မ သီလ

**ကျော်စိန် (မန္တလေး)**

**“ဂရု ဓမ္မ”**ဟူသည် သူတော်ကောင်းတို့ အလေးဂရုပြု၍ လိုက်နာကျင့်သုံးအပ်သော **“ငါးပါးသီလ”**ကို ခေါ်ဆိုခြင်းဖြစ်၏။ ထိုဂရုဓမ္မကိုပင် လူသားမှန်လျှင် လိုက်နာကျင့်သုံးရမည့် ဓမ္မတာတရားဖြစ်သောကြောင့် **“ဓမ္မတာသီလ”**ဟူ၍လည်းကောင်း၊ စကြဝတေးမင်းတို့ ဓမ္မသတ်အဖြစ် ကျင့်သုံးသောတရားဖြစ်သောကြောင့် **“စက္ကဝတ္တိဓမ္မသတ်”**ဟူ၍ လည်းကောင်း၊ လူပုဂ္ဂိုလ်တို့၏ ကိုယ်ကျင့်တရား ဖြစ်သောကြောင့် **“ဂဟဋ္ဌသီလ”**ဟူ၍လည်းကောင်း၊ အရိယာပုဂ္ဂိုလ်တို့ နှစ်သက်မြတ်နိုးအပ်သောကြောင့် **“အရိယာကန္တသီလ”** ဟူ၍ လည်းကောင်း၊ ကျင့်သုံးအပ် ကျင့်သုံးသင့် ကျင့်သုံးထိုက်သောကြောင့် **“သိက္ခာပဒ သီလ”** ဟူ၍ လည်းကောင်း ခေါ်ဆိုကြပါသည်။

ထေရဝါဒဗုဒ္ဓဘာသာ ဓမ္မလမ်းကြောင်းအတိုင်း ဖြောင့်တန်းစွာ ကျင့်ကြံအားထုတ်ကြမည်ဆိုပါလျှင် **“သီလ”**မှ စတင်ရမည်ဖြစ်၏။ စင်ကြယ်သောကျင့်စဉ်ဟု ဆိုအပ်သော **“ဝိသုဒ္ဓိကျင့်စဉ် (၇)ပါး”**တွင် **“သီလ ဝိသုဒ္ဓိ”**ကျင့်စဉ်မှ စတင်ရပေမည်။ ထို့ကြောင့်ပင် **“ငါးပါးပဥ္စသီကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲရမည်”** ဆိုခြင်းဖြစ်ပေသည်။ ငါးပါးသီလသည်ကား-

၁။ သူတစ်ပါးအသက်ကို သတ်ဖြတ်ညှဉ်းဆဲခြင်းမှ ရှောင်ကြဉ်ခြင်း(ပါဏာတိပါတာ ဝေရမဏီ)
၂။ ပိုင်ရှင်မပေးသော သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း(အဒိန္နာဒါနာ ဝေရမဏီ)
၃။ မသွားလာမပြစ်မှားကောင်းသော သူတစ်ပါးသား၊ မယား၊ လင်ယောကျ်ားတို့အား ဖောက်ပြန်ပြစ်မှားသော ကာမဂုဏ်မှုတို့မှ ရှောင်ကြဉ်ခြင်း (ကာမေသု မိစ္ဆာစာရာ ဝေရမဏီ)
၄။ မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ် ခြင်း (မုသာဝါဒါ ဝေရမဏီ)
၅။ ကုသိုလ်တရားတို့၌ မေ့လျော့စေတတ်သော၊ ပြစ်မှားစေတတ်သော သေရည်အရက်နှင့်တကွ မူးယစ်ဆေးဝါးမျိုးစုံတို့ကို သောက်စားသုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်း (သုရာမေရယ မဇ္ဇပမာဒဋ္ဌာန ဝေရမဏီ) တို့ ဖြစ်ပါသည်။

ပါဏာတိပါတာ သိက္ခာပုဒ်သီလကို ကျူးလွန်မိပါလျှင် ရောက်လေရာဘဝတိုင်း၌ ခြေ၊ လက်အင်္ဂါချို့ယွင်းခြင်း၊ ရုပ်ဆင်းအင်္ဂါ ချောက်သွေ့ပြီး ဆင်းရဲမွဲတေနေခြင်းတို့ ဖြစ်တတ်၏။ ထို့အပြင် ခန္ဓာကိုယ်အတွင်း အင်အားများ ဆုတ်ယုတ်လျက် တွေဝေထိုင်းမှိုင်းနေခြင်း၊ လျှပ်တစ်ပြက်၊ မျက်စိတစ်မှိတ်အတွင်း ထိတ်လန့်မှု မကြာခဏဖြစ်ခြင်းတို့ ဖြစ်တတ်၏။ သူတစ်ပါးတို့မှ အသက်အန္တရာယ်ကို ခြိမ်းခြောက်ခံရခြင်း၊ အသတ်ခံရခြင်း၊ အသက်တို၍အနာရောဂါများခြင်း၊ ပြုစုစောင့်ရှောက်မည့်သူများမရှိခြင်းတို့ ဖြစ်တတ်၏။ ထိုသီလကို အမြဲစောင့်ထိန်းပါလျှင် ထိုအပြစ်တို့မှ ဆန့်ကျင်ဘက် အကျိုးများကို ခံစားရမည်ဖြစ်ပေသည်။

အဒိန္နာဒါနာ သိက္ခာကို ကျူးလွန်မိပါလျှင် ဖြစ်လေရာဘဝတိုင်း၌ စည်းစိမ်ဥစ္စာခနမရှိခြင်း၊ ဆင်းဆင်းရဲရဲဖြင့် ဘဝတွင်နေရခြင်းတို့ ကြုံရမည်ဖြစ်၏။ ထို့အပြင် အစားအစာ ငတ်မွတ်ခေါင်းပါးခြင်း၊ အလိုရှိတိုင်း ရရှိခြင်းမရှိဘဲ ရရှိသည့်ပစ္စည်းများလည်း ရန်သူမျိုးငါးပါးကြောင့် ပျက်စီးခြင်းတို့ဖြစ်ရ၏။ ထိုသီလကို အမြဲစောင့်ထိန်းပါလျှင် ထိုအပြစ်တို့မှ ဆန့်ကျင်ဘက်ဖြစ်သော အကျိုးများကို ခံစားရမည်ဖြစ်သည်။

ကာမေသုမိစ္ဆာတရားကံကျိုးပေါက်ပါလျှင် ဖြစ်လေရာဘဝတို့၌ မုန်းသူများပြားခြင်း၊ ရန်သူများပြားခြင်း၊ စီးပွားလာဘ်လာဘ ရှားပါး၍ ချမ်းသာမှု မရှိခြင်းတို့ဖြစ်ပေမည်။ ထို့အပြင် ရောက်လေရာဘဝတိုင်း၌ အမျိုးယုတ်တို့နှင့်သာ ဆွေမျိုးတော်စပ်ရခြင်း၊ မိန်းမလျာဖြစ်ခြင်း၊ မိမိကို ချစ်ခင်ကြသူများ စွန့်ခွာသွားကြခြင်းတို့ဖြစ်၏။ ထိုသီလကို မကျူးလွန်ပါလျှင် ထိုအပြစ်တို့မှ ဆန့်ကျင်ဘက်ဖြစ်သော အကျိုးများကို ခံစားရမည်ဖြစ်၏။

> **“ ဂရု ဓမ္မ သီလ” ခေါ် “ ငါးပါးသီလ” သည် ဗုဒ္ဓဘာသာတို့၏ အခြေခံတရား၊ လူသားအားလုံး၏ အခြေခံကျင့်ဝတ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ရမည့် တရားဖြစ်ပါသည်။ ငါးပါးသီလကို တစ်ဦးလိုက်နာလျှင် တစ်ဦးအကျိုးရှိပြီး တစ်မိသားစုလုံး လိုက်နာလျှင် တစ်မိသားစုလုံး အကျိုးရှိ၏။ ထို့အတူ တစ်ရပ်ကွက်လုံး လိုက်နာလျှင် တစ်ရပ်ကွက်လုံး၊ တစ်မြို့နယ်လုံး၊ တစ်နိုင်ငံလုံးလိုက်နာလျှင် တစ်နိုင်ငံလုံး အကျိုးရှိပြီး တစ်ကမ္ဘာလုံးလိုက်နာလျှင် တစ်ကမ္ဘာလုံး အကျိုးရှိမည်ဖြစ်ပါသည်**

မုသာဝါဒါကံကို ကျူးလွန်မိပါလျှင် ဖြစ်လေရာဘဝတို့၌ စကားမပီခြင်း၊ သွားမညီမညာဖြစ်ခြင်း၊ ပါးစပ်မှမကောင်းသော အနံ့များ အမြဲထွက်နေခြင်းတို့ ဖြစ်တတ်၏။ ထို့အပြင် ခန္ဓာကိုယ်ခြောက်ကပ်ခြင်း၊ ကိုယ်ပြောသောစကားကို နားထောင်သူမရှိခြင်းတို့ဖြစ်တတ်၏။ ထိုသီလကို စောင့်ထိန်းလျှင် ထိုအပြစ်တို့မှ ဆန့်ကျင်ဘက် အကျိုးများကို ခံစားရမည်ဖြစ်၏။

သုရာမေရယကံကို ကျူးလွန်မိလျှင် မိဘ၊ ညီအစ်ကို မောင်နှမ၊ ဆွေမျိုးမိတ်ဆွေအပေါင်းအသင်းများအပေါ်၌ ပြောသင့် မပြောသင့်၊ လုပ်သင့် မလုပ်သင့် မသိဘဲ စိတ်ထိုင်းမှိုင်းတွေဝေနေခြင်းတို့ ဖြစ်တတ်၏။ ထို့အပြင် လုံ့လဝီရိယမရှိ၊ သူ့ကျေးဇူး၊ ကိုယ့်ကျေးဇူးမသိခြင်း၊ စိတ်ဖောက်ပြန်ခြင်း၊ ရူးသွပ်ခြင်း စသည်တို့ဖြစ်၏။ ထိုသီလကို စောင့်ထိန်းလျှင် ထိုအပြစ်တို့မှ ဆန့်ကျင်ဘက် အကျိုးများကို ခံစားရမည်ဖြစ်၏။

သီလတရားသည် လူသားများအတွက် အရေးကြီးလှပါသည်။ လူသားအားလုံး သီလတရားလုံခြုံမှသာ လူသားများ မှီတင်းနေထိုင်ရာ ကမ္ဘာလောကကြီး သာယာဝပြောမည်ဖြစ်၏။ လူသားတို့ သီလအဆင့်အတန်းမြင့်မားလျှင် လူသားနှင့် လူသားတို့နေထိုင်ရာ ကမ္ဘာလောကကြီးတိုးတက်ကြီးပွား၍ လူသားတို့ သီလအဆင့်အတန်းနိမ့်ကျလျှင် လူသားနှင့် လူသားတို့နေထိုင်ရာ ကမ္ဘာလောကကြီး ဆုတ်ယုတ်ပျက်ပြားတတ်ပါသည်။ ဤအကြောင်းကို သုတ်ပါထိကဝဂ္ဂပါဠိတော် စက္ကဝတ္တိသုတ်ဒေသနာတော်တွင် မြတ်စွာဘုရားရှင် ဟောကြားထားတော်မူပါသည်။

စကြမင်းတို့ကိုယ်တိုင် ငါးပါးသီလတည်ပြီး ကုသလကမ္မပထတရားတို့ကို အလေးထားလျက် တိုင်းသူပြည်သားများအပေါ် စောင့်ရှောက်ခဲ့ကြ၏။ ပစ္စည်းဥစ္စာမရှိသူများကို ပစ္စည်းများပေးခြင်း၊ မှူးကြီးမတ်ရာ သေနာပတိတို့အား ရိက္ခာ၊ လစာများလုံလောက်စွာ ထောက်ပံ့ခြင်း၊ အလှူခံပုဂ္ဂိုလ်တို့အား ပစ္စည်းလေးပါးလှူဒါန်းခြင်း၊ ပညာရှိတို့ထံ အဆုံးအမကို နာယူ၍ လိုက်နာကျင့်သုံးခြင်းတို့ဖြင့် တိုင်းပြည်နှင့် သာသနာတော်ကို စောင့်ရှောက်ခဲ့ကြပါသည်။ တိုင်းသူပြည်သားများကလည်း ဂရုဓမ္မခေါ်သည့် ငါးပါးသီလကို လေးစားလိုက်နာကြ၏။ ထို့ကြောင့် ထိုအချိန် လူသားအားလုံး ငါးပါးသီလမြဲကြသည်ဟု ဆိုရမည်ဖြစ်ပါသည်။

ထိုကဲ့သို့ ငါးပါးသီလမြဲကြသည့်အတွက် ထိုခေတ်အခါက လူသားများသည် အသက်ရှည်ကြ၏။ လူသားတို့ ကိုယ်ကျင့်သီလ ကောင်းကြသည့်အတွက် သက်မဲ့အရာဝတ္ထုဖြစ်သော လူသားတို့ မှီတင်းနေထိုင်ရာ ကမ္ဘာလောကကြီးသည်လည်း မြေဆီမြေလွှာများ ကောင်းမွန်ပြီး သီးသမှု အသီးအနှံများလည်း အဆီသြဇာနှင့် ပြည့်စုံကြ၏။ အဆီသြဇာနှင့် ပြည့်စုံသော အသီးအနှံများကို စားသုံးကြရသောကြောင့် သတ္တဝါတို့ အသက်ရှည်ကြ၏။ ကိုယ်ရေအဆင်းလည်း လှပ၍ ကျန်းမာရေးလည်း အထူးကောင်းမွန်ကြပါသည်။

ထိုခေတ်အခါ၌ သက်ရှည်ပြည့်စုံ ကျန်းမာကြရုံတွင်မက တိုင်းပြည်၊ မြို့၊ ရွာများသည်လည်း ဖွံ့ဖြိုးတိုးတက်စည်ကား၏။ ဤအကြောင်းအချက်များသည် လူသားများ သီလအဆင့်အတန်း မြင့်မားလာသောကြောင့် သက်မဲ့လောကကြီးပါ တိုးတက်နေပုံ ဖြစ်ပါသည်။

တိုင်းပြည်ထောင်တစ်ခုတွင် မင်းနှင့်တကွ ပြည်သူပြည်သားများပါ ကိုယ်ကျင့်သီလပျက်စီးလာပါလျှင် လူတို့၏ ကိုယ်ရေအဆင်း လှပခြင်းများလည်း လျော့ပါးလာကာ လူတို့၏ သက်တမ်းလည်း ယုတ်လျော့ကျ ဆုတ်ယုတ်သွားပါတော့သည်။

ထို့နောက် ငါးပါးသီလစောင့်ထိန်းမှုပျက်စီးကာ ခိုးမှု၊ လိမ်ညာမှု၊ ကုန်းတိုက်မှု၊ ကာမဖောက်ပြန်မှု၊ မူးယစ်ဆေးဝါး သုံးစွဲမှု စသည့် မကောင်းမှုဒုစရိုက်တရားများ ဆင့်ကာဆင့်ကာ ပေါ်ပေါက်များပြားလာသောကြောင့် လူတို့၏ သက်တမ်းသည်လည်း တဖြည်းဖြည်း ဆုတ်ယုတ်လာကာ အသက်ဆယ်နှစ်တမ်းအထိ ဆုတ်ယုတ်လာမည်ဟု ဟောကြားထားတော်မူပါသည်။

ထိုအခါတွင် မြေဆီမြေလွှာများလည်း ခန်းခြောက်ပြီး အသီးအနှံများလည်း အဆီသြဇာ မရှိဖြစ်လာကြ၏။ ကပ်ကြီးသုံးပါးလည်း ဆိုက်ရောက်လာ၏။ ဤသည်တို့မှာ လူသားတို့ သီလအဆင့်အတန်း နိမ့်ကျလာသောကြောင့် လူသားများနှင့် သက်မဲ့ကမ္ဘာကြီးပါ ဆုတ်ယုတ်ပျက်ပြားလာသည့် အခြေအနေဖြစ်ပါသည်။ အသက်ဆယ်နှစ်တမ်းတွင် ကပ်အမျိုးမျိုး ဆိုက်ရောက်မှုနှင့် ကြုံတွေ့ရသည့်အတွက် လူသားများ နောင်တတရားရရှိကြကာ ကိုယ်ကျင့်သီလ သိက္ခာပုဒ်များကို စောင့်ထိန်းလာမှုကြောင့် အသက်ဆယ်နှစ် သက်တမ်းပြန်ရှည်ပြီး မြေဆီမြေလွှာများ ကောင်းမွန်ကာ အဆီသြဇာပြည့်ဝလာပြန်ပါသည်။ လူသားများမှာလည်း သြဇာရှိသော အစာအာဟာရကိုစားရသောကြောင့် ရုပ်ရည်အဆင်း ကျန်းမာခြင်းများလည်း ပြန်လည် ပြည့်ဝလာကြသည်ဟု စက္ကဝတ္တိသုတ္တန်ဒေသနာတွင် သီလသည် လူသားအားလုံးနှင့် လူသားတို့ မှီတင်းနေထိုင်ရာ ကမ္ဘာလောကကြီး၏ တိုးတက်မှု၊ ဆုတ်ယုတ်မှုကို ထိန်းချုပ်ထားကြောင်း မြတ်ဗုဒ္ဓ ဟောကြားထားတော်မူပါသည်။

**“ ဂရု ဓမ္မ သီလ”** ခေါ် **“ ငါးပါးသီလ”** သည် ဗုဒ္ဓဘာသာတို့၏ အခြေခံတရား၊ လူသားအားလုံး၏ အခြေခံကျင့်ဝတ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ရမည့် တရားဖြစ်ပါသည်။ ငါးပါးသီလကို တစ်ဦးလိုက်နာလျှင် တစ်ဦးအကျိုးရှိပြီး တစ်မိသားစုလုံး လိုက်နာလျှင် တစ်မိသားစုလုံး အကျိုးရှိ၏။ ထို့အတူ တစ်ရပ်ကွက်လုံး လိုက်နာလျှင် တစ်ရပ်ကွက်လုံး၊ တစ်မြို့နယ်လုံး၊ တစ်နိုင်ငံလုံး လိုက်နာလျှင် တစ်နိုင်ငံလုံး အကျိုးရှိပြီး တစ်ကမ္ဘာလုံးလိုက်နာလျှင် တစ်ကမ္ဘာလုံး အကျိုးရှိမည်ဖြစ်ပါသည်။ အကျိုးတရားသည် ယခုလက်ရှိ ပစ္စုပ္ပန်ဘဝမှာပင် အကျိုးပေးမည်ဖြစ်၏။

သို့ဖြစ်၍ လူ့အခြေခံကိုယ်ကျင့်တရားဖြစ်သည့် **“ ငါးပါးသီလ”** ကို လူတိုင်းကိုယ်စီ စောင့်ထိန်းကြပြီး သက်ဆိုင်ရာ သီလအကျိုးကျေးဇူးများ ကိုယ်စီရရှိခံစားနိုင်ကြပါစေဟူ၍ မေတ္တာပတ္တနာပြုကာ နိဂုံးကမွတ် အဆုံးသတ်လိုက်ပါသတည်း။ ။

# အလုပ်အကိုင် ၁၈ မျိုးအတွက် ကျွမ်းကျင်လုပ်သားများအား အသိအမှတ်ပြုလက်မှတ်များထုတ်ပေးမည်

**ရန်ကုန် စက်တင်ဘာ ၃**

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု “စံ”သတ်မှတ်ရေးအဖွဲ့(National Skills Standards Authority-NSSA)အမျိုးသားအဆင့်ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ် ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁ ရက်က မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း၌ ကျင်းပခဲ့သည်။




အဆိုပါ အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၊ Assessment Centre မှ တာဝန်ရှိသူများ၊ Chief Assessor များ၊ Assessor များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ပညာရှင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် Focal Ministry အဖြစ် မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ကို ဖွဲ့စည်း၍ အာဆီယံနိုင်ငံများ၏ ကျွမ်းကျင်မှု “စံ”များနှင့်အညီ လုပ်သားများကို ကျွမ်းကျင်မှုရရှိစေရေး ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့က ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ် မတ်လအထိ အလုပ်အကိုင် ၁၈ မျိုးအတွက် အမျိုးသားအဆင့် ကျွမ်းကျင်လုပ်သား Level- 1 ၁၀၂၂ ဦး၊ အလုပ်အကိုင် ၉ မျိုးအတွက် ကျွမ်းကျင်လုပ်သား Level- 2 ၁၀၆ ဦး စုစုပေါင်း ၁၁၂၈ ဦးကို ကျွမ်းကျင်မှုလက်မှတ်များ ပေးအပ်နိုင်ခဲ့ကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ဘဏ္ဍာငွေဖြင့် လုပ်သား ၅၀၀၀ ကို အမျိုးသားအဆင့် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်မည့် ဆောင်ရွက်ချက်အနေဖြင့် ပထမ လေးလပတ်ကာလတွင် အလုပ်အကိုင် ၆ မျိုးအတွက် ၃၉၇ ဦး ဖြေဆိုခဲ့ရာ အောင်မြင်သူ ၃၀၉ ဦး ကို အမျိုးသားအဆင့် ကျွမ်းကျင်မှုအဆင့် (၁) အသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ စီမံချက်အရ ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း နိုင်ငံတော်၏ စီးပွားရေးအချက်အချာကျသည့် လုပ်သားဈေးကွက်လိုအပ်ချက် မြင့်မားနေသော ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် အလုပ်အကိုင် ၁၈ မျိုးအတွက် အမျိုးသားကျွမ်းကျင်မှု အဆင့် (၁) အသိအမှတ်ပြုလက်မှတ်များ စိစစ်အကဲဖြတ်ပေးပြီး အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

ကျွမ်းကျင်လုပ်သားများအဖြစ် လေအေးပေးစက်တပ်ဆင်ခြင်း၊ လျှပ်စစ်တပ်ဆင်မှုကျွမ်းကျင်၊ ပရိဘောဂလက်သမား၊ အဆောက်အအုံလက်သမား၊ ဂဟေဆက်လုပ်သား၊ အုတ်စီလုပ်သား၊ အထည်ချုပ်ကျွမ်းကျင်သူ၊ ဟိုတယ်ဝန်ထမ်း၊ မော်တော်ယာဉ်စက်ပြင်၊ သံရည်ကျို ပုံသွင်းလုပ်သားစသည်ဖြင့် အမျိုးအစား ၁၈ မျိုးရှိကြောင်း သိရသည်။

အမျိုးသားအဆင့် အရည်အသွေးမူဘောင်နှင့်အညီ သတ်မှတ်ထားသော NSSA ၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု မူဘောင်အဖြစ် အဆင့် ၁ လက်မှတ် - တစ်စိတ်တစ်ဒေသ ကျွမ်းကျင်အဆင့်၊ အဆင့် ၂ လက်မှတ်- ကျွမ်းကျင်အဆင့်၊ အဆင့် ၃ လက်မှတ်-အဆင့်မြင့်ကျွမ်းကျင်အဆင့်၊ အဆင့် ၄လက်မှတ်-ကြီးကြပ်သူအဆင့် ဟူ၍ သတ်မှတ်ထားကြောင်း သိရသည်။

**သတင်း- မြင့်မောင်စိုး**
**ဓာတ်ပုံ- တင်စိုး (မြန်မာ့အလင်း)**

## ဂျပန်လယ်ယာသုံးစက်ပစ္စည်းနှင့် လက်တွေ့သရုပ်ပြမောင်းနှင်

**ပေါင်းတည် စက်တင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ်၌ တောင်သူများ၏ နွေစပါးစိုက်ပျိုးရေး၊ ပဲမျိုးစုံစိုက်ပျိုးရေးနှင့် စပါးရိတ်သိမ်းခြွေလှေ့ခြင်းတို့အတွက် လိုအပ်သော ဂျပန်လယ်ယာသုံးစက်ပစ္စည်းများ ဆိုင်ခွဲဖွင့်ပွဲအရောင်းပြခန်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မောင်းနှင်ခြင်းကို သြဂုတ် ၃၁ ရက်က ပေါင်းတည်မြို့ ရန်ကုန်-ပြည်လမ်းမကြီး ရွှေလွန်းပျံ သမဝါယမအသင်းရုံး၌ ပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်တာဝန်ခံ ဦးထင်ပေါ်က အမှာစကားပြောကြားပြီး တာဝန်ခံ ဦးသူရိန်ထွန်းက စက်ပစ္စည်းများရောင်းချပုံနှင့် နည်းစနစ်များအား ရှင်းလင်းကာ လယ်ဦးစုရွာမှ ဒေသခံတောင်သူ ဦးဝင်းမိုးက လက်တွေ့အသုံးပြုပုံနှင့် အကျိုးဖြစ်ထွန်းမှုများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**တင်ဝင်းဇော် (မင်းသားကြီး)**

# တိမ်းရှောင်လာသော တိုင်းရင်းသားများ ၊ ဒဏ်ရာရတပ်ဖွဲ့ဝင်များအား ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ တွေ့ဆုံအားပေး



**မောင်တော စက်တင်ဘာ ၃**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေသည် ခေတ္တရဲချုပ်၊ နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးတို့နှင့်အတူ အမှတ်(၁)နယ်ခြားစောင့် ရဲကွပ်ကဲမှု အဖွဲ့မှူးရုံး (ကျီးကန်းပြင်)တွင် ပတ်ဝန်းကျင်ကျေးရွာများမှ တိမ်းရှောင်လာသူတိုင်းရင်းသားများနှင့် ကျီးကန်းပြင် နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲတွင် တာဝန် ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်နှင့်မိသားစုများအား ရင်းနှီးစွာတွေ့ဆုံအားပေး စကားပြောကြားပြီး ကျဆုံးတပ်ဖွဲ့ဝင်များ၊ ဒဏ်ရာရတပ်ဖွဲ့ဝင်များနှင့်မိသားစုများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် စစ်တွေမြို့ ပြည်သူ့ဆေးရုံသို့သွားရောက်ပြီး ဒဏ်ရာရတပ်ဖွဲ့ဝင်များ နှင့် ကျန်းမာရေးဝန်ထမ်းတစ်ဦးတို့အား အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။ ယင်းနောက် စစ်တွေမြို့ အလိုတော်ပြည့်ကျောင်းတိုက်၌ အလိုတော်ပြည့်ဆရာတော် ဘဒ္ဒန္တဒေါက်တာ အရိယာဝံသအား သွားရောက်ဖူးမြော်ပြီး အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြေတိုင်းလုပ်ငန်းများ အစဉ်ခေတ်မီတိုးတက်နေစေရန်နှင့် ကျွမ်းကျင်မြေတိုင်း မျိုးဆက်သစ်များပေါ်ထွန်းလာစေရေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၃**



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် စက်တင်ဘာ ၁ ရက် ညပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံ မြေတိုင်း ကျောင်းသို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများအတွက် စကေးအမျိုးမျိုးဖြင့် မြေပုံများရေးဆွဲထုတ်လုပ်ခြင်း၊ ကွင်းဆင်းမြေ တိုင်းတာခြင်းလုပ်ငန်းများအတွက် မရှိမဖြစ် လိုအပ်သည့် မြေတိုင်းပညာရှင်များမွေးထုတ်ပေးလျက်ရှိသည့် သင်တန်းများ၌ တိုးတက်လာသည့် ခေတ်စနစ်နှင့်အညီ ခေတ်မီနည်းပညာနှင့် နည်းစနစ်များ ထည့်သွင်း သင်ကြားရေး၊ မြေတိုင်းလုပ်ငန်းများ အစဉ်ခေတ်မီတိုးတက်နေစေရန်နှင့် ကျွမ်းကျင်မြေတိုင်း မျိုးဆက်သစ်များပေါ်ထွန်းလာစေရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးမှာကြားသည်။ မြန်မာနိုင်ငံ မြေတိုင်းကျောင်းကို ၁၉၄၇ ခုနှစ်မှ စတင်ဖွင့်လှစ်၍ မြေတိုင်းပညာဆိုင်ရာသင်တန်းများကို ပို့ချလျက်ရှိရာ ယနေ့အထိ သင်တန်းသား ၁၂၂၁၉ ဦးကို မွေးထုတ်နိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာနိုင်ငံသစ်တောကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ကြီးက အခြေခံသစ်တောပညာ သင်တန်းဖွင့်လှစ်ပို့ချမှုအခြေအနေ၊ တောတွင်းလက်တွေ့ကွင်းဆင်း ဆောင်ရွက်မှု၊ စည်းကမ်းထိန်းသိမ်းကြပ်မတ် ဆောင်ရွက်မှုနှင့် အရေးယူဆောင်ရွက်မှု၊ နောင်ဖွင့်လှစ်ဆောင်ရွက်မည့် သင်တန်းအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို တင်ပြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းဆရာများအား မိမိတို့သင်ကြားပို့ချလျက်ရှိသည့်ဘာသာရပ်အလိုက် ပို့ချမှုပုံစံများ၊ နည်းစနစ်များကို မေးမြန်း၍ လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့သည်။ မြန်မာနိုင်ငံ သစ်တောကျောင်းသည် ၁၉၉၈ ခုနှစ်မှစတင်၍ သာယာဝတီတွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၅၃ ခုနှစ် ၌မြန်မာနိုင်ငံသစ်တောကျောင်းကို ပြင်ဦးလွင်မြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ကာ ယနေ့အထိ တောအုပ် ၆၀၃၄ ဦးအား သစ်တောပညာရပ်များ သင်ကြားပို့ချနိုင်ခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၂ ရက်တွင် မြန်မာနိုင်ငံ သစ်တောကျောင်းမှ သင်တန်းသားများ လက်တွေ့လုပ်ငန်းကွင်းဆင်းဆောင်ရွက်သည့် လေ့ကျင့်ရေးသစ်တောအား ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် လေ့ကျင့်ရေးသစ်တောအတွင်း သဘာဝတောနှင့် ကော်ဖီပင် တွဲဖက်စိုက်ပျိုးဆောင်ရွက်လျက်ရှိသည့် စမ်းသပ်ကွက်နှင့် မေမြို့ ထင်းကြိုးဝိုင်းအကွက်အမှတ် (၁၃၊ ၁၄၊ ၂၃၊၂၄) အတွင်း ထင်းရှူးစိုက်ခင်းနှင့် ကော်ဖီပင် တွဲဖက်စိုက်ပျိုးထားသည့် စမ်းသပ်ကွက်များအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ယာယီကယ်ဆယ်ရေးစခန်းများတွင် ရောက်ရှိနေသည့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် စားနပ်ရိက္ခာများထောက်ပံ့သွားမည်



**စစ်တွေ စက်တင်ဘာ ၃**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၂ ရက် ညနေပိုင်းက စစ်တွေမြို့ပေါ်ရှိ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ပြီး အကြမ်းဖက်မှုကြောင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်လာသည့် မောင်တော၊ ဘူးသီးတောင်မြို့နယ်များမှ ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်တွေမြို့ စက်ရုံစုရပ်ကွက်ရှိ ပြည်ကြီးမဏ္ဍိုင်ကျောင်းတိုက်တွင် ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ အကြမ်းဖက်မှုကြောင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်လာသည့် ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားကာ ငွေကျပ်ငါးသိန်း ထောက်ပံ့ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လမ်းမတော်မြောက်ရပ်ကွက်ရှိ လမ်းမတော်ကျောင်းတိုက်တွင် ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းသို့ သွားရောက်ပြီး နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်လာသည့် ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ရခိုင်ပြည်နယ်အစိုးရမှ စစ်တွေမြို့ပေါ်၌ ဖွင့်လှစ်ထားသည့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ရောက်ရှိနေသည့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန်နှင့် စားနပ်ရိက္ခာပြတ်တောက်မှုမရှိစေရန်အတွက် လိုအပ်သော စားနပ်ရိက္ခာများကို ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# တပ်ကုန်းမြို့နယ် ဘက်စုံနည်းပညာသုံး စံပြကျေးရွာ၌ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းဆောင်ရွက်



**တပ်ကုန်း စက်တင်ဘာ ၃**

တပ်ကုန်းမြို့နယ် ဘက်စုံအဆင့်မြင့်နည်းပညာသုံး ရေအေးစံပြကျေးရွာ၌ သီးနှံစိုက်ခင်းများအား ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးအတွက် စက်တင်ဘာ ၂ ရက်က စိုက်ပျိုးရေးဦးစီးဌာန ဒုတိုင်းဦးစီးမှူး၊ ခရိုင်ဦးစီးမှူး၊ မြို့နယ် ဦးစီးမှူးနှင့်ဝန်ထမ်းများ ပိုးမွှားရောဂါကင်းထောက်ခြင်းနှင့် အဆိုပါ စံပြကျေးရွာတွင် ဥကပ်ပါးနဂျီ နှစ်ကြိမ် လွှတ်ပေးခဲ့ကြောင်း သိရသည်။

နေပြည်တော် ဥတ္တရခရိုင်အနေဖြင့် တစ်ခရိုင် စံပြကျေးရွာတစ်ရွာအား တပ်ကုန်းမြို့နယ် ရေအေးကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး မြေဆီလွှာစစ်ဆေးခြင်း၊ လယ်ယာမြေများအား အာဟာရတန်ဖိုးမြင့်မားစေရေး၊ မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးစိုက်ပျိုးခြင်း၊ စိုက်ပျိုးနည်းစနစ်အလိုက် သင့်လျော်သောနည်းလမ်းများရွေးချယ်ဆောင်ရွက်ခြင်း၊ ဘက်စုံအဆင့်မြင့် နည်းပညာသုံးကျေးရွာအတွက် နှစ်စဉ် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် မျိုးစေ့ထုတ်စိုက်ခင်းများ တည်ထောင်ခြင်း၊ ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်းနည်းစနစ်များ လိုက်နာကျင့်သုံးခြင်း၊ သဘာဝမြေဩဇာနှင့် သဘာဝပိုးသတ်ဆေးများဖြင့် အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မောင်ကျော်ကြီး**

# ရဲတပ်ဖွဲ့စခန်းမှူး လုပ်ငန်းခွင်မွမ်းမံသင်တန်းဆင်း

**နေပြည်တော် စက်တင်ဘာ ၃**

နေပြည်တော် ဥတ္တရခရိုင် ရဲတပ်ဖွဲ့မှူးရုံးတွင် ဩဂုတ်လအတွင်း ဖွင့်လှစ်ခဲ့သည့် စခန်းမှူးလုပ်ငန်းခွင်မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၇) သင်တန်းဆင်းပွဲအား ဩဂုတ်လတတိယပတ်က ကျင်းပရာ ဥတ္တရခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယ ရဲမှူးကြီး ခင်မောင်သန်းက သင်တန်းဆင်းမိန့်ခွန်း ပြောကြားခဲ့ပြီး သင်တန်းသို့ ဥတ္တရခရိုင်အတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ သင်တန်းသား ၁၂ ဦးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

# အစွန်းရောက်အကြမ်းဖက်သမားများကြောင့် နေရပ်စွန့်တိမ်းရှောင်လာသည့် မောင်တောဒေသခံများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ

**စစ်တွေ စက်တင်ဘာ ၃**

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သော ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်လာကြသည့် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များမှ ဒေသခံများနှင့် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ထမ်းဆောင်နေကြသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် အရေးပေါ်လိုအပ်လျက်ရှိသော စားနပ်ရိက္ခာနှင့် အခြားအသုံးအဆောင်ပစ္စည်းများ ထောက်ပံ့လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ အလိုတော်ပြည့်ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။ **(ယာပုံ)**



အဆိုပါလှူဒါန်းပွဲတွင် အလိုတော်ပြည့်ကျောင်းတိုက်ဆရာတော် ဒေါက်တာအရိယဝံသ အမှူးပြုသည့် တပည့်ဒါယကာ၊ ဒါယိကာမများဖြစ်ကြသည့် သံတွဲမြို့ပုရဟိတဖောင်ဒေးရှင်း၊ သပြုချိုင်ကမ်းဝေးရေယာဉ်အဖွဲ့၊ မင်းဇာနည်ကုမ္ပဏီမိသားစု၊ လေးကျွန်းသူဖောင်ဒေးရှင်း(ရန်ကုန်)၊ ညောင်ဦးမြို့ အလိုတော်ပြည့်ကျောင်းဆရာတော်နှင့် ဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင် အလှူရှင်များက ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက် စသော စားနပ်ရိက္ခာများနှင့် အသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြပြီး စစ်တွေမြို့နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်လှမြင့်စိုးက လက်ခံရယူကာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ချီးမြှင့်ပေးအပ်ခဲ့သည်။

ထိုသို့ ထောက်ပံ့ပစ္စည်းများပေးအပ်မှုနှင့်ပတ်သက်ပြီး အလိုတော်ပြည့် ကျောင်းတိုက်ဆရာတော်က “ဘုန်းကြီးတို့အနေနဲ့ မောင်တော၊ ဘူးသီးတောင်နဲ့ ရသေ့တောင်မြို့နယ်သုံးမြို့နယ်က နေရပ်စွန့်ခွာတိမ်းရှောင်လာသူတွေကို အဆင်ပြေအောင် လူမှုကယ်ဆယ်ရေးအတွက် သော်လည်းကောင်း၊ အမျိုးသားရေးစိတ်ဓာတ်နဲ့သော်လည်းကောင်း အခြေခံထားပြီး ကူညီစောင့်ရှောက်ပေးနေတာဖြစ်ပါတယ်။ ဒါ့အပြင် ရန်ကုန်မှာလည်း ဘုန်းကြီးတို့ စုပေါင်းအလှူခံမှုတွေ ပြုလုပ်ပြီး ဝေးလံခေါင်ဖျားတဲ့ မောင်တောနယ်စပ်ဒေသမှာ ပိတ်မိနေတဲ့ တိုင်းရင်းသားတွေဆီရောက်အောင် တပ်မတော်က ရဟတ်ယာဉ်တွေ စီစဉ်ပြီးပို့ဆောင်ပေးနေပါတယ်။ ဒီနေ့မှာ မောင်တော၊ ဘူးသီးတောင်နဲ့ ရသေ့တောင်မှာရှိနေတဲ့ ဒုက္ခသည်တွေကို လှူဒါန်းထောက်ပံ့တာဖြစ်ပါတယ်”ဟု မိန့်ကြားသည်။

ထောက်ပံ့လှူဒါန်းပွဲတွင် ပါဝင်လှူဒါန်းခဲ့သည့် အလှူရှင် ဦးသိန်းဌေးက “ရခိုင်ပြည်နယ် မြောက်ပိုင်းမှာ ဖြစ်ပေါ်နေတဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေကို တပ်မတော်ဘက်ကလည်း လုပ်သင့်တာတွေ လုပ်နေကြတယ်။ အစိုးရပိုင်းကလည်း လုပ်သင့်တာတွေ လုပ်ပေးနေသလို ကျွန်တော်တို့ ပြည်သူတွေအနေနဲ့လည်း အုတ်တစ်ချပ် သဲတစ်ပွင့်ဖြစ်ဖြစ် ပါဝင်ဆောင်ရွက်နေတာဖြစ်ပါတယ်။ အဲဒီစိတ်ဓာတ်နဲ့ပဲ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေကြောင့် ဒုက္ခရောက်နေကြတဲ့ တိုင်းရင်းသားပြည်သူတွေကို ဝိုင်းဝန်းကူညီထောက်ပံ့ လှူဒါန်းပေးနေတာဖြစ်ပါတယ်။ ဒါ့အပြင် မောင်တောဒေသမှာ နေ့ညမအားလုံခြုံရေးတာဝန်ထမ်းဆောင်နေကြတဲ့ တပ်ဖွဲ့ဝင်တွေအတွက်လည်း သူတို့ကို အားပေးထောက်ခံတဲ့အနေနဲ့ အသင့်စားသုံးနိုင်တဲ့ ရိက္ခာတွေကို လှူဒါန်းခဲ့ပါတယ်။ ဒီနေ့ အခမ်းအနားမှာ စေတနာရှင်၊ အလှူရှင်တွေအပါအဝင် စုပေါင်းလှူဒါန်းတဲ့ ထောက်ပံ့ပစ္စည်းတန်ဖိုးကတော့ ငွေကျပ်သိန်းပေါင်း ၈၀၀ ကျော်ရှိပါတယ်”ဟု ပြောသည်။

အလိုတော်ပြည့်ကျောင်းတိုက်သို့ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ်တို့မှ နေရပ်စွန့်ခွာလာသူများ ပြီးခဲ့သည့်သုံးရက်လောက်က စတင်ရောက်ရှိလာခဲ့ကြပြီး လက်ရှိတွင် လူဦးရေစုစုပေါင်း ၃၅၀ ကျော် နေထိုင်ခိုလှုံလျက်ရှိကာ ၎င်းတို့၏ စားဝတ်နေရေး အစစအရာရာ အဆင်ပြေစေရန်အတွက် ဆရာတော်ကြီးက ဦးဆောင်ပြီး ကူညီစောင့်ရှောက်ပေးထားသည့်အပြင် ပြည်နယ်အစိုးရအဖွဲ့ကလည်း ဆန်နှင့် အခြားလိုအပ်သည်များ ဝယ်ယူနိုင်ရန် ငွေကြေးထောက်ပံ့မှုများကို စီစဉ်ပေးထားကြောင်း သိရသည်။ **တင်မောင်လွင်၊ မင်းထက်အောင်၊ ဓာတ်ပုံ-မောင်မွှေး**



ဘူးသီးတောင်မြို့တွင် အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် ယာယီပိတ်ထားသည့် ကျောင်းတစ်ကျောင်းကို တွေ့ရစဉ်

# ရခိုင်ပြည်နယ် မြို့နယ်အချို့၌ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် မောင်တောဒေသရှိ အခြေခံပညာကျောင်းများယာယီပိတ်ထားရ

**မောင်တော စက်တင်ဘာ ၃**

ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့သည့် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ရခိုင်ပြည်နယ် မြောက်ပိုင်း မောင်တောဒေသရှိ အခြေခံပညာကျောင်းပေါင်း ၄၁၈ ကျောင်းကို ယာယီပိတ်ထားရကြောင်း ရခိုင်ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

“လက်ရှိအကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် မောင်တောဒေသမှာရှိတဲ့ အခြေခံပညာကျောင်းအားလုံးကိုယာယီပိတ်ထားပါတယ်။ ဒီလိုပိတ်ထားတာကလည်း ပြည်နယ်အစိုးရအဖွဲ့ရဲ့ ညွှန်ကြားချက်နဲ့ ကျွန်တော်တို့ပိတ်ထားတာဖြစ်ပါတယ်”ဟု ရခိုင်ပြည်နယ်ပညာရေးမှူး ဦးအောင်ကျော်ထွန်းက ပြောသည်။

ယာယီပိတ်ထားသည့် အခြေခံပညာကျောင်းများမှာ မောင်တောမြို့နယ်တွင် ၁၈၃ ကျောင်း၊ ဘူးသီးတောင်မြို့နယ်တွင် ၂၁၂ ကျောင်း၊ ရသေ့တောင်မြို့နယ်တွင် ၂၃ ကျောင်း စုစုပေါင်း ၄၁၈ ကျောင်းဖြစ်ကြောင်း သိရသည်။

နယ်မြေ အခြေအနေကြောင့် စာသင်ကျောင်းများ ယာယီပိတ်ထားသော်လည်း အခြေအနေတည်ငြိမ်အေးချမ်းလာပြီး စာသင်ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင် ပိတ်ရက်များကို အစားထိုးသင်ကြားပေးသွားရန် စီစဉ်ထားကြောင်း၊ ယခုပညာသင်နှစ်တွင် မောင်တောဒေသရှိ အခြေခံပညာကျောင်းအားလုံးတွင် တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသားကျောင်းသူဦးရေ ၈၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

ဘူးသီးတောင်မြို့ ၄ ရပ်ကွက်နေ ကျောင်းသားမိဘတစ်ဦးဖြစ်သူ ဦးကျော်အေးမောင်က “ကျွန်တော့်သမီးက အခု ပဉ္စမတန်းမှာ တက်ရောက်ပညာသင်ကြားနေပါတယ်။ ကျောင်းတွေပိတ်ထားတဲ့အတွက် ကျွန်တော့် သမီးရဲ့ ပညာရေးကို စိုးရိမ်မိတယ်။ ကျွန်တော်တို့ဒေသမှာ ဒီလိုအကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွေဖြစ်တိုင်း ကျောင်းတွေ ခဏခဏပိတ်ထားရတယ်။ ရေရှည်မှာ ဒီမှာရှိတဲ့ ကလေးတွေရဲ့ ပညာရေးအတွက် ရင်လေးမိတယ်။ ဒီဖြစ်စဉ်ဖြစ်ပွားပြီး ဩဂုတ် ၂၆ ရက်မှာ ကျောင်းတွေ ပိတ်လိုက်တယ်။ ဘယ်လောက်အထိ ကြာမယ်ဆိုတာတော့ မသိရသေးပါဘူး”ဟု သူ့ခံစားချက်ကို ပြောသည်။

ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်းက အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်တွင် မောင်တောဒေသ၌ အခြေခံပညာကျောင်းအချို့ကို အချိန်တစ်ပတ်မျှသာ ပိတ်ထားခဲ့ရပြီး ယခုဖြစ်ပွားသည့်ဖြစ်စဉ်တွင် စာသင်ကျောင်းအားလုံးကို ပိတ်ထားရကြောင်း သိရသည်။

**တင်မောင်လွင်၊ မင်းထက်အောင်**
**ဓာတ်ပုံ-လှကျော်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အတွင်းမှ နေရပ်စွန့်ခွာတိမ်းရှောင်နေကြသည့် ဒေသခံများအား ကူညီထောက်ပံ့ရန် အလှူငွေများကောက်ခံနေ

**မိတ္ထီလာ စက်တင်ဘာ ၃**

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခိုလှုံနေကြသည့် ရခိုင်ပြည်နယ်အတွင်းမှ တိုင်းရင်းသားပြည်သူများအား ထောက်ပံ့ကူညီရန်အတွက် မိတ္ထီလာမြို့ပေါ်ရှိ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာ၊ အလှူရှင်များ ပူးပေါင်း၍ အလှူငွေကောက်ခံရန် အစည်းအဝေးကို စက်တင်ဘာ ၃ ရက်က မိတ္ထီလာမြို့လယ် သာသနာ့ဗိမာန်တွင် ကျင်းပသည်။

အလှူငွေကောက်ခံရေး အစည်းအဝေးတွင် မိတ္ထီလာမြို့ ဈေးအနောက်ဘက် ကန်သာယာရပ်နေ ရွှင်ပြုံးဆန်ပွဲရုံလုပ်ငန်းမှ ဒေါက်တာမျိုးညွန့်ဆွေက အမှာစကားပြောကြားပြီး တပ်မတော်အငြိမ်းစား ဦးကျော်ဆွေက အလှူငွေကောက်ခံရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလှူငွေကောက်ခံရေးနှင့် ရှေ့လုပ်ငန်းစဉ်များကို ဦးညီညီမောင် (မြနှင်းဆီ)က ထပ်မံဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်သူများက အကြံပြုဆွေးနွေးကြပြီး ကားပစ္စည်းဆိုင်ပိုင်ရှင် ဦးကျော်အေးက ကျေးဇူးတင်စကားပြောကြားသည်။

အလှူခံမဏ္ဍပ်ကို မိတ္ထီလာမြို့လယ် မြို့မလေးရပ်ကွက် သာသနာ့ဗိမာန်နေရာတွင် စက်တင်ဘာ ၄ ရက်မှ ၁၀ ရက်အထိ ဖွင့်ထားမည်ဖြစ်ပြီး လှူဒါန်းသည့် ပစ္စည်းများပို့ဆောင်ရန် အခက်အခဲရှိပါသဖြင့် အလှူငွေများကိုသာ ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

အဝေးရောက် မိတ္ထီလာမြို့သူမြို့သားများ အလှူငွေလှူဒါန်းလိုပါက ဦးညီညီမောင်(မြနှင်းဆီ)၊ ဖုန်း-၀၉-၂၂၀၀၂၁၄ နှင့် ဦးမောင်သောင်း (ရွှေလဝင်း)ဖုန်း-၀၉-၂၂၀၀၁၃၅ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

အစည်းအဝေးသို့ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သာသနာရေးအသင်းအဖွဲ့များ တက်ရောက်ကြပြီး အလှူငွေများ ထည့်ဝင်ခဲ့ကြသည်။

**တင်လှိုင်(မိတ္ထီလာ)**

# ရှမ်းပြည်နယ်မြောက်ပိုင်းမှ ပရဟိတအဖွဲ့များ ရခိုင်သွေးချင်းများထံ သွားရောက်လှူဒါန်းမည်

**သီပေါ စက်တင်ဘာ ၃**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်နေကြရသူ ရခိုင်သွေးချင်းတိုင်းရင်းသားများကို စာနာထောက်ထားသောအားဖြင့် ကူညီထောက်ပံ့ရန် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ နယ်စည်းမခြား ပရဟိတအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် သီပေါမြို့လယ် ဓမ္မာရုံကြီးအနီးတွင် အလှူခံမဏ္ဍပ် ဖွင့်လှစ်ထားရာ စေတနာရှင် သီပေါမြို့သူမြို့သားများ၏ လှူဒါန်းငွေမှာ ယနေ့အထိ ငွေကျပ်သိန်း ၄၀ ကျော်နှင့် ဆန်အိတ်များ၊ အသင့်စားခေါက်ဆွဲဖာများ၊ ငါးသေတ္တာ၊ ငါးပိဘူးစသည့် စည်သွတ်ဘူးများကို လာရောက်လှူဒါန်းကြသည်။

“ကျွန်တော်တို့ ရှမ်းပြည်နယ်မြောက်ပိုင်း ပရဟိတအဖွဲ့တွေအနေနဲ့ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရောဝတီ၊ ပဲခူး၊ မန္တလေးတိုင်းဒေသကြီးတို့အပြင် ပြည်၊ ဟင်္သာတ၊ ပခုက္ကူစတဲ့မြို့ကြီးတွေက ပရဟိတအဖွဲ့တွေနဲ့စုစည်းကာ စက်တင်ဘာ ၅ ရက်က စတင်ထွက်ပြီး ၆ ရက်နေ့မှာ အဖွဲ့တွေအားလုံးပေါင်းစည်း၍ ရခိုင်ပြည်နယ်ကို ပြည်-စစ်တွေလမ်းကြောင်းက ထွက်ခွာဖို့စီစဉ်ဆောင်ရွက်ထားပါတယ်”ဟု နယ်စည်းမခြား(သီပေါ) ပရဟိတဥက္ကဋ္ဌ ဦးမျိုးမြင့်လွင်က ပြောသည်။

သီပေါမြို့နယ် သဒ္ဓါကြည်လင်ပါရမီရှင်များအနေဖြင့် ရခိုင်သွေးချင်းတိုင်းရင်းသားများအပေါ် ကိုယ်ချင်းစာတရားထားရှိပြီး အလှူခံမဏ္ဍပ်သို့ တဖွဲဖွဲလာရောက်လှူဒါန်းလျက်ရှိသည်ကို တွေ့ရသည်။ **စိုင်း(သီပေါ)**

# ARSA အကြမ်းဖက်သမားများက မောင်တော၌ နယ်စပ်ခြံစည်းရိုးများနှင့် တိုင်းရင်းသားကျေးရွာများကို မီးရှို့ဖျက်ဆီး

**နေပြည်တော် စက်တင်ဘာ ၃**

ARSA အစွန်းရောက် အကြမ်းဖက်သမားများသည် မောင်တောမြို့နယ်အတွင်း နယ်စပ်ခြံစည်းရိုးများဖျက်ဆီး၍ သွားလာခြင်း၊ နံ့သာတောင်ကျေးရွာရှိ ဂြိုဟ်နံ့ဘုရားမှ ဆင်းတုတော်များ၏ ဦးခေါင်းတော်များအား ဖြတ်ခြင်း၊ ဘုန်းကြီးကျောင်း၊ ပရဟိတစာသင်ကျောင်းနှင့် နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက မောင်တောမြို့နယ် နံ့သာတောင်ကျေးရွာတစ်ဝိုက်သို့ နယ်မြေစိုးမိုးရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး ဆောင်ရွက်ရန် သွားရောက်စဉ် နယ်စပ်ခြံစည်းရိုးကာရံထားသည့် သံဆူးကြိုးများ ပျက်စီးနေမှုကို မီးတိုက်ချောင်းဝကင်းစခန်းနှင့် ကွမ်းသီးပင်ချောင်းဝ ကင်းစခန်းကြားတွင် ပေ ၁၂၀ ခန့်၊ မီးတိုက်ချောင်းဝကင်းစခန်းနှင့် ကွမ်းသီးပင်ချောင်းဝကင်းစခန်းကြားတွင် ၃၂ ပေ ခန့် တွေ့ရှိရပြီး ၎င်းနေရာများမှဖျက်ဆီး၍ ချောင်းပေါက်ဝများအတိုင်း တစ်ဖက်နိုင်ငံသို့ အလွယ်တကူ ဝင်ထွက်သွားလာနေသည့် အနေအထားများဖြစ်ကြောင်း။





ထို့ပြင် နံ့သာတောင်ကျေးရွာရှိ ဂြိုဟ်နံ့ဘုရားမှ ဆင်းတုတော်အားလုံး၏ ဦးခေါင်းတော်များဖြတ်ထားပြီး ဘုန်းကြီးကျောင်း၊ ပရဟိတစာသင်ကျောင်းနှင့် တိုင်းရင်းသားနေအိမ် ၃၇ လုံးအား မီးရှို့ဖျက်ဆီးထားသည်ကို တွေ့ရှိရကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ ထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

# ကျွန်မကိုသေနတ်နဲ့ပစ်တော့ ဘယ်ဘက်ရင်အုံကိုမှန်တယ်၊ ဒဏ်ရာရပြီးသေပြီလို့ ယူဆပြီးထားခဲ့တာပါ စည်ပိုင်းထဲဝင်ပုန်းနေတဲ့ ကလေးနှစ်ယောက်နဲ့ အမျိုးသမီးတစ်ယောက်လည်း လွတ်သွားပါတယ်

**မကော်မာလာ**

**ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံ၏ ပြင်ပလူနာကုသဆောင် လူနာခုတင်ပေါ်တွင် အသက် ၂၅ နှစ်အရွယ် ဟိန္ဒူဘာသာဝင် မကော်မာလာတစ်ယောက် လဲလျောင်းနေကာ သူ၏နံဘေးတွင် အသက် ၅၀ အရွယ် အမျိုးသမီးကြီးတစ်ဦးနှင့် အသက် ၃ နှစ်ခွဲအရွယ် ကလေးငယ်တစ်ဦးတို့ လူနာစောင့်အဖြစ် ရှိနေသည်။**



အသက်ရှင်ကျန်ရစ်ခဲ့သည့် မကော်မာလာ

သတင်းမီဒီယာသမားများ သူ့နံဘေးရောက်ချိန်တွင်တော့ သူနာပြုဆရာမနှစ်ဦး၏ အကူအညီဖြင့် မကော်မာလာက လူနာခုတင်ပေါ်တွင်ထိုင်ကာ စကားပြောလိုက်သည်။

“ကျွန်မရဲ့မိသားစုတွေ ပါသွားတယ်။ ကျွန်မရဲ့မိသားစုမှာ ကျွန်မယောကျ်ားရယ်၊ ကျွန်မရဲ့ ကလေးတစ်ယောက်ရယ် အသတ်ခံရပါတယ်။ နောက် ကျွန်မရဲ့ယောက်မနဲ့ သူရဲ့ယောကျ်ားရယ် စုစုပေါင်းခြောက်ယောက် အသတ်ခံခဲ့ရပါတယ်။ အဲ့ဒီအထဲမှာ ကျွန်မကဒဏ်ရာရပြီး လွတ်လာတာ။”

ဟိန္ဒူဘာသာစကားဖြင့် ပြောခြင်းဖြစ်သော်လည်း သူနာပြုဆရာမက မကော်မာလာ ပြောပြသည့်စကားများကို ဘာသာပြန်ပေးသည်။

ဩဂုတ် ၂၆ ရက် ည ၁၁ နာရီခန့်တွင် မကော်မာလာနှင့် ဟိန္ဒူဘာသာဝင် မိသားစု ၁၀ ဦးသည် မြင်းလွတ်မြို့မှ မောင်တောမြို့သို့ပြန်လာစဉ် မြို့သူကြီးကျေးရွာအနီး ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားနေသဖြင့် ဆောက်လုပ်ဆဲ မောင်တောခရိုင်တရားရုံးပေါ်သို့ တက်ပြေးပုန်းရှောင်ခဲ့သည်။

ထိုသို့ ပုန်းရှောင်စဉ် ကြိုတင်ရောက်ရှိနေသည့် ARSA အစွန်းရောက်အကြမ်းဖက်သမားများက သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် ဟိန္ဒူဘာသာဝင်အမျိုးသားနှစ်ဦး၊ အမျိုးသမီးတစ်ဦးနှင့် ကလေးသုံးဦးတို့မှာ နေရာတွင်ပင်သေဆုံးခဲ့ရသည်။

မကော်မာလာနှင့် အခြားအမျိုးသမီးတစ်ဦး၊ ကလေးငယ်နှစ်ဦးမှာ လွတ်မြောက်ခဲ့သော်လည်း ပစ်ခတ်မှုကြောင့် မကော်မာလာမှာ ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။

မကော်မာလာက “အဲ့ဒီဆောက်လက်စ အဆောက်အအုံထဲမှာ ကြိုတင်ပြီးရောက်နေတဲ့ အစွန်းရောက်အကြမ်းဖက်သမား ၁၀၀ ကျော်လောက် ရှိပါတယ်။ ကျွန်မတို့ အဲဒီထဲကို ဝင်ပြီးပုန်းတဲ့အချိန်မှာ အကြမ်းဖက်သမားတွေကလာပြီးတော့ ပစ်တာပါ”ဟု ဆိုသည်။

ဆောက်လက်စအဆောက်အအုံပေါ်တွင် ရောက်ရှိနေသည့် ARSA အစွန်းရောက် အကြမ်းဖက်သမားများသည် အမည်းရောင်ဘောင်းဘီ၊ အင်္ကျီနှင့် ခေါင်းစွပ်များစွပ်ထားပြီး အချို့တစ်ဝက်က ပုံမှန်အဝတ်အစားများသာ ဝတ်ဆင်ထားသည်ဟု အနည်းငယ်လှုပ်ရှား၍ ရနိုင်သည့် ညာဘက်လက်တစ်ဖက်ကို လှုပ်ရှားကာ ဟိန္ဒူဘာသာစကားဖြင့် သတင်းမီဒီယာများ၏ မေးမြန်းမှုကို မကော်မာလာက သွက်သွက်ကလေး ဖြေကြားပေးနေသည်။

“အချို့တစ်ဝက်က လက်ထဲမှာ တုတ်တွေ၊ ဓားတွေ အချို့က သေနတ်တွေနဲ့ သူတို့အားလုံးမှာ လက်နက်တွေပါတယ်။”

အစွန်းရောက်အကြမ်းဖက်သမားများသည် မကော်မာလာ၏ရှေ့တွင်ပင် ၎င်း၏အမျိုးသားနှင့် သားအပါအဝင် သူ၏ဆွေမျိုးများကိုသေနတ်နှင့်ပစ်၊ ဓားနှင့်ခုတ်ခြင်းများကို ပြုလုပ်ခဲ့ပြီး မကော်မာလာကိုလည်း သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။

မကော်မာလာအား အကြမ်းဖက်သမားများက သေပြီဟု ယူဆကာထားခဲ့ခြင်းဖြစ်ပြီး မကော်မာလာနည်းတူတရားရုံးအတွင်းရှိ စည်ပိုင်းအတွင်းသို့ ဝင်ရောက်ပုန်းအောင်းနေခဲ့သည့်အမျိုးသမီးတစ်ဦးနှင့်ကလေးငယ်နှစ်ဦးလည်း လွတ်မြောက်ခဲ့သည်ဟု အစွန်းရောက်အကြမ်းဖက်သမားများ၏ အသက်အန္တရာယ်မှ လွတ်မြောက်လာပုံကို မကော်မာလာကပြောသည်။

“ကျွန်မကို သေနတ်နဲ့ပစ်တော့ ဘယ်ဘက်ရင်အုံကို မှန်တယ်။ ဒဏ်ရာရပြီးသေပြီလို့ ယူဆပြီး ထားခဲ့တာပါ။ စည်ပိုင်းထဲဝင်ပုန်းနေတဲ့ ကလေးနှစ်ယောက်နဲ့ အမျိုးသမီးတစ်ယောက်လည်း လွတ်သွားပါတယ်။ ကျွန်မရယ်၊ အဲဒီကလေးလေးရယ်၊ နောက် အမျိုးသမီးတစ်ယောက်ရယ်၊ နောက်ထပ် ကလေးတစ်ယောက်ရယ် ပါပါတယ်။ အားလုံးပေါင်း ကလေးနှစ်ယောက်ပါ ပါရင် လေးယောက် လွတ်လာတာပါ”ဟု မကော်မာလာက နံဘေးတွင်ထိုင်နေသည့် အသက်သုံးနှစ်ခွဲအရွယ် သားငယ်ကို ကြည့်ရင်းပြောသည်။

မကော်မာလာသည် အစွန်းရောက် အကြမ်းဖက်သမားတို့ သတ်ဖြတ်မှုမှ လွတ်မြောက်လာသော်လည်းသူ့မိသားစုများကို ဆုံးရှုံးခဲ့ရပေပြီ။

မကော်မာလာအားဆေးကုသပေးနေသည့် ဆရာဝန်ကြီးက “ဘယ်ဘက်ရင်အုံကိုသေနတ်က ရှပ်ထိသွားတာပါ။ ရင်အုံက ပြတ်သွားတယ်။ ဒီအတွက်ကြောင့် ဘူးသီးတောင် ဆေးရုံကို ရောက်လာတာဖြစ်ပါတယ်။ ဆရာဝန်တွေနဲ့ ဆရာမတွေက ကုသပေးနေတယ်။ အခုအချိန်မှာ သူ့ရဲ့ဒဏ်ရာတွေ ပိုမိုတိုးတက်ကောင်းမွန်အောင် စစ်တွေဆေးရုံကို ဒီနေ့ပဲ လွှဲပေးမယ်”ဟု ဆိုသည်။

ဆောက်လက်စ နှစ်ထပ်ဆောင် မောင်တောမြို့ ခရိုင်တရားရုံးသည် တိတ်ဆိတ်လျက်ရှိနေပြီး အဆောက်အအုံ၏ တစ်ဖက်တစ်ချက်တွင် သေနတ်ကိုင်ကာ အသင့်အနေအထားဖြင့် စောင့်ဆိုင်းနေသည့် ရဲတပ်ဖွဲ့ဝင်များရှိနေသည်။ ခရိုင်တရားရုံး၏ ရှေ့ဆင်ဝင်အောက်တွင်မူ အနီရောင် Surf ယာဉ်တစ်စီး ရပ်ထားပြီး ယာဉ်၏ရှေ့နောက်နှင့် ဘေးဘက်မှန်အားလုံး ရိုက်ခွဲခံထားရသည်။ ကားမှန်စများက ကွန်ကရစ်ခင်းထားသည့် လမ်းမပေါ်မှာ ပြန့်ကျဲလျက်....။



ဆောက်လုပ်ဆဲ မောင်တောခရိုင်တရားရုံးကို တွေ့ရစဉ်

ဩဂုတ် ၂၆ ရက်က ဆောက်လက်စ ခရိုင်တရားရုံးတွင် အစွန်းရောက်အကြမ်းဖက်သမားများ၏ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့ရသော ဟိန္ဒူဘာသာဝင်များ၏ ရုပ်အလောင်းကို သယ်ဆောင်ခဲ့သူ မောင်တောမြို့နယ် ဆေးရုံဆရာဝန်ကြီး ဒေါက်တာ ကျော်မောင်မောင်သိန်းက ယခုလိုပြောသည်။

“ဟိန္ဒူမိသားစုဝင်ခြောက်ဦး အသတ်ခံရတာမှာ ကလေးငယ်တွေပါတယ်။ တော်တော်သနားဖို့ ကောင်းတယ်။ အသက် ၅ နှစ်၊ ၇နှစ်၊ ၉ နှစ် ကလေးတွေ သေဆုံးသွားတယ်။ ရက်ရက်စက်စက်ပါပဲ”ဟု ဒေါက်တာ ကျော်မောင်မောင်သိန်းက ပြောသည်။

ဩဂုတ် ၂၅ ရက်မတိုင်မီအထိ မောင်တောမြို့ပေါ်တွင် အသားအရောင်၊ ဘာသာစကား မတူညီသည့် ဈေးရောင်း၊ ဈေးဝယ်များ၊ ကျောင်းသား၊ ကျောင်းသူများဖြင့် သွားလာလှုပ်ရှားစည်ကားနေခဲ့သည်။


ဩဂုတ် ၂၅ ရက် နံနက် ပိုင်းမှစတင်၍ ARSA အစွန်းရောက်အကြမ်းဖက်သမားများသည် မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ်အတွင်းရှိ ရဲကင်း ၃၀ နှင့် တောင်ဘဇာကျေးရွာရှိ နယ်မြေခံတပ်ရင်း ဌာနချုပ်တို့ကို တစ်ပြိုင်တည်း ဝင်ရောက် တိုက်ခိုက်ခဲ့ပြီး တပ်မတော်သား၊ ရဲတပ်ဖွဲ့ဝင်၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အပြစ်မဲ့အရပ်သားပြည်သူများ၏ အသက်များဆုံးရှုံးခဲ့ရသည်။ ARSA အစွန်းရောက်အကြမ်းဖက်သမားများကား တည်ငြိမ်အေးချမ်းရန် အစပြုနေသော ရခိုင်ပြည်နယ်ကို ထပ်မံဖျက်ဆီးခဲ့ပေသည်။

အကြမ်းဖက်တိုက်ဖျက်ရေးသည် ကမ္ဘာ့မိသားစုဝင်ပြည်သူများ၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရများစသည်တို့အားလုံး၏ ဘုံအကျိုးစီးပွားဖြစ်သည့်အတွက် အစွန်းရောက် အကြမ်းဖက်သမားများနှင့် ၎င်းတို့နှင့် ပတ်သက်သည်များကိုဆန့်ကျင်တိုက်ဖျက်သွားရန် အထူးပင်အရေးကြီးပါသည်။

သို့အတွက် ရခိုင်ပြည်နယ်အတွင်းရှိပြည်သူများအပြင် တစ်နိုင်ငံလုံးကအကြမ်းဖက်အန္တရာယ်မှ တုံ့ပြန်ချေမှုန်းနိုင်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် ပူးပေါင်းကူညီဆောင်ရွက်ပေးကြရတော့မည်ဖြစ်သည်။ ဟိန္ဒူဘာသာဝင် အမျိုးသမီး မကော်မာလာတစ်ယောက် ဘူးသီးတောင်ပြည်သူ့ဆေးရုံ ပြင်ပလူနာဆောင်၏ ဆေးရုံ ခုတင်ထက်တွင် ကျန်ခဲ့လေပြီ။ မကော်မာလာ၏ မျက်လုံးများကာ အသက်ရှင်ကျန်နေသေးသည့် သုံးနှစ်ခွဲအရွယ် သူ၏ သားငယ်အားစိုက်ကြည့်လျက်...။

**ဆောင်းပါး..ရဲခေါင်ညွှန့်**

# စက်ရုံ၊ အလုပ်ရုံငယ်များ တည်ဆောက်နိုင်ရေး ချေးငွေပံ့ပိုးပေးမည့် အခြေအနေများကို ဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၃**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များနှင့်အတူ Embassy of Japan ၏ Ambassador; Mr. Tateshi HIGUCHI ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၂၆) ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ပူးပေါင်းဆောင်ရွက်နေသော (Two Step Lone) အတွက် စီမံခန့်ခွဲမှုသဘောတူစာချုပ် Administration Agreement (AA) အား ဇူလိုင် ၆ ရက်က လက်မှတ်ရေးထိုးခဲ့ပြီး လယ်ယာကဏ္ဍတွင် အဓိကပါဝင်ဆောင်ရွက်နေသည့် တောင်သူလယ်သမားများအတွက် မဖြစ်မနေလိုအပ်သည့် လယ်ယာသုံးစက်ကိရိယာများနှင့် လယ်ယာအခြေခံသည့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန် နှစ်ဆင့် ချေးငွေအကူအညီများပေးအပ်ပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရိုးရာလုပ်ငန်းများ မတိမ်ကောစေရေး အသေးစားချေးငွေအနေဖြင့် ထုတ်ချေးပေးသွားမည့် အခြေအနေများ၊ သွင်းကုန်အစားထိုးလုပ်ငန်းများဆောင်ရွက်သွားရန်နှင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ (SME) အတွက် နည်းပညာရရှိရေးနှင့် စက်ရုံ အလုပ်ရုံငယ်များ တည်ဆောက်နိုင်ရေး ချေးငွေပံ့ပိုးပေးမည့် အခြေအနေများကို ဆွေးနွေးကြသည်။

ထို့နောက် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နေမှုများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များနှင့် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ချင်းတောင်တွင် မိုးရွာသွန်းမှုများသည့်အတွက် တောင်ပေါ်သွားမော်တော်ယာဉ်များ သတိပြုသွားလာရန်လိုအပ်

**တီးတိန် စက်တင်ဘာ ၃**

ချင်းပြည်နယ်တွင် ဇူလိုင်လဆန်းမှစ၍ မိုးများရွာသွန်းမှုကြောင့် လမ်းများ ပျက်စီးမှုများရှိသော်လည်း ခရီးသည်တင်ယာဉ်လိုင်းများ၊ လူစီးမှန်လုံယာဉ်များ၊ ဂျစ်ကားများနှင့် ကုန်တင်ယာဉ်ကြီး၊ ယာဉ်ငယ်များပါ နေ့စဉ်သွားလာမှုရှိသကဲ့သို့ အချို့ကုန်တင်ယာဉ်ကြီးများမှာ လမ်းမြေသား မခိုင်မာမှု၊ ကုန်ချိန်တန်ပိုတင်ဆောင်ထားရာ မိုးအဆက်မပြတ်ရွာသွန်း၍ မြူမှုန်များ ထူထပ်နေမှုကြောင့် လမ်းမြင်ကွင်းပျောက်ပြီး အန္တရာယ်များ ဖြစ်ပေါ်တတ်သဖြင့် ချင်းတောင်ပေါ်သွား ယာဉ်ကြီး၊ ယာဉ်ငယ်များအားလုံး သတိပြုမောင်းနှင်ကြရန် ခရီးသွားပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

ချင်းတောင်ပေါ်သွား ကားလမ်းများသည် အောက်ခံမြေသားကြွံခိုင်မှုအားနည်း၍ ယခုကဲ့သို့ မိုးရာသီဆိုလျှင် တောင်ပြို၊ လမ်းပြိုကျမှုများသည့်အတွက် နှစ်စဉ် တောင်ပေါ်လမ်းအဆင့်မြှင့်တင်ရေး လမ်းမြေသားများ ချဲ့ထွင်ပြုပြင်ရသည့် နေရာများပြီး အချို့နေရာ များတွင် ကားလမ်းကျဉ်းမြောင်းခြင်း၊ ကားလမ်းပေါ်တွင် နွေ၊ မိုး၊ဆောင်း တစ်နှစ်ပတ်လုံး မြေအစိုဓာတ်ကြောင့် မြေသားနိမ့်ကျမှုရှိခြင်း၊ မိုင်ရှည်ရှဲ့ဗွက်များပြည့်နှက်၍ ဗွက်ရှန်းသွားလာနေရသည့်အတွက် ခရီးသွားပြည်သူများမှာ ခရီးစဉ်ကြန့်ကြာမှုများ ကြုံတွေ့နေကြရသည်။

“ချင်းတောင်ပေါ်မှာ ယာဉ်အသွားအလာများပြီး ယာဉ်ကြီးတွေလည်း သွားလာမှုများလာတော့ လမ်းပျက်စီးမှုလည်း အရင်နှစ်တွေထက် များလာတယ်။ ချင်းတောင်ပေါ် ကားလမ်းပျက်တယ်ဆိုတာက ကားလမ်းမကြီးက တောင်အောက်ထဲကို အိဆင်းသွားတာပါ။ တောင်ပေါ်က ကျောက်တုံးကြီးတွေ၊ မြေတွေနိမ့်ဆင်းပြိုကျသွားတာဖြစ်တဲ့အတွက် မြေထိုးစက်နဲ့ထိုးလည်းပဲ ခဏပဲကောင်းတာပါ။ ကုန်ကားတွေပေါ်တင်လာတဲ့ ကုန်အလေးချိန်ကြောင့်လည်း လမ်းသားအိပြီး မကြာခဏဆိုသလို ယာဉ်တိမ်းမှောက်မှုတွေ၊ ယာဉ်လဲမှုတွေလည်း ဖြစ်တတ်ပါတယ်။ လူထိခိုက်မှုရှိတာနဲ့ မရှိတာဘဲ ကွာပါတယ်။ နောက်ပြီးတော့ ကားလည်း ကောင်း၊ လမ်းလည်းကောင်းပေမယ့် တချို့ယာဉ်မောင်း မကျွမ်းကျင်မှုတွေကြောင့် မဖြစ်သင့်တာ ဖြစ်ပေါ်တတ်ပါတယ်”ဟု ချင်းပြည်နယ်မှ ခရီးသွားပြည်သူတစ်ဦးက ပြောသည်။

အထူးသဖြင့် ယာဉ်အသွားအလာများသော စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့် ချင်းပြည်နယ် မြန်မာ-အိန္ဒိယနယ်စပ် ကုန်စည်ပို့ဆောင်ရေး လမ်းမကြီးဖြစ်သည့် ကလေး-တီးတိန်-ရိခေါ်ဒါရ်မြို့သွား ကားလမ်းပေါ်ရှိ ကလေးမြို့မှ ဖလမ်းနှင့် တီးတိန်လမ်းခွဲ သိုင်းငင်းကျေးရွာအကြား ကားလမ်းတွင်လည်းကောင်း၊ တီးတိန်မြို့မှ သီရိဥတ္တမတောင်(ခေါ်)ကနေဒီတောင်ခြေရင်းရှိ ဆိုဇန်ကျေးရွာအကြား ကားလမ်းတွင်လည်းကောင်း၊ တီးတိန်မြို့မှ အသည်းနှလုံးပုံသဏ္ဌာန် ရိဒ်ရေကန်သွား ရိခေါ်ဒါရ်မြို့အကြား ကားလမ်းတွင် လည်းကောင်း မိုးဆက်တိုက်ရွာသွန်းမှုကြောင့် လမ်းပျက်စီးမှု၊ ရွှံ့နွံထူထပ်မှုများကြီးမားစွာဖြစ်ပေါ်လျက်ရှိရာ လမ်းပျက်စီးသည့်နေရာများတွင် ခရီးသွားပြည်သူများ လမ်းပိတ်ဆို့မှုမရှိရအောင် သက်ဆိုင်ရာ လမ်းဦးစီးဌာနမှ စက်ယန္တရားကြီးများကို အသင့်ချထားရှိပြီး အချိန်နှင့်တစ်ပြေးညီ လမ်းများ ပြုပြင်ပေးလျက်ရှိကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**



# မလှိုင်မြို့နယ်အတွင်းရှိ နှစ်ပေါင်း ၅၀၀ ကျော်ရှိ နံရံဆေးရေးပန်းချီများရှိသော ဥမင်လိုဏ်ဂူမှာပျက်စီးနေသဖြင့် ပြုပြင်ပေးရန်လိုအပ်နေ



**မလှိုင် စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နှင့် ၁၀ မိုင်ခန့်ကွာဝေးသည့် မလှိုင်မြို့နယ် မြင်းတွင်းအုပ်စု ကွင်းအမှတ်(၁၁၉) ၌ အင်းဝခေတ်က တည်ဆောက်ခဲ့သော နှစ်ပေါင်း ၅၀၀ ကျော်ခန့်ရှိ ဥမင်လိုဏ်ဂူအတွင်း၌ ရှေးခေတ် နံရံဆေးရေးပန်းချီကားများမှာ လက်ရာမပျက်ရှိနေသော်လည်း ဥမင်လိုဏ်ဂူမှာ ပြိုကျပျက်စီးနေသဖြင့် အမြန်ဆုံးပြုပြင်ပေးရန် ဒေသခံပြည်သူများက လိုလားနေကြောင်း သိရသည်။

“ဥမင်လိုဏ်တည်ဆောက်သည့် ခုနှစ်မှာ ခန့်မှန်းသက္ကရာဇ် ၈၂၅ ခုနှစ် ဖြစ်ပါတယ်။ ထူးခြားမှုအနေနဲ့ ရှေးလူကြီးများ၏ ပြောပြချက်အရ ဒီဂူထဲမှာသီတင်းသုံးနေထိုင်ခဲ့တဲ့ တောကျောင်းဆရာတော်ဘဒ္ဒန္တစိတ္တ ပျံလွန်တော်မူတဲ့အခါ မှောင်မည်းနေတဲ့ဂူမှာ တစ်ဂူလုံး အလင်းရောင်ရရှိခဲ့ဖူးတယ်လို့ သိရပါတယ်။ ဒီဂူဟာ အခု ပြိုကျပျက်စီးနေသော်လည်း ဂူအတွင်းမှာရှိတဲ့ နံရံဆေးရေး ပန်းချီကားတွေဟာ ရှေးမူလက်ရာမပျက်တည်ရှိနေပါတယ်”ဟု ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

ထို့ကြောင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်လက်ရာများကို ထိန်းသိမ်းကာကွယ်နိုင်ရန်အတွက် လွန်ခဲ့သော နှစ်ပေါင်း ၅၀၀ ကျော်ကြာမြင့်နေပြီဖြစ်သည့် ဥမင်လိုဏ်ဂူကိုပြုပြင်ပေးရန် ဒေသခံပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

# ထူးချွန်ဆုရ ကျောင်းသား၊ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်

**ဘီးလင်း စက်တင်ဘာ ၃**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် လေးကေကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၃ ရက် နံနက် ၉နာရီခွဲက (၂၀၁၆ / ၂၀၁၇) ပညာသင်နှစ်တွင် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပွဲ ကျင်းပခဲ့သည်။

နယ်မြေဒေသအေးချမ်းလာမှုကြောင့် ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်လာစေရန် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကိစ္စရပ်များအတွက် ပညာရေးတိုးတက်မှုက အဓိကကျကြောင်း၊ လမ်းပန်းဆက်သွယ်ရေးများ ပိုမိုကောင်းမွန်လာစေရန် ဆောင်ရွက်နေကြောင်း ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအောင်မြင့်ခိုင်က ပြောသည်။

ငြိမ်းချမ်းရေးခရီးစဉ် ပြီးမြောက်အောင်မြင်မှ ဒေသတွင်းတိုးတက်အေးချမ်းလာမည်ဖြစ်ပြီး ယခင်က ငြိမ်းချမ်းမှုများ အားလျော့ခဲ့သည့်အတွက် မိမိတို့ ငယ်စဉ်က စာကောင်းစွာမသင်ကြားနိုင်ဘဲဖြစ်ခဲ့ရသည်။ ယခုအခါ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာ၍ စိတ်အေးချမ်းသာစွာ ပညာသင်ကြားလာနိုင်ပြီးဖြစ်ရာ ငြိမ်းချမ်းရေး၏အနှစ်သာရဖြစ်ကြောင်း၊ ပညာတတ်များ၊ နိုင်ငံသားကောင်းများပေါ်ထွက်လာအောင် သင်ကြားပေးသည့် ဆရာ ဆရာမများအား အထူးကျေးဇူးတင်ပါကြောင်း ခရိုင် KNU ဥက္ကဋ္ဌ ဖဒိုစောကိုလေးက ပြောသည်။

ယခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်ချက်မှာ ၃၉ ဒသမ ၉ ရာခိုင်နှုန်းရှိသဖြင့် တိုးတက်အောင်မြင်လာသည်ကိုတွေ့ရကြောင်း၊ ကျောင်းနေမြဲအောင် မိဘတိုင်းက သားသမီးများအား ပညာရေးကိုအားပေးကြရန် ကျောင်းအုပ်ဆရာကြီးဦးမင်းပန်းအောင်က ပြောကြားသည်။ ဆက်လက်၍ ဆရာ ဆရာမများအား ကျေးရွာမှ အလှူရှင်များက ဂုဏ်ပြုငွေများပေးအပ်ချီးမြှင့်ပြီး ကျောင်းသား ကျောင်းသူများက တေးပဒေသာ အကများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်ရရှိရေးဆန္ဒဖော်ထုတ်

**တပ်ကုန်း စက်တင်ဘာ ၃**

နေပြည်တော် တပ်ကုန်းမြို့နယ် သပြေကုန်း၊ကွမ်းတောနတ်မာ၊ ကင်းသာ၊ကံကြီး စသည့်ကျေးရွာများမှ တောင်သူလယ်သမား ၆၀ ကျော်သည် စက်တင်ဘာ ၃ ရက် နံနက်က သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်ရရှိရေးအတွက် ခွင့်ပြုချက်ရယူကာ စိုက်ပျိုးရေးခြံမှ စည်ပင်လမ်းအတိုင်း ပြည်သူ့အားကစားကွင်းထိ လမ်းလျှောက်၍ သိမ်းဆည်းခံထားရသည့် လယ်ယာမြေများအား လွတ်လပ်စွာပြန်လည်လုပ်ကိုင်ခွင့်ပြုရေး ကြွေးကြော်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။

**တင်ထွန်းတာ(တပ်ကုန်း)**

# နိုင်ငံတစ်ဝန်း နှစ်လကျော်အတွင်း မြို့နယ်ပေါင်း ၇၉ မြို့နယ်မှ လူဦးရေ သုံးသိန်းကျော် ရေဘေးသင့်ခဲ့

**နေပြည်တော် စက်တင်ဘာ ၃**

မြန်မာနိုင်ငံတစ်ဝန်းတွင် ဇူလိုင် ၁ ရက်မှစ၍ ဩဂုတ် ၃၁ ရက်အထိ နှစ်လကျော်အတွင်း ရေကြီးရေလျှံမှုများကြောင့် မြို့နယ်ပေါင်း ၇၉ မြို့နယ်မှ ယာယီကယ်ဆယ်ရေးစခန်းများသို့ စုစုပေါင်း အိမ်ထောင်စု ၇၈၃၃၁ စုမှ လူဦးရေ ၃၁၈၁၂၀ တို့ ယာယီပြောင်းရွှေ့ခိုလှုံခဲ့ရကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ရေဘေးသင့်သူများအနက် မကွေးတိုင်းဒေသကြီးတွင် ဇူလိုင်လနှင့် ဩဂုတ်လ နှစ်လအတွင်း မျောပါသုံးအိမ်နှင့် ယာယီပြောင်းရွှေ့ ၃၈၀၉၂ အိမ်ရှိခဲ့ပြီး ရေဘေးသင့်ပြည်သူ ၁၅၃၅၃၅ ဦးအထိရှိခဲ့ကာ တစ်နိုင်ငံလုံးတွင် ရေဘေးသင့်လူဦးရေ အများဆုံးဖြစ်ခဲ့သည်။ ရေဘေးသင့်လူဦးရေ ဒုတိယအများဆုံးမှာ ဧရာဝတီတိုင်းဒေသကြီးတွင်ဖြစ်ပြီး ရေဝင်အိမ်ခြေ ၁၄၄၉၄၊ မျောပါသုံးအိမ်နှင့် ယာယီပြောင်းရွှေ့နေအိမ် ၆၄၆၁ အိမ်မှ လူဦးရေ ၇၁၇၆၁ ဦးရှိကြောင်း သိရသည်။


ရေဘေးသင့်ပြည်သူများမှာ မန္တလေးတိုင်းဒေသကြီးတွင် လူဦးရေ ၁၅၅၂၉ ဦး၊ ပဲခူးတိုင်းဒေသကြီးတွင် ၂၄၁၇၅ ဦး၊ ကချင်ပြည်နယ်တွင် ၁၆၅၂ ဦး၊ ရှမ်းပြည်နယ်တွင် ၂၉၁၆ ဦး၊ ရခိုင်ပြည်နယ်တွင် ၁၂၀၄ ဦး၊ မွန်ပြည်နယ်တွင် ၅၁၀၀၊ ကရင်ပြည်နယ်တွင် ၂၅၃၉ ဦး၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၇၆၈ ဦး၊ နေပြည်တော်တွင် ၃၃၇ ဦးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ၂၁၇ ဦးရှိခဲ့သည်။ ထို့ပြင် ရေဘေးကြောင့် နိုင်ငံတစ်ဝန်းမှ လူခုနစ်ဦးခန့်လည်း သေဆုံးခဲ့သည်။

ဩဂုတ် ၃၁ ရက်တွင် စစ်ကိုင်း၊ မကွေး၊ ပဲခူး၊ မန္တလေးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ရှိ အချို့ကယ်ဆယ်ရေးစခန်းများနှင့် ရေဘေးလွတ်ရာတိမ်းရှောင်နေသူ စုစုပေါင်း အိမ်ထောင်စု ၁၉၀၀၀ ခန့်နှင့် လူဦးရေ ၇၆၇၈၄၄ ဦးခန့် ကျန်ရှိနေသေးကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဩဂုတ် ၃၁ ရက်အထိ စုစုပေါင်း ရေဝင်အိမ်ခြေ ၇၇၈၄၂ အိမ်၊ မျောပါအိမ်ခြေ ၁၁၀ နှင့် ယာယီပြောင်းရွှေ့အိမ်ခြေ ၇၈၃၃၁ အိမ်တို့မှ လူဦးရေ ၃၁၈၁၂၀ တို့အတွက် ထောက်ပံ့ငွေကျပ် ၄၃၈၃၈၅၀၁၄ ကို ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဇင်ဦး (မြန်မာ့အလင်း)**

**ဓာတ်ပုံ- သီဟစည်သူ**




# ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာနေရသော တိုင်းရင်းသားများကို ကူညီနိုင်ရေး မူဆယ်ဒေသရှိ လူမှုရေးအသင်းအဖွဲ့များ ဆောင်ရွက်လျက်ရှိ

**မူဆယ် စက်တင်ဘာ ၃**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု (၁၀၅) မိုင် လူမှုကူညီရေးအသင်းအပါအဝင် မူဆယ်မြို့ပေါ်ရှိ ပရဟိတအသင်းပေါင်းစုံမှ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်နှင့် အခြားမြို့များနှင့် ကျေးရွာများတွင် အကြမ်းဖက်တိုက်ခိုက်မှုတွေကြောင့် ဒုက္ခကြုံတွေ့နေရသော တိုင်းရင်းသားများအားလုံးကို လူသားချင်းစာနာ ထောက်ထားမှုဖြင့် ကူညီထောက်ပံ့နိုင်ရေးအတွက် မိုင်းယု (၁၀၅)မိုင် ပါရမီ လူမှုကူညီရေးအသင်းနှင့် မူဆယ်မြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များမှ ပြည်ထောင်စုလမ်းမကြီးဘေး၌ အလှူခံမဏ္ဍပ်များဖွင့်လှစ်၍ အလှူခံခြင်း၊ အစုဖွဲ့၍ ရပ်ကွက်ကျေးရွာအတွင်း လှည့်လည်အလှူခံခြင်းများ ပြုလုပ်ပေးနေကြောင်း သိရသည်။

အဆိုပါ အလှူခံရရှိသောငွေများနှင့် အလှူခံပစ္စည်းများကို မိမိတို့အသင်းအဖွဲ့ အစည်းလိုက်ဖြစ်စေ၊ သက်ဆိုင်ရာဌာနများနှင့် လူမှုရေးအသင်းအဖွဲ့အစည်းများဖြင့် ဖြစ်စေ ချိတ်ဆက်ပြီး ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ကယ်ဆယ်ရေးစခန်းများသို့ အရောက်ပို့ဆောင်ပေးသွားမည်ဟု သိရသည်။

"ကျွန်တော်တို့ အလှူခံမဏ္ဍပ်ကို စက်တင်ဘာ ၁ ရက်မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ဖွင့်လှစ်တဲ့အချိန်မှာ ရပ်နီးရပ်ဝေးကစေတနာရှင်တွေ လာရောက်လှူဒါန်းကြပါတယ်။

"အလှူခံရရှိတဲ့ ငွေတွေနဲ့ အလှူခံပစ္စည်းတွေကို နေရပ်စွန့်ခွာတိမ်းရှောင်သူတွေဆီကို ဘယ်လိုအရောက်ပို့ပေးရင်ကောင်းမလဲဆိုတာ အသင်းအနေနဲ့ အစည်းအဝေးထိုင်ပြီး အများရဲ့ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဖြစ်နိုင်ရင်တော့ ကျွန်တော်တို့ကိုယ်တိုင်သွားရောက် လှူဒါန်းချင်ပါတယ်။ လောလောဆယ် အနေအထားအရ နယ်မြေအခြေအနေနဲ့ လမ်းပန်းဆက်သွယ်မှု အခြေအနေ ဘယ်လိုရှိတယ်ဆိုတာ ကျွန်တော်တို့ မသိရှိရသေးပါဘူး။ ဘာပဲဖြစ်ဖြစ် အကောင်းဆုံးနဲ့ အမြန်ဆုံးရောက်ရှိ လှူဒါန်းပေးနိုင်ရေးအတွက် အတတ်နိုင်ဆုံး ကျွန်တော်တို့ကြိုးစားဆောင်ရွက်သွားမှာပါ" ဟု မိုင်းယု (၁၀၅) မိုင် ပါရမီလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးကျော်သန်းက ပြောသည်။

**သန့်ဇင်-မူဆယ်**

# ကျောင်းပြင်ပဈေးတန်း၌ ကြာဆံကြော်နှင့် မုန့်ဟင်းခါးစားရာမှ ကျောင်းသူခုနစ်ဦး အစာအဆိပ်သင့်

**မုံရွာ စက်တင်ဘာ ၃**

စစ်ကိုင်းမြို့နယ် ရွှေကြယ်ပုံကျေးရွာအထက်တန်းကျောင်း၌ စက်တင်ဘာ ၂ ရက် နံနက် ၁၀ နာရီခွဲခန့်က ကျောင်းအပြင်ဘက် မုန့်ဈေးတန်းတွင်ရောင်းချသော ကြာဆံကြော်နှင့် မုန့်ဟင်းခါးစားသောက်ရာမှ နဝမတန်းတက်ရောက်နေသည့် ကျောင်းသူခုနစ်ဦး အစာအဆိပ်သင့်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

နဝမတန်းကျောင်းသူခုနစ်ဦးသည် စစ်ကိုင်းမြို့နယ် ရွှေကြယ်ပုံကျေးရွာနှင့် တောင်မြို့ကျေးရွာတို့မှဖြစ်ပြီး အစာအဆိပ်သင့်သူ ခုနစ်ဦးအနက် ကျောင်းသူသုံးဦးကို ယင်းနေ့ နံနက် ၁၁ နာရီက မန္တလေးဆေးရုံကြီးသို့ လွှဲပြောင်းကုသမှုခံယူစေခဲ့ပြီး ကျန်သည့်ကျောင်းသူလေးဦးကို စစ်ကိုင်းမြို့နယ် ဆားတောင်တိုက်နယ်ဆေးရုံ၌ ဆေးကုသမှုခံယူခဲ့ကြောင်း သိရသည်။


မန္တလေးပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသနေသော ကျောင်းသူသုံးဦးသည် ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲတွင် လည်းကောင်း၊ ဆားတောင်တိုက်နယ် ဆေးရုံတွင် ကုသမှုခံယူနေသော ကျောင်းသူလေးဦးသည် ယင်းနေ့ ညနေ ၃ နာရီခွဲတွင် လည်းကောင်း ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံမှဆင်းကာ မိမိတို့နေအိမ်များသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

**သံတိုင်ထွန်း**

# ထမံသီဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးသို့ ချေငယ်တစ်ကောင်ကို ဒေသခံသုံးဦးက လာရောက်အပ်နှံ

**ဟုမ္မလင်း စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်၌ ချေငယ်တစ်ကောင်ကို တွေ့ရှိသဖြင့် စက်တင်ဘာ ၃ ရက် နံနက် ၆ နာရီခန့်က ဦးအောင်သူ၊ ဦးမောင်ချိုနှင့် ဦးငယ်လေးတို့ သုံးဦးက ဝိုင်းဝန်းဖမ်းဆီးကာ ထမံသီဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးသန်းလင်းထံသို့ လာရောက်ပေးအပ် လှူဒါန်းခဲ့ကြောင်း သိရသည်။



အဆိုပါ လာရောက်ပေးအပ်လှူဒါန်းသော ချေငယ်ကို ဟုမ္မလင်းမြို့ ထမံသီဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံး၌ ယာယီထိန်းသိမ်းထားပြီး အထက်အဆင့်သို့ တင်ပြကာ မိမိတို့ဌာနမှ ထမံသီဘေးမဲ့တောအတွင်းသို့ ပြန်လည်လွှတ်ပေးမည်ဖြစ်ကြောင်း၊ သဘာဝတောရိုင်းတိရစ္ဆာန်များကို ချစ်ခင်မြတ်နိုးသူများအနေဖြင့် တာဝန်သိစွာ လာရောက် အပ်နှံသည့်အတွက် မိမိတို့ဌာနမှ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း သစ်တောဦးစီးဌာနမှ တာဝန်ရှိသူက ပြောကြားသည်။

**ထွန်းကိုကို (ယင်းမာပင်)**

# ရဲတပ်ဖွဲ့ဝင်တစ်ဦးအား သေနတ်ဖြင့်ပစ်ခတ်သွားသူကို လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

**ဗန်းမော် စက်တင်ဘာ ၃**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ နယ်မြေရဲစခန်းမှ နယ်ထိန်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ အောင်သီရိရပ်ကွက် ခိုးပေါက်အနီး၌ စက်တင်ဘာ ၁ ရက် ည ၈ နာရီ ၄၅ မိနစ်တွင် တစ်ဖက်နိုင်ငံမှ ဆိုင်ကယ်ဖြင့် ဝင်ရောက်လာသူတစ်ဦးကို စစ်ဆေးစဉ် ၎င်းမှ သေနတ်တစ်ချက်ပစ်ခတ်ရာ ရဲတပ်ကြပ်တစ်ဦးတွင် ဒဏ်ရာရရှိသွားပြီး ထွက်ပြေးသူထံမှ လက်နက်နှင့် ခဲယမ်းများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁ ရက် ည ၈ နာရီ ၄၅ မိနစ်တွင် လွယ်ဂျယ်နယ်မြေရဲစခန်းမှ ခေတ္တနယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ရှိန်းလင်းကျော်နှင့်အဖွဲ့သည် အောင်သီရိရပ်ကွက် ခိုးပေါက်လမ်းဆုံအနီး၌ စောင့်ဆိုင်းနေစဉ် နယ်စပ် ကျောက်တိုင်အမှတ် (၄၉/၂)နှင့်(၅၀)ကြား တစ်ဖက်နိုင်ငံမှ လွယ်ဂျယ်မြို့ဘက်သို့ ဆိုင်ကယ်ဖြင့် ဝင်ရောက်လာသူကို မသင်္ကာ၍ စစ်ဆေးစဉ် အဆိုပါဆိုင်ကယ်သမားမှာ ၎င်းဆိုင်ကယ်၏ ခွကြားမှ M 22 အမျိုးအစားသေနတ်အား ဆွဲထုတ်နေသည်ကို တွေ့သဖြင့် ရဲတပ်ကြပ် သန့်ဇော်ဦးက ဝင်ရောက်လုံးထွေးဖမ်းဆီးခဲ့ရာ ဆိုင်ကယ်သမားက သေနတ်တစ်ချက်ပစ်ခတ်ပြီး တစ်ဖက်နိုင်ငံဘက်သို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

အဆိုပါသေနတ်ပစ်ခတ်မှုကြောင့် ရဲတပ်ကြပ်သန့်ဇော်ဦးတွင် ဒဏ်ရာတစ်ချက် (မစိုးရိမ်ရ) ရရှိခဲ့ပြီး ထွက်ပြေးသွားသူထံမှ M 22 အမျိုးအစားသေနတ် တစ်လက်၊ ကျည်ဘောက်အတွင်းမှ ကျည်ဆန် အတောင့် ၂၀၊ ကျည်ခွံ တစ်ခုနှင့် ပိုက်ဆံအိတ်တစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိသည်။ ပိုက်ဆံအိတ်အတွင်းမှ မောင်ဘရန်လိုင်အမည်ပါ နိုင်ငံသားစိစစ်ရေးကတ်တစ်ခုနှင့်အတူ တရုတ်ယွမ်ငွေ ၆၉၅ ယွမ်တို့ကို သိမ်းဆည်းရမိခဲ့ပြီး ဒဏ်ရာရရှိသူ ရဲတပ်ကြပ် သန့်ဇော်ဦးကို လွယ်ဂျယ်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူကို အမှုဖွင့်လှစ်ထား၍ ဖမ်းဆီးရမိရေးအတွက် စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## မုတ်သုံလေ အားနည်းနေ

**နေပြည်တော် စက်တင်ဘာ ၃**

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

**(မိုး/ဇလ)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၂ ရက်က မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၂၅ စီး၊ သွင်းကုန် ၃၇၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၆ စီး၊ သွင်းကုန် ၁၀၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄ ဒသမ ၇၅၉ သန်းခန့် ဖမ်းဆီးရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၂ ရက်က သတင်းအရ မူဆယ်သို့သွားရောက်မည့်ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် မိုင်တိုင်အမှတ် ၁၉၇ မိုင်နှင့် ၅ ဖာလုံ၊ စံလောင်းရွာအနီး၌ မသင်္ကာဖွယ်ရပ်တန့်ထားသော Subaru Sambar Mini Truck ယာဉ်တစ်စီးကို တွေ့ရှိ၍ စခန်းသို့ခေါ်ဆောင်စစ်ဆေးခဲ့ရာ ယာဉ်၏နောက်ကြမ်းခင်းအောက်ဘက်တွင် အံဝှက်ပြုလုပ်၍ သိုဝှက်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး ၃၃၈ ကီလိုနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ ဒသမ ၄ သန်းခန့်ကိုတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မိုးကြိုးပစ်ခံရ၍ ကျွဲရှစ်ကောင်သေဆုံး

**ဖောင်းပြင် စက်တင်ဘာ ၃**

ဖောင်းပြင်မြို့နယ်၌ စက်တင်ဘာ ၂ ရက်က မိုးရေချိန် ၁၅ လက်မခန့် စံချိန်တင် မိုးရွာခဲ့ပြီး ညသန်းခေါင်ယံ၌ မိုးကြိုးပစ်မှုကြောင့် ကျွဲရှစ်ကောင် သေဆုံးခဲ့ကြောင်း သိရသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ မိုးရေချိန်မှာ ၃၈၁ မီလီမီတာ ၁၅ လက်မ ဖြစ်ကြောင်းသိရပြီး အဆိုပါ မိုးရွာမှုကြောင့် ဖောင်းပြင်မြို့နယ်အတွက် ထူးခြားစံချိန်တင် မိုးရေချိန်ဖြစ်ရာ ဖောင်းပြင်မြို့နယ် ရွှေထီးကုန်းအုပ်စု ကောင်းမောင်းကျေးရွာနေ ဒေသခံပြည်သူ ဦးစိန်ဝင်းက "ကျွန်တော်တို့ နေ့ခင်း ကျွဲကျောင်းနေတုန်း မိုးရွာတာနဲ့ ကျွဲတွေထားပြီး ရွာပြန်ခဲ့ကြတာပါ။ ဒီနေ့သွားကြည့်တော့ ကျွဲတွေရဲ့ခန္ဓာကိုယ်မှာ အစက်အပေါက်တွေနဲ့ သေဆုံးနေတာကို တွေ့ရပါတယ်။ သက်ဆိုင်ရာကလည်း အတည်ပြုပြီးပါပြီ။ မနေ့ည ၁၂ နာရီ လောက်က ကျွန်တော့်ကျွဲတစ်ကောင်အပါအဝင် အခြားပိုင်ရှင်ငါးဦးရဲ့ ကျွဲခုနစ်ကောင် ရေစိမ်ရင်း မိုးကြိုးထိမှန်ပြီး သေဆုံးခဲ့ပါတယ်" ဟု ပြောသည်။



**(မြို့နယ် ပြန်/ဆက်)**

# တာမွေမြို့နယ်၌ဖြစ်ပွားခဲ့သော လူသတ်မှုမှ ပြစ်မှုကျူးလွန်သူများကို ၁၄ နာရီအတွင်း ဖမ်းဆီးရမိ

**ရန်ကုန် စက်တင်ဘာ ၃**

တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် မေတ္တာမွန်အိမ်ရာဝင်းရှိ လမ်းပေါ်၌ စက်တင်ဘာ ၂ ရက်က အသက်(၃၀ နှစ်) ခန့် အမျိုးသားတစ်ဦးသည် ဓားဒဏ်ရာများဖြင့် သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရ၍ အမှုအား ဖော်ထုတ်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် တာမွေမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များတို့က အခင်းဖြစ်ရပ်သို့သွားရောက်၍ စုံစမ်းဆောင်ရွက်ခဲ့ရာ သေဆုံးသူမှာ တာမွေမြို့နယ် ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်နေ ကြက်ကလေး(ခ)နေလင်းထွန်း (၂၈ နှစ်) ဖြစ်ကြောင်းနှင့် ၎င်းကိုင်ဆောင်သော ဖုန်းမှာလည်း ပျောက်ဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ သေဆုံးသူ ကြက်ကလေး(ခ)နေလင်းထွန်းသည် ဩဂုတ် ၃၁ ရက် ည ၈ နာရီခန့်တွင် ၎င်း၏ သူငယ်ချင်းများနှင့်အတူ တာမွေမြို့နယ် အောင်မင်္ဂလာလမ်းရှိ အရက်ဆိုင်၌ အရက်သောက်ရင်း ခင်မင်ရင်းနှီးသူ အမျိုးသမီးတစ်ဦးထံ ဖုန်းခေါ်ဆိုစဉ် ၎င်းအမျိုးသမီး၏ ခင်ပွန်းဖြစ်သူမှ သတ်ပစ်မည်ဟု ခြိမ်းခြောက်ပြောဆိုသံကိုလည်း ကြားရကြောင်း သိရသည်။

စုံစမ်းအတည်ပြုချက်များအရ မသင်္ကာသူများကို ရဲတပ်ဖွဲ့မှ ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂ ရက်ည ၉ နာရီတွင် တာမွေမြို့နယ်နေ စည်သူအောင် (၂၃ နှစ်)ကို ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးခဲ့ရာ စက်တင်ဘာ ၁ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ၎င်း၏ ခယ်မတော်စပ်သူ အင်ကြင်း(ခ)မေသဇင်ကို ကြက်ကလေး(ခ)နေလင်းထွန်း၏ဖုန်းသို့ ဖုန်းဆက်သွယ် ခေါ်ဆိုစေခဲ့ကာ ည ၉ နာရီခန့်တွင် တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် မေတ္တာမွန်အိမ်ရာဝင်းတွင် တွေ့ဆုံရန် ချိန်းဆိုစေခဲ့ကြောင်း၊ ၎င်းနောက် စည်သူအောင်သည် ကျော်ကြီး(ခ) ကျော်မင်းလှိုင်၊ မေလေး(ခ) မေသူလွင်၊ အင်ကြင်း(ခ) မေသဇင်တို့နှင့်အတူ ချိန်းဆိုထားသည့် နေရာသို့ သွားရောက်ခဲ့ကြောင်း၊ ည ၁၀ နာရီခန့်တွင် အင်ကြင်း(ခ) မေသဇင်နှင့် မေလေး(ခ) မေသူလွင်တို့ကို ပြန်လွှတ်ခဲ့ကြောင်း၊ ယင်းနောက် သေဆုံးသူအား ကျော်ကြီး (ခ) ကျော်မင်းလှိုင်က ချုပ်ကိုင်ပေးကာ စည်သူအောင်က အသင့်ပါလာသော အရိုးအသွား ၁၀ လက်မခန့်ရှိ ဓားမြှောင်ဖြင့် ထိုးသတ်ခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် စည်သူအောင်ပါ လေးဦးတို့ကို တာမွေမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ဖျာပုံမြို့ ချောင်းတွင်းကျေးရွာအနီး လယ်တဲအတွင်း၌ လူတစ်ဦး အသတ်ခံရ

**ဖျာပုံ စက်တင်ဘာ ၃**

ဖျာပုံမြို့နယ် ချောင်းတွင်းကျေးရွာ အနောက်ကွင်း၌ ဦးခင်မောင်ချို၏ လယ်တဲ၌ အစောင့်အဖြစ်ထားရှိသူ ဦးသိန်းလွင်(ခ) ဦးသိန်းစိုး(၅၅ နှစ်) ကလာလေးကျေးရွာ ကျိုက်လတ်မြို့နယ်နေသူသည် ဦးခင်မောင်ချို၏ လယ်တဲအတွင်း၌ ဒဏ်ရာများဖြင့် တွေ့ရှိရပြီး ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁ ရက် ည ၁၂ နာရီခန့်က ဦးခင်မောင်ချိုမှာ နေအိမ်၌ ရှိနေစဉ် ညီမဖြစ်သူ မသိန်းသိန်းထွေးက ဖုန်းဆက်၍ ၎င်း၏လယ်တဲဘက်မှ အော်သံများကြားရကြောင်း တဲကိုလာကြည့်ရန်ပြောသဖြင့် အစ်ကိုဖြစ်သူ ကိုလှကြည်၊ ယောက္ခမဖြစ်သူ ဦးသန်းဌေးတို့ကိုခေါ်၍ လယ်တဲသို့သွားရောက်ကြည့်ရှုရာ တဲပေါ်၌ ပြတ်ရှဒဏ်ရာများဖြင့် ဦးသိန်းလွင်ကို တွေ့ရှိရသဖြင့် မေးမြန်းရာ မပီမသအသံဖြင့် ပြန်ပြော၍ ကျေးရွာအုပ်ချုပ်ရေးမှူးထံ အကြောင်းကြားပြီး ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးသွားခဲ့သည်။

ထို့ကြောင့် ဦးခင်မောင်ချိုက အမှုမှန်ပေါ်ပေါက်ရေးအတွက် တရားလိုပြုလုပ်၍ ဖျာပုံမြို့မရဲစခန်း၌ အမှုဖွင့်တိုင်ကြားခဲ့သဖြင့် ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နန္ဒကျော်စွာ**

# လှိုင်းဘွဲ့မြို့နယ်၌ မိုးကြိုးထိမှန်၍ လူတစ်ဦးသေဆုံး

**နေပြည်တော် စက်တင်ဘာ ၃**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် တောင်ခြေရင်းကျေးရွာ၌ စက်တင်ဘာ ၂ ရက် ညနေ ၃ နာရီခွဲက လူတစ်ဦး မိုးကြိုးထိမှန်၍ သေဆုံးသွားကြောင်း သတင်းအရ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျေးရွာနေ ဦးမောင်လှသိန်း (၄၃ နှစ်)သည် သမီးဖြစ်သူ မရင်ရင်အေး(၁၃ နှစ်)နှင့်အတူ ငါးရှာနေစဉ် မိုးကြိုးထိမှန်၍ ၎င်းတွင် မီးလောင်ညိုမည်းဒဏ်ရာများရရှိကာ သေဆုံးသွားခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် လှိုင်းဘွဲ့မြို့မရဲစခန်း၌ သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# မုံရွာနယ်မြေရဲစခန်း အချုပ်ဖောက်ပြေးသူသုံးဦးထဲမှ တစ်ဦးကို မုံရွာချင်းတွင်းတံတားအနီးမှ ပြန်လည်ဖမ်းဆီးရမိ

**မုံရွာ စက်တင်ဘာ ၃**

ဩဂုတ် ၂၉ ရက် ညက ပုဆိန်နှစ်ဖက်သွားပါ သံဖြတ်လွှကိုသုံး၍ မုံရွာနယ်မြေရဲစခန်း အချုပ်ဖောက်ပြေးသူသုံးဦးထဲမှ တစ်ဦးကို စက်တင်ဘာ ၂ ရက် ညနေပိုင်းက မုံရွာ ချင်းတွင်းတံတားအနီး၌ ပြန်လည်ဖမ်းဆီးရမိကြောင်း သိရသည်။

စက်တင်ဘာ ၂ ရက် ညနေက နယ်ထိန်းခေါင်းဆောင် ရဲကင်းမှူးများက ရှာဖွေဖမ်းဆီးရေးဆောင်ရွက်နေစဉ် မုံရွာဘက်မှ ဆိုင်ကယ်စီးလာသူတစ်ဦးသည် သတင်းပေးနိုင်ကြောင်း ကြေညာချက်မှ ဓာတ်ပုံနှင့်တူသည့်အတွက် ဖမ်းဆီးရာမှ ပြန်လည်ဖမ်းဆီးမိခြင်းဖြစ်ကြောင်း သိရသည်။

၎င်းသည် ချုပ်ရက် ၁၀ လရှိပြီဖြစ်သော မုံရွာမြို့ ရန်ကင်းရပ်ကွက်မှ ဆန်းမင်းသူ (ခ)အောင်ကိုဖြစ်ပြီး စစ်ဆေးချက်များအရ တံတားအနောက်ဘက် ပခုက္ကူလမ်းခွဲဘက်၌ လူစုကွဲသွားသည်ဟုသိရသဖြင့် ကျန်နှစ်ဦးကို အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောသည်။

အချုပ်ခန်းဖောက်ထွင်း ထွက်ပြေးသွားသည့် ချုပ်ရက် ၁၁ လရှိပြီဖြစ်သည့် မင်းထိုက်ဆွေနှင့် ချုပ်ရက်ရှစ်ရက်သာရှိသေးသည့် မိုးဝင်း(ခ)ကိုနိုင်တို့မှာ လွတ်မြောက်နေဆဲဖြစ်ကြောင်း သိရသည်။

**သံတိုင်ထွန်း**

# နမ္မတီး၌ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နမ္မတီး စက်တင်ဘာ ၃**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နမ္မတီးမြို့ လမ်းခွကျေးရွာ၌ စက်တင်ဘာ ၂ ရက် ည ၁၀ နာရီခွဲက ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိကြောင်း နယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ နမ္မတီးရဲစခန်းမှ ရဲအုပ် ချစ်ကိုကိုသွင်နှင့် တပ်ဖွဲ့ဝင်များသည် လမ်းခွကျေးရွာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့များနှင့်အတူ လမ်းခွကျေးရွာ ရွာဦးရပ်ကွက်နေ ဦးလနူး(၂၇ နှစ်)၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်း၏ဇနီးဖြစ်သူ ဒေါ်မမွန်(၄၀ နှစ်)နှင့်အတူ တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၊ ဘိန်းဖြူ ၃၆ ဂရမ် စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၃၁၈၀၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား နမ္မတီးရဲစခန်း၌ အရေးယူထားကြောင်း သိရသည်။ **ဝင်းနိုင် (ကချင်မြေ)**

**ဖခင် အမည်မှန်**

မြစ်သားမြို့နယ်၊ အထက(ကူမဲ)၊ တက္ကသိုလ်ဝင်တန်း(C)မှ မောင်မင်းမင်းသန့်၏ ဖခင်အမည်မှန်မှာ ဦးသန်းစိုးဦး ၉/ကဆန(နိုင်)၁၀၃၀၆၉ ဖြစ်ပါကြောင်း။ **ဦးသန်းစိုးဦး**

**ဖခင် အမည်မှန်**

နွားထိုးကြီးမြို့၊ အထက တက္ကသိုလ်ဝင်တန်း(I)မှ မောင်အောင်ကျော်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးငွေညိမ်း ဖြစ်ပါကြောင်း။ **ဦးငွေညိမ်း**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7H/9536 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန (ရွာသာကြီး)**

**ဖခင်အမည်မှန်**

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ကျွန်းကုန်း အထက အတွဲ(၇)မှ မဆုရည်ရွှယ်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်းဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

ဦးဟလို့၏သား သံဖြူဇရပ်မြို့နယ်၊ ကရုပ္ပိကျေးရွာ အထက၊ တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ထွန်းဦး၏ ဖခင်အမည်မှန်မှာ ဦးထွန်းတင် ၁၀/သဖရ(နိုင်)၀၇၆၈၆၇ ဖြစ်ပါကြောင်း။ **ဦးထွန်းတင်**

**ဖခင်အမည်မှန်**


တောင်ငူမြို့၊ မိုးဆွတ်ပန်းကိုယ်ပိုင် အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း မှနော်ပနဲမူး၏ ဖခင်အမည်မှန်မှာ စောခေါဘရာ ၃/သတန(နိုင်)၀၂၈၇၅၈ ဖြစ်ပါသည်။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၇ဃ/၅၂၈၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4D/3087 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန (ရွာသာကြီး)**




**အမည်မှန်**

ဦးမိုးလွင် ၉/တကန(နိုင်) ၁၀၇၈၁၈ ၏သမီး အထက(၁) ရမည်းသင်း တက္ကသိုလ်ဝင်တန်း(E)မှ မအိဇာသွဲ့ဖြိုး၏အမည်မှန်မှာ မအေးသန္တာဖြိုး ဖြစ်ပါကြောင်း။ **မအေးသန္တာဖြိုး**

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်မကျွန်း အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မစောသီရိနွယ်၏ ဖခင်အမည်မှန်မှာ ဦးတင်မြင့် ၈/စလန(နိုင်)၀၇၈၅၃၇ ဖြစ်ပါသည်။ **ဦးတင်မြင့်**

**မွေးသက္ကရာဇ်အမှန်**

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဇီးဖြူပင်အုပ်စု၊ ကြူတောရွာမှ ဦးကံရှင်၏သမီး မနီလာဝင်း ၈/စလန(နိုင်)၁၀၆၄၉၃၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၅-၁၉၈၄ ဖြစ်ပါသည်။ **မနီလာဝင်း**

**မသင်ဇာထက်နွယ်(ခ)မနွယ်မာလှိုင်(ဘ)ဦးသိန်းဟန် ၇/ရတရ(နိုင်)၁၇၁၀၄၄ အမှတ်(၁၄၅)၊ အောင်သုခရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်နှင့်**

**အများသိစေရန်ကြေညာချက်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၂၆၃)နေ ဒေါ်စိုးမြင့်ကြည် ၈/မထန(နိုင်)၀၇၆၇၁၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ သမီးဖြစ်သူ မအိပိုင်သည် စိတ်ဝေဒနာရှင်တစ်ဦးဖြစ်ပြီး ၁၈-၅-၂၀၁၇ရက်က နေအိမ်မှပျောက်ဆုံးသွားသဖြင့် တာမွေရဲစခန်းတွင် လူပျောက်အမှတ်စဉ် (၅၂/၂၀၁၇)ဖြင့် ရေးဖွင့်ထားပြီးစုံစမ်းရာ မသင်ဇာထက်နွယ်(ခ) မနွယ်မာလှိုင်မှ မအိပိုင်အား နေအိမ်မှ လာရောက်ခေါ်ဆောင်သွားကြောင်း၊ ထိုစဉ်က မအိပိုင်နှင့်အတူ အဖိုးတန် လက်ဝတ်ရတနာများနှင့် အသုံးအဆောင်ပစ္စည်းများပါသွားကြောင်း သိရှိရပါသည်။ ထို့ကြောင့် မအိပိုင်အား အုပ်ထိန်းသူမိဘများ၏ ခွင့်ပြုချက်မရှိဘဲ သွေးဆောင်ခေါ်ယူသွားသူ မသင်ဇာထက်နွယ်(ခ) မနွယ်မာလှိုင်သည် ကျွန်ုပ်၏မိတ်ဆွေနှင့် အမြန်ဆုံးဆက်သွယ်၍ မအိပိုင်အား မိဘများထံ ပြန်လည်အပ်နှံရန်နှင့် ပျက်ကွက်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းစိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၆၀၂)**
**အမှတ်(၁၆၄)၊ ချမ်းသာလမ်း၊ (၁၉/က)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၇၈၀၁၂**

**အများသိစေရန် ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)တိုးချဲ့ရပ်ကွက်၊ ဦးဝိစာရလမ်း၊ မဟာမြိုင်အိမ်ရာ၊ တိုက် ၄၅၊ အခန်း (F-1)နေ ဦးအောင်ဝင်း ၁၂/မဂဒ(နိုင်)၀၅၃၆၈၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်တော်တို့ မိတ်ဆွေဖြစ်သူ ဦးအောင်ဝင်းသည် ၎င်းအမည်ပေါက် ဒဂုံမြို့သစ်(မြောက် ပိုင်း)မြို့နယ်၊ (၄၁)တိုးချဲ့ရပ်ကွက်၊ ဦးဝိစာရလမ်း၊ မဟာမြိုင်အိမ်ရာ၊ တိုက် ၄၅၊ အခန်း (F-1)ဟု ခေါ်တွင်သော မြေညီထပ်တိုက်ခန်းနှင့်ပတ်သက်သည့် တိုက်ခန်းရောင်းချခြင်း သဘောတူညီ ကတိစာချုပ် တိုက်ခန်းလွှဲပြောင်းလွှာနှင့် အမည်ပြောင်း ပုံစံပိုင်ဆိုင်မှုကတ်ပြားများ အစရှိသည့် တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်သော စာရွက်စာတမ်းမူရင်းများမှာ ပျောက်ဆုံးသွားသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ယင်းတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟု အဆိုရှိသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများ၊ တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့(၁)လအတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းပိုင်ဆိုင်မှုစာရွက်စာတမ်းများ လျှောက်ထားမှုကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဦးငြိမ်းချမ်းထွေး | ဦးသန်းညွှန့်အောင် |
| LL.B(၂၉၃၃၉) | LL.B(၄၇၂၆၁) |
| ဖုန်း-၀၉-၂၆၀၀၂၉၂၇၂ | ဖုန်း-၀၉-၄၅၀၀၂၅၇၀၂ |

**အထက်တန်းရှေ့နေများ**
**တိုက် ၂၁၊ အခန်း (A-4)၊ မဟာမြိုင်အိမ်ရာ၊ ဦးဝိစာရလမ်း၊ (၄၁)တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ရတနာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ်(၁၄/ခ)၊ အကျယ်အဝန်း(အလျား ပေ၂၀× ပေ၆၀)ရှိ ဂရန်မြေကွက်နှင့် ဆက်စပ်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်များဖြစ်ကြသည့် ဒေါ်အုန်းမြင့် ၁၂/ဥကတ(နိုင်)၁၁၇၃၀၄ နှင့် ဒေါ်စန်းစန်းမြင့် ၁၂/ဥကတ(နိုင်)၁၁၈၃၂၃ ထံ မှ ဝယ်ယူပြီး ပိုင်ဆိုင်အကျိုးခံစားခွင့် ၊ ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုကြသူများဖြစ်သည့် ဦးကျော်မြင့် ၁၂/တမန(နိုင်)၀၅၆၉၀၁နှင့် ဒေါ်စန္ဒာနှင်း ၁၂/ကမတ(နိုင်)၀၁၆၇၁၆တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက် အရောင်းအဝယ်ပြုလုပ်မည့်ကိစ္စရပ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်း(မူရင်း) အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ ထံသို့ ယနေ့မှစ၍ (၇)ရက်ပြည့်မြောက်သော ရက်ကိုနောက်ဆုံးထားပြီး ကန့်ကွက်နိုင် ကြောင်း။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဒေါ်မေမေလွင် | ဒေါ်မိုးမိုးအေး | ဒေါ်စုလှိုင်ထွေး |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၄၉၇၂) | (စဉ်-၇၄၅၂) | (စဉ်-၂၈၃၈၂) |

**အမှတ် ၅၆၃၊ အခန်းအမှတ် (၂၀၃)၊ MAC Tower ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၅၃၄၁၄၊ ၀၉-၇၉၉၄၀၀၁၁၈**

# ဟိုက်ဒရိုဂျင်ဗုံးကို မြောက်ကိုရီးယားစမ်းသပ်အောင်မြင်ခဲ့ကြောင်း ပြောကြား

**ပြုံယမ်း စက်တင်ဘာ ၃**

နည်းပညာပိုင်း အဆင့်မြင့်တင်ထားသည့် ဟိုက်ဒရိုဂျင်ဗုံးကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ပြီဖြစ်ကြောင်း မြောက်ကိုရီးယားက တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယား အစီအစဉ်များနှင့် ပတ်သက်၍ အမေရိကန်နှင့် တင်းမာမှုများ ပြင်းထန်လာနေသည့်အချိန်တွင် ၎င်း၏ခြောက်ကြိမ်မြောက် နျူကလီးယားစမ်းသပ်မှုကို လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယား၏ ဒုံးကျည်စမ်းသပ်မှုပြုလုပ်သည့် နေရာအနီးတွင် ဖြစ်ပွားခဲ့သည့် တုန်ခါမှုသည် ယခင်က ပြုလုပ်ခဲ့သည့် ပေါက်ကွဲမှုများထက် ၁၀ ဆခန့် အင်အားပြင်းထန်သည့်အတွက် မြောက်ကိုရီးယားသည် ခြောက်ကြိမ်မြောက်နျူလီးယားစမ်းသပ်မှုကို လုပ်ဆောင်လိုက်ပြီဖြစ်သည်ဟု ကောက်ချက်ချခဲ့ကြောင်း ဂျပန်နှင့်တောင်ကိုရီးယား အာဏာပိုင်များက ပြောကြားခဲ့သည်။

အဆိုပါ ပေါက်ကွဲမှုသည် ဟိုက်ဒရိုဂျင်ဗုံးဖြစ်သည်ဟူ၍ အခိုင်အမာပြောဆိုနိုင်ခြင်းမရှိသေးကြောင်း သိရသည်။ အဆိုပါ စမ်းသပ်မှုသည် အမေရိကန်သမ္မတဒေါ်နယ်ထရန့် တာဝန်ယူဆောင်ရွက်ချိန်မှ စတင်ကာ ပထမဆုံးသော နျူကလီးယားစမ်းသပ်မှုဖြစ်ပြီး ထရန့်ကို တိုက်ရိုက်စိန်ခေါ်လိုက်ခြင်းလည်းဖြစ်ကြောင်း သတင်းရင်းမြစ်များတွင် ဖော်ပြထားသည်။

ခေါင်းဆောင်ကင် ဦးဆောင်ညွှန်ကြားမှုပြုလုပ်ခဲ့သည့် ဟိုက်ဒရိုဂျင်ဗုံးစမ်းသပ်မှုသည် ပြီးပြည့်စုံသည့်အောင်မြင်မှုအဆင့်သို့ ရောက်ရှိခဲ့ကြောင်းနှင့် နိုင်ငံ၏ နျူကလီးယားလက်နက်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အတွက် အရေးပါသည့် ခြေလှမ်းတစ်ခုအဖြစ် ရောက်ရှိခဲ့ကြောင်း မြောက်ကိုရီးယားက ကြေညာခဲ့သည်ကို နိုင်ငံပိုင်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသခဲ့သည်။

အဆိုပါဗုံးကို နည်းပညာဆန်းသစ်ထားသည့် တိုက်ချင်းပစ်ဒုံးကျည် (ICBM) ပေါ်တွင် အခြေခံလျက်ဒီဇိုင်းရေးဆွဲခဲ့ကြောင်း မြောက်ကိုရီးယားက ကြေညာချက်အတွင်း၌ ထည့်သွင်းပြောကြားခဲ့သည်။ ၆ ဒသမ ၃ ရစ်ချ်တာစကေးရှိသည့် မြေငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း အမေရိကန် ဘူမိစစ်တမ်းကောက်ယူမှုအဖွဲ့က သတင်းပေးပို့ခဲ့ပြီး နာရီအနည်းငယ်အကြာတွင် အဆိုပါ ကြေညာချက်ပေါ်ထွက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ရိုက်တာ)**



မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်း နျူကလီးယားလက်နက်အစီအစဉ်တစ်ခုကို လမ်းညွှန်ကြီးကြပ်မှုပြုလုပ်နေစဉ်

# လော့အိန်ဂျလိစ်၌ အကြီးမားဆုံးတောမီးလောင်မှုကြောင့် လူရာနှင့်ချီ၍ ကယ်ဆယ်ရွှေ့ပြောင်း



**လော့အိန်ဂျလိစ် စက်တင်ဘာ ၃**

လော့အိန်ဂျလိစ် မြောက်ပိုင်းအစွန်အဖျား၌ ဖြစ်ပွားခဲ့သည့် တောမီးလောင်ကျွမ်းမှုသည် စနေနေ့တွင်အလွန်လျင်မြန်စွာဖြင့် အရှိန်အဟုန်ကြီးမားပြင်းထန်လာခဲ့ရာ မြို့တော်ဝန်က လော့အိန်ဂျလိစ်မြို့၏သမိုင်းကြောင်းတစ်လျှောက် အကြီးမားဆုံးသော တောမီးလောင်ကျွမ်းမှုအဖြစ် ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းမှုကြောင့် မြို့၏အဝေးပြေးလမ်းမကြီးကို ပိတ်ထားခဲ့ရပြီး လူရာပေါင်းများစွာကိုကယ်ဆယ်ရွှေ့ပြောင်းမှုများ လုပ်ဆောင်ခဲ့ရသည်။ ကင်ယွန်ရေီယာတွင် သောကြာနေ့က စတင်လောင်ကျွမ်းခဲ့ပြီးနောက် မြေဧကပေါင်း ၅၀၀၀ (၂၀၂၃ ဟက်တာ)ခန့်ကို လောင်ကျွမ်းခဲ့သည့် လာတူနာဟုအမည်ပေးထားသည့် တောမီးကြောင့် အာဏာပိုင်များသည် လော့အိန်ဂျလိစ် မြောက်ပိုင်း အိမ်နီးချင်းဒေသနှင့်အနီးရှိ ဘာ့ဘန့်ခ်နှင့်ဂလန်ဒါလီတို့မှ နေအိမ်ပေါင်း ၇၀၀ ကျော်တို့ကို ကယ်ဆယ်ရွှေ့ပြောင်းမှုများ လုပ်ဆောင်ပေးခဲ့ရသည်။

တောမီးလောင်ကျွမ်းမှုကြောင့် စနေနေ့က လော့အိန်ဂျလိစ်ရှိ နေအိမ်သုံးလုံးပျက်စီးသွားခဲ့ပြီးနောက်တွင် ပုံမှန်မဟုတ်သည့် တိုက်ခတ်လေကြောင့် မီးလောင်မှုပိုမိုဆိုးရွားလာနိုင်သည့်အတွက် ကယ်ဆယ်ရွှေ့ပြောင်းရမှုများပိုမိုများပြားလာနိုင်ကြောင်း အာဏာ ပိုင်များက သတိပေးထားသည်။

အနည်းငယ်အံ့သြဖွယ်ကောင်းသည့်အချက်မှာ တောမီးအကြီးအကျယ်လောင်ကျွမ်းမှုကြောင့် လော့အိန်ဂျလိစ်ရှိနေအိမ်သုံးလုံး ထိခိုက်ပျက်စီးခဲ့သည်မှလွဲ၍ အခြားသောပစ္စည်းဥစ္စာထိခိုက်ဆုံးရှုံးမှုမှာ မရှိသလောက်ဖြစ်ကြောင်း မြို့တော်ဝန်က ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းမှုသည် ၁၀ ရာခိုင်နှုန်းခန့်ရှိပြီး မီးသတ်ကယ်ဆယ်ရေးသမားအယောက် ၅၀၀ ကျော် မီးငြိမ်းသတ်ရာတွင် ပါဝင်ခဲ့ကြသည်။ တောမီးကြောင့် လော့အိန်ဂျလိစ်မြို့၏ နေရာအများအပြားတို့တွင် ကျန်းမာရေးကိုထိခိုက်စေသည့် ညစ်ညမ်းသောလေထုကို ရှူရှိုက်ခဲ့ရသည်။ **(ရိုက်တာ)**

# ဆော်ဒီ ဦးဆောင်သည့် လေကြောင်းတိုက်ခိုက်မှု အပြစ်မဲ့အရပ်သား သုံးဦးသေဆုံး

**ဆာနား စက်တင်ဘာ ၃**

ဆော်ဒီဦးဆောင်သော မဟာမိတ်အဖွဲ့များ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် တနင်္ဂနွေနေ့အစောပိုင်းက ယီမင်အနောက်မြောက်ပိုင်း ဟာဂျားပြည်နယ်ရှိ နေအိမ်တစ်လုံးကို ထိမှန်ခဲ့ရာ အရပ်သားအမျိုးသမီးနှစ်ဦးနှင့် ကလေးငယ်တစ်ဦး သေဆုံးသွားပြီး ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ လုံခြုံရေးအာဏာပိုင်တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

ဝါရှာဟာဒေသအတွင်းရှိ အဆိုပါ နေအိမ်သည် ရှီးယိုက်ဟူသီသူပုန်များက စောင့်ကြပ်နေသည့် လုံခြုံရေးဂိတ်မှ မီတာအနည်းငယ်ခန့်သာ ကွာဝေးသည်။

ယခုဖြစ်ပွားသည့် သေဆုံးမှုသည် စစ်ပွဲကြောင့် ထိခိုက်ခံခဲ့ရသည့် အာရပ်နိုင်ငံဖြစ်သော ယီမင်၌ နောက်ဆုံးသိရသည့် လေကြောင်းတိုက်ခိုက်မှုဖြစ်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က မဟာမိတ် ဂျက်တိုက်လေယာဉ်များသည် ဆာနားရှိ ဖက်ချ်အာတန် လူနေရပ်ကွက်မှ နေအိမ်သုံးလုံးကို တိုက်ခိုက်ခဲ့ရာ အပြစ်မဲ့ကလေးငယ် ခြောက်ဦးအပါအဝင် ၁၄ ဦး သေဆုံးခဲ့ရသည်။

ဆော်ဒီဦးဆောင်သည့် မဟာမိတ်အဖွဲ့များသည် ၂၀၁၅ ခုနှစ် မတ်လမှ စတင်ကာ ယီမင်ပဋိပက္ခအတွင်း၌ ကြားဝင်စွက်ဖက်မှု ပြုလုပ်လာခဲ့သည်။

**(ဆင်ဟွာ)**

# ဆိုမာလီယာတောင်ပိုင်းရှိ စစ်အခြေစိုက်စခန်းတစ်ခုကို စစ်သွေးကြွများ ဝင်တိုက်

**မိုဂါဒစ်ရှူး စက်တင်ဘာ ၃**

ဆိုမာလီယာနိုင်ငံတောင်ပိုင်း ကစ်မာယူ ဆိပ်ကမ်းအနီးရှိ စစ်အခြေစိုက်စခန်းတစ်ခုကို တနင်္ဂနွေနေ့အစောပိုင်းတွင် အယ်လ်ရှာဘတ်စစ်သွေးကြွများ ဝင်ရောက်တိုက်ခိုက်ခဲ့ကြကြောင်း ဆိုမာလီတပ်မတော်အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

လတ်တလောတွင် တိုက်ခိုက်မှုကြောင့် သေကျေပျက်စီးရမှုများကို အသေးစိတ် မသိရသေးကြောင်း ၎င်းက ပြောကြားခဲ့သည်။

အယ်လ်ရှာဘတ်အဖွဲ့က တိုက်ခိုက်မှုကို ၎င်းတို့လုပ်ဆောင်ခဲ့ကြောင်း ပြောကြားခဲ့ပြီး ဆိုမာလီတပ်ဖွဲ့ဝင် ၂၆ ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း ပြောကြားခဲ့သည်။

သို့သော် အဆိုပါအရေအတွက်မှာ ခိုင်လုံမှုမရှိဟု အခြားသတင်းရင်းမြစ်များက ဖော်ပြသည်။

ကစ်မာယူအနီး ဘာလာဂူဒက် ကျေးရွာအတွင်းရှိ စစ်အခြေစိုက်စခန်းတစ်ခုတွင် စစ်သွေးကြွများက ဝင်ရောက်တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်ဟု သိရသည်။ စစ်သွေးကြွများသည် တိုက်ခိုက်မှုလုပ်ဆောင်ခဲ့ပြီးနောက်တွင် လက်နက်ခဲယမ်းများနှင့် မော်တော်ယာဉ်များကို ယူဆောင်သွားခဲ့ကြောင်း အယ်လ်ရှာဘတ်စစ်သွေးကြွအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အလဒီအာဆစ် အဘူမူဆတ်က ပြောကြားခဲ့ကြောင်း သိရသည်။

**(ရိုက်တာ)**

# ထိပ်သီးဆွေးနွေးမှုမတိုင်မီ သမ္မတပူတင်၏ လက်ထောက် ဂျပန်သို့ သွားရောက်မည်

**တိုကျို စက်တင်ဘာ ၃**

ရုရှားသမ္မတဗလာဒီမာပူတင်သည် လာမည့်ကြာသပတေးနေ့တွင် ကျင်းပမည့် ဂျပန်-ရုရှား ထိပ်သီးဆွေးနွေးပွဲပြုလုပ်ရန် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တွေ့ဆုံမည်ဟု ရုရှားသမ္မတရုံးက ကြေညာခဲ့သည်။

ကရင်မလင်နန်းတော်မှ သမ္မတပူတင်၏ လက်ထောက်ဖြစ်သူ ယူရီအူရှာကော့ဗ်က ရုရှားသတင်းအေဂျင်စီသို့ပြောကြားရာတွင် ရုရှားအရှေ့ဖျားရှိ ဗလာဒီဗော့စတော့မြို့၌ ကျင်းပမည့် အရှေ့ပိုင်းစီးပွားရေးဖိုရမ် တွေ့ဆုံဆွေးနွေးမှုအပြင် ပူတင်နှင့်အာဘေးတို့၏ ထိပ်သီးဆွေးနွေးမှုကိုလည်း ပြုလုပ်သွားမည်ဖြစ်သည်ဟု ဆိုသည်။

ဗုဒ္ဓဟူးနေ့တွင် ပူတင်နှင့် တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းတို့ တွေ့ဆုံဆွေးနွေးမှုပြုလုပ်ရန် လည်းစီစဉ်ထားကြောင်း ၎င်းကပြောကြားခဲ့သည်။

ယူရီသည် မြောက်ကိုရီးယားအရေး နှင့်ပတ်သက်၍ ဂျပန်အမျိုးသားလုံခြုံရေးဌာနအကြီးအကဲ ရှိုတာယိုယာချီနှင့်လည်း အမြင်ချင်းဖလှယ်သွားရန် မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

## နိုင်ငံတကာ သတင်းတိုထွာ

### ဗြိတိန်ဝန်ကြီးချုပ် ၂၀၂၀ တိုကျို အိုလံပစ်တွင် လုံခြုံရေးဆိုင်ရာများ အကူအညီပေးမည်

**တိုကျို စက်တင်ဘာ ၃**

ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေသည် ဂျပန်နိုင်ငံတွင် ကျင်းပမည့် ၂၀၂၀ တိုကျို အိုလံပစ်နှင့် မသန်စွမ်းအားကစားပြိုင်ပွဲ ပြင်ဆင်မှုလုပ်ငန်းများတွင် လုံခြုံရေးဆိုင်ရာများ အကြံပြုကူညီရန်အဆင်သင့်ရှိကြောင်း အင်န်အိတ်ချ်ကေသတင်း တစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေက ဆိုက်ဘာ လုံခြုံရေးဆိုင်ရာများနှင့် အခြားပြဿနာရပ်များတွင် ကူညီသွားမည်ဖြစ်ကြောင်း ယမန်နေ့က အင်န်အိတ်ချ်ကေ အင်တာဗျူးတစ်ရပ်တွင် ဖော်ပြခဲ့သည်။ လန်ဒန်အားကစားပြိုင်ပွဲ ကျင်းပခဲ့သည့်အချိန်က ထရီဆာမေသည် အမိမြေလုံခြုံရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။

ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေနှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့သည် အဆိုပါကိစ္စရပ်နှင့်ပတ်သက်ပြီး တိုကျို၌ ပူးတွဲကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

### လေဆိပ်များတွင်အကြမ်းဖက်တန်ပြန် တိုက်ဖျက်ရေးလှုပ်ရှားမှုများ တိုးမြှင့်လုပ်ဆောင်သွားမည်

**တိုကျို စက်တင်ဘာ ၃**

လာမည့် ၂၀၂၀တွင် နိုင်ငံ၏ အဓိက အရေးပါသော လေဆိပ်များတွင် အကြမ်းဖက်တန်ပြန် တိုက်ဖျက်ရေး ဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်သွားရန် ဂျပန်ပို့ဆောင်ရေးဝန်ကြီး ဌာနကဆုံးဖြတ်ခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် စက်တင်ဘာ ၂ ရက်က ဖော်ပြခဲ့သည်။

လွန်ခဲ့သောနှစ် မတ်လက ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်ရှိနေရာ အချို့နှင့် လေဆိပ်တွင် ဗုံးခွဲတိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ လူပေါင်း ၃၂ ဦးသေဆုံးခဲ့သလို တူရကီနိုင်ငံ အစ္စတန်ဘူလ်လေဆိပ်တွင်လည်း ဗုံးခွဲတိုက်ခိုက်ခဲ့ရာ ၄၅ ဦးသေဆုံးခဲ့ကြောင်း သိရသည်။

အများပြည်သူများကို အဓိကလက်ခံရာ လေဆိပ်လိုနေရာမျိုးတွင် အကြမ်းဖက်တန်ပြန် တိုက်ဖျက်ရေးလှုပ်ရှားဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ယင်းနိုင်ငံ၏ပို့ဆောင်ရေးဝန်ကြီးဌာနက ပြောခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

### တင်းနစ်အကျော်အမော် ဆီရီနာဝီလီယံ မိန်းကလေးမွေးဖွား

**နယူးယောက် စက်တင်ဘာ ၃**

(၂၃) ကြိမ်မြောက် ဂရင်းစလမ်းတင်းနစ်တံခွန်စိုက်ဒိုင်းချန်ပီယံဖြစ်သူ ဆီရီနာဝီလီယံသည် ယမန်နေ့က ရင်သွေးရတနာ မိန်းကလေးတစ်ဦးကို ဖွားမြင်ခဲ့ကြောင်း အမေရိကန်သတင်းမီဒီယာများတွင် ဖော်ပြသည်။

ကလေးကို ဖလော်ရီဒါပြည်နယ် ဝက်စ်ပန်းမ်ကမ်းခြေရှိ စိန့်မေရီဆေးကုသရေးစင်တာ၌ ဖွားမြင်ခဲ့ကြောင်း သိရသည်။

ဆီရီနာသည် ဧပြီလက ကိုယ်ဝန်ရှိနေကြောင်း ကြေညာခဲ့ပြီးကလေးမွေးဖွားပြီးနောက် ၂၀၁၈ တွင် တင်းနစ်လောကသို့ ပြန်လည်ဝင်ရောက်မည်ဖြစ်ကြောင်း ပြောခဲ့သည်။ **(ဆင်ဟွာ)**

---

# အကြမ်းဖက်ဝါဒနှိမ်နင်းရေး ပြင်သစ်သမ္မတဦးစားပေး

**တင်လင်းအောင်**

**ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်ရဲ့မကြာသေးမီက ပြောသွားတဲ့ မိန့်ခွန်းပါအချက်ကို ကောက်နုတ်သုံးသပ်ရမယ်ဆိုရင် နိုင်ငံတော်လုံခြုံရေးနဲ့ တည်ငြိမ်အေးချမ်းမှုရှိရေးဟာ ပြင်သစ်နိုင်ငံရဲ့အရေးကြီးတဲ့အချက်ဖြစ်သလို အဓိကကျတဲ့အချက်လည်းဖြစ်တယ်ဆိုတာ လယ်ပြင်မှာဆင်သွားသလို သိသာထင်ရှားလှပါတယ်။ ပြင်သစ်သမ္မတ မက်ခရွန်ရဲ့ နိုင်ငံခြားရေးမူဝါဒကို သုံးသပ်မယ်ဆိုရင်လည်း အစ္စလာမ္မစ်အစွန်းရောက်အကြမ်းဖက်ဝါဒီတွေကို အမြစ်ပြတ်မြေလှန်ရှင်းလင်းသုတ်သင်ရေးဆိုတဲ့ မူဝါဒကို အခြေခံကျောရိုးအဖြစ် ရည်ရွယ်ပြဋ္ဌာန်းပြီး ဦးတည်ချက်ထားဆောင်ရွက်နေတာကို တွေ့ရမှာဖြစ်ပါတယ်။**




**ပြင်သစ်နိုင်ငံအနေနဲ့ အာဖရိကနဲ့ အရှေ့အလယ်ပိုင်းကို ကျူးကျော်ရတဲ့ အဓိကရည်ရွယ်ချက်ကတော့ အစ္စလာမ္မစ်အစွန်းရောက်အကြမ်းဖက်ဝါဒီတွေကို အမြစ်ပြတ်မြေလှန် ရှင်းလင်းသုတ်သင်ဖို့ပဲ ဖြစ်ပါတယ်**

နိုင်ငံရေးသဘောတရားပေါ် အခြေခံထားတဲ့ မူဝါဒပြဋ္ဌာန်းပြီး နောက်မှာ ပြင်သစ်နိုင်ငံဟာ လစ်ဗျား၊ မာလီနဲ့ အလယ်ပိုင်းအာဖရိကပြည်ထောင်စု နိုင်ငံတွေမှာ ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခကြားထဲ စစ်ရေးအရ ဝင်ရောက်လာခဲ့ပါတယ်။

ပြင်သစ် သံအမတ်တွေကို ပထမဆုံးပြောခဲ့တဲ့သူ့ရဲ့နှစ်ပတ်လည် မိန့်ခွန်းမှာ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်ဟာ ရှိနှင့်ပြီးသား သိသာထင်ရှားတဲ့ အရှေ့တစ်ခုဆီသို့ ဆက်လက် ချီတက်သွားမှာဖြစ်ကြောင်း၊ အဲဒီအရှေ့ဟာ ထူးခြားတဲ့ ရလဒ်များ ဆောင်ကြဉ်းပေးလာမှာဖြစ်ကြောင်း ပြောခဲ့ပါတယ်။

ပြင်သစ်နိုင်ငံကြီးကို ပြဿနာအသစ်တွေနဲ့တွေ့တဲ့အခါ နည်းလမ်းအသစ်တွေနဲ့ ချဉ်းကပ်စေချင်ပါတယ်လို့ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်ကပြောခဲ့ပါတယ်။ ပြင်သစ်နိုင်ငံရဲ့နိုင်ငံခြားရေးမူဝါဒမှာ အစ္စလာမ္မစ်အစွန်းရောက်အကြမ်းဖက်ဝါဒီတွေကို အမြစ်ပြတ်မြေလှန်ရှင်းလင်းသုတ်သင်ရေးဟာ အရေးအကြီးဆုံး ဦးစားပေးလုပ်ရမယ့် မူဝါဒဖြစ်တယ်လို့ သူကပြောခဲ့ပါတယ်။ "ပြင်သစ်နိုင်ငံရဲ့လုံခြုံရေးနဲ့ တည်ငြိမ်အေးချမ်းမှုရှိရေးဟာ ကျွန်တော်တို့ရဲ့ အဓိကကျတဲ့ သံခင်း၊ တမန်ခင်းပဲဖြစ်ပါတယ်" လို့ မက်ခရွန်က ပြောခဲ့ပါတယ်။

ပြင်သစ်နိုင်ငံအနေနဲ့ အာဖရိကနဲ့ အရှေ့အလယ်ပိုင်းကို ကျူးကျော်ရတဲ့ အဓိကရည်ရွယ်ချက်ကတော့ အစ္စလာမ္မစ်အစွန်းရောက်အကြမ်းဖက်ဝါဒီတွေကို အမြစ်ပြတ်မြေလှန်ရှင်းလင်းသုတ်သင်ဖို့ပဲ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၂၀၁၅ ခုနှစ် နိုဝင်ဘာမှာ အကြမ်းဖက် သေနတ်သမားများနဲ့ အသေခံဗုံးခွဲသူများဟာ ပါရီမှာ လူပေါင်း ၁၃၀ လောက် သတ်ဖြတ်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်ကျော်ကာလတုန်းကလည်း အစ္စလာမ္မစ်အစွန်းရောက်အကြမ်းဖက်သမားတွေကြောင့် လူအယောက် ၁၀၀ ထက်မနည်း သေဆုံးခဲ့ပါတယ်။

ပြင်သစ်နိုင်ငံရဲ့သမ္မတအဖြစ် မေလကစပြီးတာဝန်ယူ ကတည်းက မက်ခရွန်ဟာ ယခင်အစိုးရလက်ထက် နှစ်နိုင်ငံဆက်ဆံရေးအဆင်မပြေဖြစ်နေတဲ့ရုရှားနဲ့ ပြန်လည်သင့်မြတ်အောင် ကြိုးစားခဲ့ပါတယ်။ ထို့အတူပဲ တစ်ဖက်မှာလည်း မက်ခရွန်ဟာတစ်မူဆန်းသစ်တဲ့ခေါင်းဆောင်မှုတွေက အနီးကပ်ဆုံး မဟာမိတ်တွေကို စိတ်စနိုးစနောင့်ဖြစ်စေတဲ့ အမေရိကန်သမ္မတ ထရန့်နဲ့လည်း ပနံသင့်အောင်လည်းကြိုးစားခဲ့ပါတယ်။

မက်ခရွန်ဦးဆောင်တဲ့ ပြင်သစ်နိုင်ငံဟာ ဆီးရီးယားနဲ့ ယူကရိန်းကိစ္စဆွေးနွေးရန် ရုရှားကို လမ်းဖွင့်ပေးခဲ့သလို အကြမ်းဖက်မှုတွေကိုင်တွယ်ရာမှာလည်း အမေရိကန်နဲ့ ပေါင်းစည်းခဲ့ပါတယ်။ ထို့အတူ မက်ခရွန်ဟာ ပင်လယ်ကွေ့အာရပ်နိုင်ငံတွေရဲ့အကြမ်းဖက်မှုဆိုင်ရာ ရန်ပုံငွေထောက်ပံ့ရေး လမ်းကြောင်းတွေနဲ့ ပတ်သက်ပြီး ပွင့်လင်းမြင်သာမှုတွေရှိစေချင်တယ်လို့ ပြောခဲ့ပါတယ်။ ထို့အပြင် မက်ခရွန်ဟာ ဒေသတွင်း ပျက်စီးမှုကြုံတွေ့နိုင်တဲ့ ဆွန်နီဦးဆောင်ဆော်ဒီအာရေဗျနဲ့ ရှီးယိုက်ရဲ့ပြိုင်ဘက်အီရန်တို့ရဲ့ တင်းမာမှုတွေမှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ကို လက်ရှောင်နေဖို့ မသိမသာလေး သတိပေးခဲ့ပါတယ်။ "ကျွန်တော်တို့ ဘယ်သူ့ဘယ်သူကိုမှ မရွေးချယ်သင့်ဘူး" ဟု မက်ခရွန်က ပြောပါတယ်။ တစ်ဖက်ဖက်ကို ရွေးချယ်ခဲ့မယ်ဆိုရင် ရွေးချယ်လိုက်တဲ့ဘက်က အင်အားသာသွားပြီး အခြေအနေတွေ ပြောင်းလဲသွားနိုင်တယ်လို့ သူကထင်မြင်ပါတယ်။

ဒါ့အပြင် အီရန်ရဲ့ နျူကလီးယားအစီအစဉ်ကို လျှော့ချဖြတ်တောက်ဖို့ အီရန်နဲ့ ကမ္ဘာ့အင်အားကြီးနိုင်ငံများကြား နားလည်မှုထားခဲ့ကြတဲ့ ၂၀၁၅ သဘောတူညီချက်နဲ့ ပတ်သက်ပြီးတော့လည်း ရွေးချယ်စရာမရှိဘူးလို့လည်း မက်ခရွန်က ထင်မြင်ယူဆခဲ့ပါတယ်။ လတ်တလောမှာ အမေရိကန်ဟာ အီရန်နဲ့နားလည်မှုထားခဲ့ကြတဲ့ နျူကလီးယားဖြတ်တောက်လျှော့ချဖို့အရေး ၂၀၁၅ သဘောတူညီချက်ကိုပြန်လည်သုံးသပ်နေပါတယ်။ အီရန်ကလည်း သူ့ရဲ့ နျူကလီးယားအစီအစဉ်နဲ့ ပတ်သက်ပြီး ရှေ့ကိုဆက်လှမ်းချင်တဲ့ သဘောရှိပါတယ်။ မကြာသေးမီကမှ အီရန်နိုင်ငံခြားရေးဝန်ကြီးက နျူကလီးယားအစီအစဉ်ဟာ နိုင်ငံ့အရေးပဲဆိုတာကို ဖော်ထုတ်လုစ်ဟခဲ့ပါတယ်။

နျူကလီးယားဖြတ်တောက်လျှော့ချဖို့အရေးအီရန်နှင့်အင်အားကြီးနိုင်ငံများကြား နားလည်မှုထားခဲ့တဲ့ ၂၀၁၅ သဘောတူညီချက်ဟာ အီရန်နဲ့ အပြုသဘောဆောင်တဲ့ဆွေးနွေးညှိနှိုင်းမှုတွေကို လမ်းဖွင့်ပေးပါတယ်လို့ မက်ခရွန်က ပြောပါတယ်။ ပြင်သစ်သမ္မတ မက်ခရွန်လက်ထက်မှာ သံတမန်တွေက ဘာပြောလဲဆိုရင် ပြင်သစ်နိုင်ငံဟာ အမေရိကန်တို့ စစ်ရေးအရ ထဲထဲဝင်ဝင်ဖြစ်နေတဲ့ လစ်ဗျား၊ မာလီနဲ့ အလယ်ပိုင်းအာဖရိကပြည်ထောင်စုနိုင်ငံတွေမှာ ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခကြားထဲ စစ်ရေးအရ ဝင်ရောက်ဖို့ အရေးတာစူနေတယ်လို့ ပြောခဲ့ပါတယ်။ သို့သော်လည်းပြင်သစ်ဟာရာသီဥတု ပြောင်းလဲရေး ပါရီသဘောတူညီချက်မှာတော့ အမေရိကန်နဲ့ သဘောထားချင်း မတိုက်ဆိုင်ခဲ့ပါဘူး။

အနောက်အာဖရိကန် ဆာဟယ်ဒေသမှာ တပ်ဖွဲ့ဝင် ၄၀၀၀ ဖြန့်ကြက်ထားတဲ့ ပြင်သစ်သမ္မတ မက်ခရွန်က လာမယ့်ရက်သတ္တပတ်ထဲမှာ တပ်ဖွဲ့ဝင်တွေကို ပြန်လည်စိစစ်ရမယ်လို့ပြောခဲ့ပါတယ်။ လွန်ခဲ့တဲ့ ဇူလိုင်လမှာ လစ်ဗျား ပြိုင်ဘက်ခေါင်းဆောင်များ ပြင်သစ်ကို လာရောက်ပြီးတဲ့နောက်မှာ လစ်ဗျားဂိုဏ်းဂဏကွဲမှုတွေကို ငြိမ်းချမ်းသောအသွင်ဖြင့် ဆက်လက်လုပ်ဆောင်စေချင်ကြောင်း မက်ခရွန်က ပြောခဲ့ပါတယ်။

ပြင်သစ်အနေနဲ့ ဆီးရီးယား အရေးဖြေရှင်းတဲ့နေရာမှာ ဒီထက်ပိုပြီး ထဲထဲဝင်ဝင်လုပ်ဆောင်ချင်တယ်လို့ ပြောခဲ့ပါတယ်။ ပြင်သစ်နိုင်ငံမှာရှိတဲ့ ဝေဖန်ရေးသမားတွေကတော့ မက်ခရွန်ဟာ အရင်တုန်းက ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်နဲ့ပတ်သက်ပြီး ချမှတ်ခဲ့တဲ့မူဝါဒတွေဟာ အခုချိန်မှာတော့ အနည်းငယ်ပြောင်းလဲခဲ့တယ်လို့ မက်ခရွန်က ဆိုပါတယ်။

"အစ္စလာမ္မစ် အစွန်းရောက်အကြမ်းဖက်ဝါဒီတွေဟာ ကျွန်တော်တို့ရဲ့ အဓိကရန်သူတွေ ဖြစ်ပါတယ်။ အီရတ်နဲ့ ဆီးရီးယားမှာ ငြိမ်းချမ်းရေးပြန်လည်ထိန်းသိမ်းပြီး တည်ငြိမ်မှုရှိဖို့ဆိုတာ ကျွန်တော်တို့ရဲ့အရေးကြီးဆုံး ဦးစားပေးကိစ္စပဲ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးအောင်မြင်ရမယ်။ နည်းလမ်းတွေ ပြောင်းရမယ်" လို့ မက်ခရွန်က ပြောခဲ့ပါတယ်။



# ဥရောပဈေးကွက်ကို တင်ပို့နေသည့် မြန်မာ့လယ်ယာထွက်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းတွေ့ရှိပါက ဥရောပဈေးကွက်မှဖယ်ရှားခံရမည်

**ဇာလင်းသူ (AMIA)**
**ဓာတ်ပုံ-ကေဇူး (AMIA)**



ဥရောပဈေးကွက်သို့ မြန်မာ့လယ်ယာထွက်ကုန်များတင်ပို့ရာတွင် တရားမဝင်သည့် ပိုးသတ်ဆေး (သို့မဟုတ်) ခွင့်ပြုပမာဏထက် ပိုသုံးထားသည့် ပိုးသတ်ဆေးပမာဏ ပါဝင်ပါက အဆိုပါ ကုန်စည်မျိုးကို ဥရောပဈေးကွက်မှ ဖယ်ရှားခံရမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။

"ဥရောပဟာ အစားအစာ ဘေးကင်းလုံခြုံမှုအပိုင်းကို အထူးအလေးထားတာနဲ့အညီ လတ်ဆတ်တဲ့ လယ်ယာထွက်ကုန်ပစ္စည်းတွေ (Fresh Agricultural Products) အတွက် ဥပဒေပိုင်းဆိုင်ရာနဲ့ ဝယ်ယူမှုဆိုင်ရာ လိုအပ်ချက်အမျိုးမျိုးနဲ့ ကိုင်တွယ်ဆောင်ရွက်တာ ဖြစ်ပါတယ်။ ဒါကြောင့် ဥရောပဈေးကွက်သို့ သစ်သီးဝလံနဲ့ ဟင်းသီးဟင်းရွက်တွေတင်ပို့မယ်ဆိုရင် ဥရောပသမဂ္ဂက သတ်မှတ်ထားတဲ့ Legal နဲ့ Non-Legal Requirements တွေကို ပြည့်မီအောင် ဖြည့်ဆည်းဆောင်ရွက်ဖို့ လိုပါတယ်။ တစ်ပြိုင်နက်တည်းမှာပဲ မြန်မာနိုင်ငံက တင်ပို့သူတွေအနေနဲ့ သစ်သီးဝလံနဲ့ ဟင်းသီးဟင်းရွက်တွေကို အော်ဂဲနစ်ထုတ်လုပ်မှု နည်းလမ်းတွေနဲ့ ထုတ်လုပ်ပြီး သတ်မှတ်ထားတဲ့ အရည်အသွေး၊ စံချိန်စံညွှန်းနဲ့ ဈေးကွက်လိုအပ်ချက်တွေကို ကိုက်ညီအောင် တင်ပို့နိုင်မယ်ဆိုရင် ပုံမှန်ဈေးကွက်နဲ့မတူတဲ့ Niche Market တစ်ခုကို ခွဲထွက်တင်ပို့ခွင့်ရရှိမယ့် ဈေးကွက် အခွင့်အရေးတွေလည်း ရှိနေတာဖြစ်ပါတယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက အမျိုးသားပို့ကုန် မဟာဗျူဟာတစ်ရပ် (National Export Strategy) ကို ၂၀၁၃ ခုနှစ်ကတည်းက ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပြီး ထပ်တိုးဦးစားပေး ကဏ္ဍများအဖြစ် လယ်ယာထွက်ကုန်ပစ္စည်း၊ အခြေခံ စားသောက်ကုန် ထုတ်လုပ်ခြင်း၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တို့ကို ရွေးချယ်သတ်မှတ်ထားကြောင်း သိရသည်။

"ဥရောပသမဂ္ဂမှာဆိုရင် စားသောက်ကုန်တွေမှာ ပိုးသတ်ဆေး အသုံးပြုမှုနဲ့ ပတ်သက်တဲ့ အမြင့်ဆုံးဓာတ်ကြွင်းပါဝင်မှုအဆင့် (Maximum Residue Levels-MRLs) ကိုလည်း သတ်မှတ်ထားပါတယ်။ ဥရောပဈေးကွက်ကို ဝင်ချင်ရင်တော့ ရောဂါကူးစက်နိုင်တဲ့ အဏုဇီဝပစ္စည်းဆိုင်ရာ မသန့်ရှင်းမှု ကာကွယ်တာနဲ့ တင်းကျပ်တဲ့ MRLs တွေကို ကိုက်ညီအောင် ဆောင်ရွက်ပေးဖို့ဟာ မဖြစ်မနေလိုအပ်တဲ့ ကြိုတင်ဖြည့်ဆည်းပေးရမှုဖြစ်လာပါတယ်။ ဒီနေရာမှာ ပိုပြီး သတိထားရမယ့် အချက်တစ်ချက်ကတော့ အီးယူဟာ Member States ဖြစ်တာနဲ့အညီ အချို့အဖွဲ့ဝင် နိုင်ငံတွေရဲ့ ဝယ်ယူသူတွေဟာ အီးယူကချမှတ်ထားတဲ့ စည်းမျဉ်းတွေထက် ပိုတင်းကျပ်တဲ့ MRLs တွေကို အသုံးပြုနိုင်တဲ့အချက်ဖြစ်ပါတယ်။ စူပါမားကက် အများစုဟာ ပိုးသတ်ဆေး အသုံးပြုမှုနဲ့ ပတ်သက်ပြီး ဥရောပသမဂ္ဂက ချမှတ်ထားတဲ့ စည်းမျဉ်းဥပဒေတွေထက် ပိုမိုတင်းကျပ်တဲ့ ၎င်းတို့ရဲ့ ကိုယ်ပိုင်စံချိန်စံညွှန်း (Codes of Practices) တွေ သတ်မှတ်ထားပါသေးတယ်"ဟု ပြည်ပပို့ကုန် လုပ်ငန်းရှင် ဒေါက်တာမြတ်မင်းက ပြောသည်။

အီးယူ၏ စည်းမျဉ်းဥပဒေသများတွင် လယ်ယာထွက်ကုန်များ၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်အားလုံးအတွက် အနိမ့်ဆုံးရင့်မှည့်မှုလိုအပ်ချက်နှင့် အနိမ့်ဆုံးအရည်အသွေးတို့ကို ယေဘုယျအားဖြင့် သီးခြားဈေးကွက်ဆိုင်ရာ စံနှုန်းများ (General and Specific Marketing Standards) အဖြစ်သတ်မှတ်ထားကြောင်း၊ ပန်းသီး၊အချဉ်ဓာတ် ပါဝင်သော အသီးများ (Citrus Fruit)၊ ကီဝီသီး၊ ဆလတ်ရွက်၊ မက်မွန်သီးကဲ့သို့သောအသီးများ (Peaches and Nectarines)၊ သစ်တော်သီး၊ စတော်ဘယ်ရီသီး၊ ငရုတ်ပွ၊ စပျစ်သီး၊ ခရမ်းချဉ်သီးတို့အတွက် Specific Marketing Standards (MS)များ သတ်မှတ်ထားကြောင်း သိရသည်။

တံဆိပ်ကပ်ခြင်းနှင့် ထုပ်ပိုးမှုဆိုင်ရာ သတ်မှတ်ချက်များ အီးယူသို့ တင်သွင်းလာမည့် စားသောက်ကုန်များတွင် စားသောက်ကုန်အတွက် တံဆိပ်ကပ်ခြင်းဆိုင်ရာ ဥပဒေများနှင့်အညီ ကိုက်ညီရန်လိုအပ်ပြီး ထုပ်ပိုးသူနဲ့ ပေးပို့သူ (Dispatchers) ၏ အမည်နှင့် လိပ်စာထုတ်ကုန်၏ အမည် (ထုပ်ပိုးမှုအပြင်မှ မမြင်တွေ့နိုင်ပါက)၊ ပင်ရင်းနိုင်ငံ၊ အမျိုးအစားနှင့် အရွယ်အစား (ဈေးကွက်စံချိန်စံညွှန်းများအရ)၊ ခြေရာခံမှုဆိုင်ရာ lot number ပါဝင်ကြောင်း သိရသည်။

## ဝက်မွေးမြူရေးလုပ်ငန်းများ၌ အစာလိုအပ်ချက်မှာ ၂၅ ရာခိုင်နှုန်းထိ ရောက်ရှိလာနိုင်

**ဇာလင်းသူ (AMIA)**

ဝက်မွေးမြူရေးလုပ်ငန်းများ၌ အစာလိုအပ်ချက်မှာ ၂၅ ရာခိုင်နှုန်းထိ ရောက်ရှိလာနိုင်ကြောင်း မန္တလေးတိုင်းဒေသကြီး အသားတိုးဝက်မွေးမြူရေးလုပ်ငန်းစုမှ သိရသည်။

ထို့ပြင် လက်ရှိ ကာလ၌ စီးပွားဖြစ်ဝက်မျိုးမွေးမြူထားရှိမှုမှာ ဝက်မကြီးအကောင် ၃၀၀၀၀ ခန့်ရှိကြောင်း ဒေသဝက်မျိုးတွင် ဝက်မကြီး ၂၁၀၀၀၀ ခန့် မွေးမြူထားသည်။ စီးပွားဖြစ် ဝက်သားပေါက်ထုတ်လုပ်မှုသည် တစ်နှစ်လျှင် ဝက်သားပေါက် ၁၁၅၀၀ ရှိပြီး ဒေသဝက်မျိုးသားပေါက်ထုတ်လုပ်မှုတွင် တစ်ပတ်လျှင် ဝက်ပေါက်ကောင်ရေ ၆၀၀၀၀ ထွက်ရှိကြောင်း ယင်းအစုအဖွဲ့ဝင် ဦးကျော်မင်းစိုးက ပြောသည်။

"အခုနှစ်မှာ ဝက်မွေးမြူရေး လုပ်ငန်းတွေ စာရင်းကောက်ထားချက်အရတော့ ၁၅ရာခိုင်နှုန်းအထိ တိုးတက်မွေးမြူလာပါတယ်။ ဒါကြောင့်ပဲ အစာလိုအပ်ချက်၊ ကုန်ကြမ်းလိုအပ်ချက် မြင့်တက်လာဖို့ရှိနေတာပါ။ စီးပွားဖြစ်ကော၊ တစ်ပိုင်တစ်နိုင်ရော မွေးမြူကြတာဖြစ်လို့ ဒီလုပ်ငန်းက အမြတ်အစွန်းကျန်နေပါတယ်"ဟု ၎င်းက ပြောသည်။

တစ်နှစ်လျှင် စီးပွားဖြစ်ဝက်ကောင်ရေ ၅၈၀၀၀၀ နှင့် ဒေသဝက် ၂ ဒသမ ၉ သန်းခန့် ဈေးကွက်သို့ ပို့ပေးလျက်ရှိပြီး ဝက်မွေးမြူရေးကဏ္ဍတစ်ခုလုံးအတွက် အစာကုန်ကြမ်းလိုအပ်ချက်မှာ မက်ထရစ်တန် ၀ ဒသမ ၇၆ သန်းရှိသည် ဟု မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ ခန့်မှန်းထားသည်။

နို့စားနွားနှင့် ဝက်မွေးမြူရေးကဏ္ဍနှစ်ရပ်ပေါင်း၏ အစာကုန်ကြမ်းလိုအပ်ချက်မှာ ၂၀၁၄ ခုနှစ်တွင် မက်ထရစ်တန် ၁ ဒသမ ၈၄သန်း၊ ၂၀၁၅ ခုနှစ်တွင် ၂ ဒသမ ၁၂ သန်း ၁၅ ရာခိုင်နှုန်း၊ ၂၀၁၆ ခုနှစ်တွင် မက်ထရစ်တန် ၂ ဒသမ ၅၄ သန်း ၂၀ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်တွင် မက်ထရစ်တန် ၃ ဒသမ ၁၇ သန်း ၂၅ ရာခိုင်နှုန်း အထိရောက်ရှိလာနိုင်ကြောင်း သိရသည်။



## ရေစကြိုမြို့နယ်၌ ရေဝင်၍ငှက်ပျောခြံအချို့ပျက်စီးဆုံးရှုံး

**အိမွန်ဆွေ(ရေစကြို)**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်၌ မြစ်ရေဝင်ရောက်မှုကြောင့် ငှက်ပျောခြံအချို့ ပျက်စီးဆုံးရှုံးလျက်ရှိကြောင်း သိရသည်။

" ဒီနှစ်မြစ်ရေက ငှက်ပျောခြံထဲကို နှစ်ကြိမ်ဝင်တယ်။ ပထမရေဝင်တုန်းက တစ်ဝက်လောက်သေကုန်တယ်။ အခု ဒုတိယရေထပ်တက်တော့ တစ်ခြံလုံးနီးပါး သေကုန်ပြီ။ အပင်ရေစိမ်ကြာတာရော၊ ဝင်တဲ့ရေက မစီးဘဲ နေရာတင် ဝပ်နေတာရော၊ ရေပူတာတွေကြောင့် အပင်တွေသေကုန်တာ" ဟု ငှက်ပျောခြံပိုင်ရှင် ဦးသောင်းဌေးက ပြောသည်။

ရေစကြိုမြို့နယ်ထွက် ငှက်ပျောသီးများသည် သဘာဝသီးနှံများဖြစ်ပြီး အပင်များအား ဆေးဖျန်းခြင်း၊ အသီးများကို မှည့်ဆေးဆွတ်ခြင်းများ ဆောင်ရွက်လေ့မရှိခြင်းတို့ကြောင့် လူကြိုက်များ၍ ဈေးကောင်းကြောင်း သိရသည်။

"ကျွန်တော်က ငှက်ပျောတစ်ဧကခွဲစိုက်ထားတာ။ မနှစ်ကလည်း တစ်ခြံလုံးသေတယ်။ ဒီနှစ်လည်း တစ်ခြံလုံးသေတယ်။ အပင်ပေါင်း လေးရာကျော်လောက်ရှိတယ်။ ဝယ်မယ့်သူက ခြံထဲလာဝယ်တာ။ အခုလို တစ်ခြံလုံးစာအပင်တွေ သေတော့ နှမြောမိတယ်"ဟု ငှက်ပျောခြံပိုင်ရှင်တစ်ဦးက ပြောသည်။

ရေစကြိုမြို့၌ ဖီးကြမ်းငှက်ပျောမျိုးများကို စိုက်ပျိုးသူများပြားပြီး ရေစကြိုမြို့သို့ မုံရွာမြို့နယ်မှ ငှက်ပျောဖီးအစိမ်းများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ငှက်ပျောတစ်ဖီးလျှင် ငွေကျပ် ၄၀၀ ခန့် ပေါက်ဈေးရှိသော်လည်း ရေစကြိုမြို့နယ်ထွက် ဖီးကြမ်းငှက်ပျောသီးများမှာ တစ်ဖီးလျှင် ငွေကျပ် ၁၂၀၀ ကျော်ထိ ပေါက်ဈေးရ၍ ဝယ်ယူသူများပြားလျက်ရှိကြောင်း သိရသည်။

## မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ပဲမျိုးစုံရောင်းဝယ်မှု သဘောတူလက်မှတ်ရေးထိုးနိုင်ရန် စာချုပ်မူကြမ်းကို အိန္ဒိယဘက်သို့ပေးပို့ထား

**ဇာလင်းသူ (AMIA)၊ ဓာတ်ပုံ-ဝတ်ရည်မွန် (AMIA)**

မြန်မာ- အိန္ဒိယနှစ်နိုင်ငံ ပဲမျိုးစုံ ရောင်းဝယ်မှု သဘောတူလက်မှတ်(MoU) ရေးထိုးနိုင်ရန် မူကြမ်းကို အိန္ဒိယဘက်သို့ ပေးပို့ထားပြီး အတည်ပြုလက်ခံနိုင်မှု ရှိမရှိကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့် အကြောင်းပြန်ပေးရန် မေတ္တာရပ်ခံထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သိရသည်။

မြန်မာ- အိန္ဒိယ ပဲဝယ်ယူရေးနှင့် စပ်လျဉ်း၍ ၂၀၁၆ ခုနှစ် ဇန်နဝါရီက အိန္ဒိယဘက်မှ အစိုးရချင်း ချိတ်ဆက်ဆောင်ရွက်မှု (G to G) ဖြင့် မြန်မာနိုင်ငံမှ ပဲဝယ်ယူလိုကြောင်း ဆွေးနွေးလာကြောင်း၊ ဝယ်ယူရေး နားလည်မှုစာချွန်လွှာရေးထိုးပြီး အပြန်အလှန်ဆောင်ရွက်မည့် ကိစ္စရပ်များ ဆွေးနွေးခဲ့ကြောင်း၊ မြန်မာဘက်မှလည်း MoU မူကြမ်းအား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ပေးပို့ခဲ့ပြီး ဖြစ်သော်လည်း အိန္ဒိယဘက်မှ အကြောင်းပြန်ခြင်း မရှိသေးကြောင်း၊ အဆိုပါ ပေးပို့ချက် MoUတွင် မြန်မာဘက်မှ ပြင်ဆင်ပေးပို့ထားခြင်း လက်ခံနိုင်ခြင်း ရှိမရှိကို ပြင်ဆင်ဖြည့်စွက်မှုများ ရှိမရှိကို ဆောလျင်စွာအကြောင်း ပြန်ပေးရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့် မေတ္တာရပ်ခံထားခြင်းဖြစ်ကြောင်း သိရသည်။

အိန္ဒိယဘက်မှ စတင်အဆိုပြုလာသည့် ပဲရောင်းဝယ်မှု မူကြမ်းတွင် မြန်မာနိုင်ငံမှ မတ်ပဲ၊ ပဲစင်းငုံတို့ကို ၂၀၁၇ ခုနှစ်တွင် တန်ချိန် ၄သိန်း၊ ၂၀၁၈ခုနှစ်တွင် တန်ချိန် ၄ ဒသမ ၂၅ သိန်း၊ ၂၀၁၉ ခုနှစ်တွင် တန်ချိန် ၄ဒသမ ၅ သိန်း၊ ၂၀၂၀ ပြည့်နှစ်တွင် တန်ချိန် ၄ဒသမ ၇၅သိန်း၊ ၂၀၂၁ခုနှစ်တွင် တန်ချိန် ၁၀ သိန်း စသည်တို့ကို ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ငါးနှစ်ဝယ်ယူမည်ဖြစ်ကြောင်း၊ ဈေးများကိုလည်း အနိမ့်ဆုံးဈေးအပေါ် အခြေခံ၍ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အတွင်းရေးမှူး ဦးမင်းကိုဦးက "လက်ရှိဘဏ္ဍာနှစ်အတွင်းမှာ အိန္ဒိယဘက်ကို ပဲတီစိမ်းနဲ့ ပဲစင်းငုံတန်ချိန် ငါးသိန်းကျော် ပို့ထားပြီးဖြစ်ပါတယ်။ အိန္ဒိယဝန်ကြီးချုပ်လာတဲ့ အခါမှာလည်း ဒီတိုင်းပဲ ပြန်ဝယ်ပေးဖို့ တင်ပြသွားမှာ ဖြစ်ပါတယ်။ ဒီတိုင်းပဲ ပို့လို့ရမလား၊ G to G ပဲဖွင့်မလားဆိုတာ ဆွေးနွေးပြီးရင်တော့ ဆုံးဖြတ်နိုင်မှာပါ။ တကယ်လို့ ဝန်ကြီးချုပ်က နှစ်နိုင်ငံချစ်ကြည်ရေးအရ G to G ဝယ်ဖြစ်ဖို့တော့ အလွန်များသွားပါပြီ။ G to G ဖြစ်ရင်တော့ ထွက်ပေါက်တစ်ခုအနေနဲ့ ယူထားရမှာပါပဲ" ဟု ပြောသည်။

သို့သော်လည်း မြန်မာဘက်မှ ပြန်လည်ပြင်ဆင်ပြီး မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်းတို့ကို ၂၀၁၇ ခုနှစ်တွင် တန်ချိန် ခြောက်သိန်းအား တစ်ခုလျှင် တန်ချိန် ငါးသောင်းနှုန်း အခြေခံဈေးထက်မနိမ့်သောဈေးဖြင့် အရောင်းအဝယ်မပြုရန်၊ နှစ်စဉ် စိုက်ပျိုးထုတ်လုပ်မှုအပေါ်မူတည်၍ နောင်နှစ်များတွင် ဆက်လက်ရောင်းချမည့် ပမာဏကို နှစ်စဉ်ညှိနှိုင်းပြင်ဆင်ရန်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနကိုယ်စား မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းတို့မှ ဆက်လက်ဆောင်ရွက်ရန်တို့ကို အဆိုပါ MoU တွင် ပြန်လည်ပြင်ဆင်ကာပေးပို့ခဲ့ကြောင်း သိရသည်။



# တရုတ်သို့ ဆန်တင်ပို့မှု မန္တလေး-ဗန်းမော် ရေလမ်းကြောင်းကို ပြောင်းလဲအသုံးပြုလာ

**ဇာလင်းသူ (AMIA)၊ ဓာတ်ပုံ-ကေဇူး (AMIA)**

ယခု ဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆန်များကို တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် မန္တလေး-ဗန်းမော် ရေလမ်းကြောင်းကို အသုံးပြုလာနိုင်မှုကြောင့် ကုန်ကျစရိတ်များ သက်သာလာကြောင်း ဆန်ကုန်သည်က ပြောကြားသည်။

“ရွှေလီမြစ်ရေကြီးမှုဖြစ်တဲ့အတွက် မူဆယ်အထိတော့ ဆန်ပို့လို့ရတယ်။ ဟိုဘက်ကမ်း သယ်ဖို့အတွက် တစ်ဆင့်ပြန်သယ်မရတော့ အခက်အခဲဖြစ်ရတယ်။ ဒါ့ကြောင့် ကုန်သည်တွေက ဗန်းမော်ရေလမ်းကြောင်းကို အသုံးပြုလာတာပါ။ ရေလမ်းကြောင်းကနေ ပို့တာ ကုန်ကျစရိတ်သက်သာလာပါတယ်။ ဆန်တစ်တန် သယ်ယူစရိတ်ငွေကျပ် တစ်သိန်းကျော်လောက်ကုန်တာကနေ အခု ခုနစ်သောင်းဝန်းကျင်လောက်ပဲ ကုန်ကျတော့တယ်” ဟု တိုင်းဒေသကြီးမှ ဆန်ကုန်သည် ဦးမင်းထက်အောင်က ပြောသည်။



တရုတ်နိုင်ငံသို့ တင်ပို့ရေးအတွက် ဧရာဝတီမြစ်ကြောင်းအတိုင်း မန္တလေး၊ ဗန်းမော်၊ လွယ်ကျယ်လမ်းကြောင်းကို အသုံးပြုကာ တင်ပို့နေခြင်းဖြစ်ပြီး ဗန်းမော်ဆန်ကုန်သည်များသာ အဓိက လုပ်ဆောင်ကြောင်း သိရသည်။

ရေလမ်းကြောင်း အသုံးပြုပြီး တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရာတွင် ကုန်းလမ်းကြောင်းထက် ဆန်တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀ ဝန်းကျင်ခန့် သယ်ယူပို့ဆောင်စရိတ်သက်သာကြောင်း ယခုနှစ်တွင် တရုတ်နိုင်ငံဘက်မှ ဝယ်လက်များ အရောင်းအဝယ်အေးမှု၊ တရုတ်ငွေဈေးကျဆင်းမှုများရှိသည့်အတွက် အလုံးအရင်းတင်ပို့ခြင်းမပြုနိုင်ကြောင်း ဆန်ကုန်သည်များက ပြောသည်။

“ဈေးကွက်ငြိမ်ပါတယ်။ အရောင်းအဝယ်အေးတယ်။ ကုန်းလမ်းရဲ့လမ်းပန်းဆက်သွယ်ရေးကလည်း ခက်ခဲနေတော့ ရေကြောင်းတိုင်း သွားတာအဆင်ပြေလာတယ်။ လက်ရှိအထိတော့ ဧည့်မထ အုပ်စုတွေအဝယ်များတယ်” ဟု ပြည်တွင်းဆန်ကုန်သည် ဦးကျော်နိုင်က ပြောသည်။

မန္တလေး ဆန်ဈေးကွက်အတွင်းမှ တရုတ်နိုင်ငံဘက် တင်ပို့မှု နည်းပါးနေသည့်အပြင် မိုးတွင်းကာလဖြစ်သည့်အတွက် လမ်းပန်းဆက်သွယ်ရေး အဆင်မပြေမှုများရှိသည့်အတွက် အခြားနယ်များအား တင်ပို့မှုလည်း နည်းပါးကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးမှ ရေလမ်းကြောင်းအသုံးပြုတင်ပို့ရာတွင် လက်ရှိကာလတွင် မိုးရာသီဖြစ်သည့်အတွက် ဆန်အိတ်များကို မိုးရေစိုမှု၊ လမ်းခရီးတွင်သွားလာရသည့် အချိန်ကြာမြင့်မှုများ ရှိသည့်အတွက် ပျက်စီးဆုံးရှုံးနိုင်မှုတို့ကိုလည်း တွက်ဆရကြောင်း ဆန်ကုန်သည်များက ပြောသည်။

ယခုနှစ်တွင် ဆန်ကုန်သည်များ တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် ဘက်ပေါင်းစုံမှ အခက်အခဲများရှိနေသည့်အတွက် ဆန်အလုံးအရင်း တင်ပို့မှု နည်းပါးသွားခြင်းဖြစ်ကြောင်း သိရသည်။

ယခင်နှစ်အတွင်းက တရုတ်နိုင်ငံဘက်မှ ဆန်အဝယ်လျော့နည်းခဲ့သော်လည်း ဈေးကောင်းရရှိခဲ့ကြောင်း၊ မြန်မာပြည်တွင်းတောင်သူများနှင့် ကုန်သည်များအနေနှင့် ဆန်ထုတ်လုပ်မှု ကုန်ကျစရိတ်မြင့်မားသည့်အတွက် လက်ရှိပြည်တွင်းဈေးကွက်အတွင်း ဖြစ်ပေါ်နေသည့် ဈေးနှုန်းထက် လျှော့ချရောင်းမည်ဆိုပါက အရင်းဆုံးရှုံးမှုများ ဖြစ်လာနိုင်သည့်အတွက် လျှော့ချရောင်းနိုင်ခြင်းမရှိကြောင်း ဆန်ကုန်သည်များထံမှ သိရသည်။

# စိုက်ပျိုးရေနှင့် သုံးရေအတွက်အားထားရာ ရမည်းသင်းမြို့မှ ကျီးနီကန်

**အတ်ကလေး (ရမည်းသင်း)**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း၌ စိုက်ပျိုးရေကို မြို့နယ်အတွင်းရှိ ဆည်၊ ကန်များမှ ရရှိသည်ဖြစ်ရာ ယင်းဆည်/ကန်များစွာတို့တွင် ကျီးနီကန်ကြီးသည်လည်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေအတွက် အားထားရသော ကန်ကြီးတစ်ကန်ဖြစ်ပေသည်။

အဆိုပါ ကျီးနီကန်ကြီးသည် ရမည်းသင်းမြို့၏ အရှေ့တောင်ဘက်တွင်တည်ရှိပြီး ရှေးမြန်မာမင်းများအဆက်ဆက်က တည်ဆောက်ပြုပြင်ခဲ့သည်ဟု သိရသည်။ ကျီးနီကန်ကြီး၏ ထူးခြားမှုမှာ ရေဝင်နှစ်ဖက် (အရှေ့ဘက်/အနောက်ဘက်)နှင့် ရေထွက်နှစ်ဖက်(တောင်ဘက်/မြောက်ဘက်) တည်ရှိသည်ဖြစ်ပြီး မြောက်ဘက်ရေထွက်မြောင်းများမှ စမုံချောင်းအတွင်းသို့စီးဆင်းပြီး တောင်ဘက်ရေထွက်မြောင်းများမှ နဝင်းချောင်းအတွင်းသို့ စီးဆင်းသည်။

ကျီးနီကန်ကြီး၏ မြောက်ဘက်ကန်ပေါင်အလျားမှာ ပေ ၁၂၀၀၊ တောင်ဘက်ကန်ပေါင်အလျားမှာ ပေ ၉၅၀၀ ဖြစ်ပြီး အနောက်ဘက်ကန်ပေါင်(အသစ်) အလျားမှာ ပေ ၇၅၀၀ ဖြစ်သည်။ ကန်ပေါင်အမြင့်မှာ ၁၇ ပေရှိပြီး ကန်၏ ပျမ်းမျှရေအနက် ၁၀ ပေ၊ ရေလှောင်ပမာဏမှာ ဧကပေ ၈၀၀၀ ဖြစ်သည်။

ယခင်နှစ်များက ကျီးနီကန်ကြီးအား ပြန်လည်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သဖြင့် နွေသီးနှံ မစိုက်ပျိုးနိုင်ခဲ့ဟုသိရပြီး ယခုနှစ်တွင် ကျီးနီကန်အတွင်း၌ ရေလုံလောက်စွာရရှိသည်ဖြစ်၍ ကျီးနီကန်စိုက်ပျိုးရေသောက် ကျောင်းတိုက်စုကွင်း၊ မြို့မကွင်း၊ သင်ပန်းကုန်းကွင်း၊ ဆည်ကြီးကွင်း၊ ဥသျှစ်ကုန်းကွင်း၊ ကန်ဆွယ်ကွင်း အစရှိသော ဒေသစိုက်ပျိုးကွင်းများတွင် ကျီးနီကန်စိုက်ပျိုးရေဖြင့် နွေစပါးဧက ၆၇၀၊ မိုးစပါးဧက ၂၅၀ ကို စိုက်ပျိုးနိုင်ခဲ့သည်ဟု သိရသည်။

ကျီးနီကန်ကြီးသည် မြို့နှင့်ဆက်စပ်လျက်ရှိသောကြောင့် ဒေသခံပြည်သူများမှာ နေ့စဉ်ကန်ပေါင်ပေါ်တွင် လမ်းလျှောက်ခြင်း၊ ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်ခြင်း၊ လေညင်းခံ အနားယူကြခြင်းတို့ဖြင့် စည်ကားလှပေသည်။

ကျီးနီကန်ကြီးသည် မြို့နယ်အတွင်း စိုက်ပျိုးရေအတွက် အဓိကအားထားရသော ကန်ကြီးတစ်ကန်ဖြစ်သည့်အပြင် မြို့ပေါ်ရပ်ကွက်အသီးသီးသို့ သုံးရေပေးဝေနေသော ကန်ကြီးတစ်ကန်ဖြစ်ခြင်းကြောင့် ဒေသအတွက် များစွာအကျိုးပြုပါကြောင်း လေ့လာရေးသားဖော်ပြလိုက်ရပေသည်။



# တစ်ပတ်အတွင်း ဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်ခဲ့သည့် သီးနှံများ

**ဝတ်ရည်မွန် (AMIA)၊ ဓာတ်ပုံ- မေမိုးသဲ**

ပြီးခဲ့တဲ့အပတ်က ပဲသုံးမျိုးကို ဈေးကွက်အတွင်းမှာ အရောင်းအဝယ် ပိတ်ခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ဈေးပြန်ဖွင့်ခဲ့ပါတယ်။ ဈေးကွက်မပိတ်ခင် ပဲဈေးတွေက ဈေးကျဆင်းနေပေမယ့် ဈေးကွက် ပြန်လည်ဖွင့်တဲ့အချိန်မှာတော့ ဈေးက အဆမတန်ကို ကျဆင်းနေတာ တွေ့ရပါတယ်။

**မတ်ပဲ (FAQ/RC)**

**ဈေးထက်ဝက်နီးပါးကျဆင်း**

ပြီးခဲ့တဲ့ အပတ်က ပဲလောကအတွင်း ရှုပ်ထွေးမှုတွေ ဖြစ်ခဲ့တဲ့ မတ်ပဲက ဒီတစ်ပတ်မှာတော့ ဈေးပြန်လည်ဖွင့်ခဲ့ပါတယ်။ ဈေးမပိတ်ခင် မတ်ပဲက တစ်တန်ကို ငွေကျပ်ရှစ်သိန်းကျော်ရှိခဲ့ပေမယ့် ဈေးစဖွင့်ခဲ့တဲ့ အချိန်မှာတော့ တစ်တန်ကို ငွေကျပ်ငါးသိန်းကျော်သာ ပေါက်ဈေးရှိနေပါတယ်။

လက်ရှိပေါက်ဈေးက တစ်တန်ကို မတ်ပဲက ငွေကျပ် ၅၉၆၀၀၀ ပေါက်ဈေးရှိနေပါတယ်။

အိန္ဒိယနိုင်ငံက ဝယ်ယူခွင့်ကို ကန့်သတ်လိုက်တာနဲ့ ပတ်သက်ပြီး စီးပွားကူးသန်းရောင်းဝယ်ရေးနဲ့ ပဲကုန်သည်တွေ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ အစိုးရက ရန်ပုံငွေထူထောင်ကာ ပဲတွေကို ဝယ်ယူဖို့ တောင်းဆိုမှုအပြင် ပဲတင်ပို့မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ ဖွဲ့စည်းရေး၊ အိန္ဒိယအစိုးရနဲ့ ပြန်လည်ဆွေးနွေးရေးနဲ့ အိန္ဒိယနဲ့ မြန်မာ G to G စနစ်ကို ကျင့်သုံးရေးတို့ကို အဓိကထား ဆွေးနွေးခဲ့ကြပါတယ်။

အခု စက်တင်ဘာလမှာ မြန်မာနိုင်ငံကို အလည်အပတ်လာရောက်မယ့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နဲ့ တွေ့ဆုံပြီး အထက်ပါ အကြောင်းအရာတွေကို တင်ပြတောင်းဆိုသွားဖို့ ရှိတယ်လို့ သိရပါတယ်။

**ပဲစင်းငုံအနိမ့်ဆုံးဈေးနဲ့ ဈေးပြန်ဖွင့်**

ပဲစင်းငုံကလည်း ဈေးပြန်ဖွင့်တဲ့အချိန်မှာ အနိမ့်ဆုံးဈေးနဲ့ ဈေးပြန်ဖွင့်ခဲ့ပါတယ်။ ဈေးပြန်ဖွင့်တဲ့ အချိန်မှာ မတ်ပဲလောက် ထက်ဝက်နီးပါး ဈေးမကျဆင်းခဲ့ဘဲ တစ်တန်ကို တစ်သိန်းနီးပါးသာ ကွာဟခဲ့ပါတယ်။

လက်ရှိ ပဲစင်းငုံက တစ်တန်ကို ငွေကျပ် ၄၆၅၁၀၀ ပေါက်ဈေးရှိနေပါတယ်။

အိန္ဒိယနိုင်ငံက ပဲစင်းငုံ တင်သွင်းမှုကို ကန့်သတ်ခဲ့ပေမယ့် လက်ရှိအိန္ဒိယနိုင်ငံမှာ ပဲစင်းငုံစိုက်ပျိုးမှု လျော့ကျနေတဲ့အတွက် အဝယ်လိုက်လာပြီး ပြည်တွင်း ပြည်ပ ပဲစင်းငုံဈေးမြင့်တက်လာနိုင်တယ်လို့ သုံးသပ်ထားပါတယ်။



အိန္ဒိယက နှစ်ဆန်းပိုင်းကနေ စပြီးတော့ ပဲစင်းငုံသွင်းကုန်ခွင့်ကို ၁၀ ရာခိုင်နှုန်းတိုးမြှင့်ခဲ့ခြင်း၊ ပိုးသတ်ဆေးမူဝါဒတွေကို ပြောင်းလဲခဲ့ခြင်း၊ ပြည်တွင်းကုန်သည်တွေတောင်းဆိုမှုတွေကြောင့် ပြည်ပပဲတင်သွင်းခွင့်ကို ကန့်သတ်လိုက်ခြင်း အစရှိသည်တို့ကို ပြောင်းလဲခဲ့သည်။

**ကုလားပဲဈေး ပါးပါးလေးတက်**

ပြီးခဲ့တဲ့အပတ်က ကုလားပဲဈေးတွေ ကျဆင်းခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ကုလားပဲဈေးက ပါးပါးလေး တက်လာပါတယ်။ ဈေးတက်လာတယ်ဆိုပေမယ့် အတက်အကျကတော့ တည်ငြိမ်မှုမရှိပါဘူး။

တစ်ပိဿာကို ငွေကျပ် ၂၆၀၀ အထိ ဈေးကျဆင်းခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ တစ်ပိဿာကို ငွေကျပ် ၂၈၀၀ အထိ ဈေးက ပြန်လည်မြင့်တက်ခဲ့ပါတယ်။ ကုလားပဲက ပြည်ပပို့ကုန်တစ်ခုဖြစ်ပေမယ့် ပြည်တွင်းမှာ ဝယ်လက်ပုံမှန်ရှိနေတာကြောင့် ဈေးကထူးထူးခြားခြား အပြောင်းအလဲ မရှိသေးပါဘူး။

တခြားပဲတွေနဲ့ နှိုင်းယှဉ်လိုက်ရင်တော့ လက်ရှိအချိန်အထိ အတက်ဈေးနဲ့ ရှိနေတုန်းပါပဲ။

**ကြက်သွန်နီဈေးထပ်တက်**

ပြီးခဲ့တဲ့ အပတ်က ဈေးအနည်းငယ်တက်ခဲ့တဲ့ ကြက်သွန်နီက ဒီတစ်ပတ်မှာလည်း ဈေးက ထပ်ပြီး တက်လာပါတယ်။ ပြည်ပကို ပုံမှန်တင်ပို့နေပြီးတော့ ပြည်တွင်းအဝင်နည်းတဲ့အတွက် ဈေးတက်လာတာဖြစ်ပါတယ်။

ဇူလိုင်လမှာ ဈေးတွေ မြင့်တက်ခဲ့တဲ့ ကြက်သွန်နီကို အစိုးရက ထိန်းချုပ်မှုတွေ ပြုလုပ်ခဲ့ပြီး ဩဂုတ်လအတွင်းမှာ ဈေးက အနည်းငယ်ပြန်လည် ကျဆင်းခဲ့ပါတယ်။

တစ်ပိဿာကိုငွေကျပ် ၁၇၅၀ အထိ ဈေးနှုန်းမြင့်တက်ခဲ့တဲ့ ကြက်သွန်နီကို ငွေကျပ် ၁၂၀၀ ကနေ ၁၆၀၀ အထိ ဈေးကျဆင်းသွားခဲ့ပါတယ်။

ဩဂုတ်လ နောက်ဆုံးအပတ်မှာတော့ ငွေကျပ် ၁၃၅၀ ကနေ ၁၇၇၅ အထိ ဈေးက ပြန်လည်မြင့်တက်ခဲ့ပါတယ်။

**ဧည့်မထမိုးဆန် ဈေးတက်**

ဒီတစ်ပတ်မှာတော့ ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထ မိုးဆန်က တစ်အိတ်ကို ငွေကျပ် ၂၀၀ လောက် ဈေးကတက်လာပါတယ်။ ဈေးကွက်အတွင်း အဝင်နည်းနေတဲ့အတွက် ဆန်ကြမ်းက ဈေးတက်လာတာဖြစ်ပါတယ်။ ဒီတစ်ပတ်ပေါက်ဈေးက တစ်အိတ်ကို ငွေကျပ် ၁၉၀၀၀ ကနေ လက်ရှိ၂၁၀၀၀ ပေါက်ဈေးရှိနေပါတယ်။

**ဖျာပုံပေါ်ဆန်မွှေးဈေးတက်**

ဖျာပုံပေါ်ဆန်းကတော့ တစ်အိတ်ကို ငွေကျပ် ၁၀၀၀ ဈေးတက်လာပါတယ်။ မိုးစပါး လက်ကျန်နည်းလာတဲ့အတွက် ဈေးတွေက တက်လာတာဖြစ်ပါတယ်။ ဒီတစ်ပတ်ပေါက်ဈေးက တစ် အိတ်ကို ငွေကျပ် ၃၂၀၀၀ ကနေ ၃၄၀၀၀ ပေါက်ဈေးရှိနေပါတယ်။

# ရဲနွယ်ဆည်ရေဖြင့် အထွက်တိုးမည့်ကာလကို ငံ့လင့်ကြိုဆို

**ဆောင်းပါး-ဘုန်းတင်လှိုင်**

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနည်းတူ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုဒဏ်ကို ၁၉၇၈ ခုနှစ်ကတည်းက စတင်ခံစားလာရသည်။ အနောက်တောင်မုတ်သုံလေသည် နောက်ကျမှ ဝင်ရောက်ပြီး စောစောထွက်ခွာသွားသဖြင့် မိုးရာသီကာလ တိုတောင်းသွားသည်။ နိုင်ငံတော်က ရာသီဥတုပြောင်းလဲဖောက်ပြန်မှုဒဏ်ကို တွန်းလှန်နိုင်ရန် ရေအရင်းအမြစ်ရှိသောဒေသများတွင် ရေလှောင်တမံများတည်ဆောက်ပြီး ဆည်ရေသောက်စနစ်များ ထူထောင်ပေးလျက်ရှိသည်။

ဆည်ရေသောက်စနစ်များ တည်ဆောက်ပေးခြင်းအားဖြင့် ရာသီဥတုအပေါ်မှီခိုရမှုအခြေအနေ နည်းပါးသွားခြင်း၊ မိုးများသောဒေသ မိုးစပါးစိုက်ဧရိယာများတွင် မိုးဦးနောက်ကျပြီး ပျိုးထောင်ရေနှင့် မိုးနှောင်းမကောင်းလျှင် အောင်ရေပေးသွင်းနိုင်ခြင်း၊ ကောက်ပဲသီးနှံနှင့် နွေစပါး စိုက်ပျိုးရေလိုအပ်ချိန်တွင် လုံလောက်စွာရရှိခြင်း၊ ဈေးကွက်ဝင်သီးနှံများကို ရာသီမရွေး စိုက်ပျိုးနိုင်ခြင်း၊ စပါး၊ ပဲ နှစ်သီးစိုက်ပျိုးရာမှ စပါး၊ ပဲ၊ စပါး သုံးသီးစိုက်ပျိုးနိုင်ခြင်း၊ ရေတော်မိုးတော်ဧရိယာများဖြစ်လာခြင်း၊ စက်မှုလယ်ယာစံပြစိုက်ကွင်းများ ဖော်ထုတ်နိုင်ခြင်း၊ ပူပြင်းခြောက်သွေ့သော နွေရာသီတွင် ရေချိုရှားပါးမှုအန္တရာယ်မှ ကင်းဝေးစေခြင်း၊ ယုတ်ဆွအဆုံး ကျွဲနွားသောက်ရေရရှိခြင်း၊ မိမိလယ်ယာမြေအတွင်း (သို့မဟုတ်) အနီးအနားပတ်ဝန်းကျင်တွင် တူးမြောင်းဖြတ်သန်းဖောက်လုပ်မှုကြောင့် ဆည်ရေ ရရှိသဖြင့် လယ်ယာမြေဈေးနှုန်းမြင့်တက်လာခြင်း၊ မိုးသည်းထန်စွာရွာသွန်းသော်လည်း ရေနုတ်မြောင်းစနစ်ပါဝင်သဖြင့် ရေလွှမ်းမိုးမှုအန္တရာယ်မှကာကွယ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

ဆည်ရေသောက်ဧရိယာများတွင် စက်မှုလယ်ယာစိုက်ကွင်းများ ဖော်ထုတ်ပေးလိုက်ခြင်းအားဖြင့် ထွက်ရှိလာသောသီးနှံများကို ကုန်ထုတ်လမ်းများမှ ဈေးကွက်သို့ အမြန်ပို့ဆောင်နိုင်ခြင်း၊ ရိတ်သိမ်းပြီးသီးနှံများကို အမိုးအကာအောက်သို့ လျင်မြန်စွာပို့ဆောင်နိုင်သဖြင့် ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်နိုင်ခြင်း၊ တူးမြောင်းဖောက်လုပ်မှုကြောင့် လယ်မြေဧရိယာ အနည်းငယ်ဆုံးရှုံးသော်လည်း ရေတော်မိုးတော်ဧရိယာဖြစ်လာသဖြင့် သုံးသီးစားအထိ စိုက်ပျိုးလာနိုင်ခြင်း၊ ဆုံးရှုံးမှုထက် အကျိုးအမြတ်ရရှိမှုက ပိုမိုလာခြင်း၊ တူးမြောင်းပေါင်များသည် ဆက်သွယ်ရေးလမ်းကြောင်းများဖြစ်လာပြီး ဒေသဖွံ့ဖြိုးမှု ရရှိလာခြင်း၊ ဆည်ရေသောက်ဧရိယာများရှိ ကျေးရွာများတွင် မြေအောက်ရေမြင့်တက်လာမှုကြောင့် အဝီစိတွင်းတူးဖော်ရ လွယ်ကူလာခြင်း၊ မိမိတို့ လယ်ယာချောင်းမြောင်းများတွင် ရေချိုငါးမွေးမြူလာနိုင်ခြင်း၊ ဒေသအတွင်း စိမ်းလန်းစိုပြည်လာခြင်း၊ ဒေသခံတောင်သူလယ်သမားများ၏ တစ်ဦးချင်းဝင်ငွေ တိုးတက်လာခြင်းစသည့် အကျိုးကျေးဇူးများကိုလည်း မုချဧကန် အမှန်ပင်ရရှိမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာ တိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံကို ဖော်ထုတ်လျက်ရှိသည်။ ရေအရင်းအမြစ်အသုံးချမှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာမူဝါဒများ၊ လုပ်ငန်းစဉ်များလည်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေသည်။ ထိုအချက်များအနက် တည်ဆောက်ပြီး ဆည်များ၊ မြောင်းများနှင့် မြစ်ရေတင်လုပ်ငန်းများတွင် ဆည်ရေပေးစနစ်များ ပြီးမြောက်အောင် ဆောင်ရွက်ခြင်းနှင့် ရေသွင်းရေထုတ်စနစ်များကို ဆည်ရေအသုံးပြုသူ တောင်သူလယ်သမားများကိုယ်တိုင် ပါဝင်ဆောင်ရွက်သောစနစ်ဖြင့် အသုံးပြု၍ ပိုမိုထိရောက်စွာအကျိုးပြုစေရေး စီမံဆောင်ရွက်မည်ဆိုသည့်မူဝါဒ ပါရှိသည်။

အဆိုပါမူဝါဒနှင့်အညီ နိုင်ငံတော်၏ စားနပ်ရိက္ခာဖူလုံပြည့်ဝရေး၊ စိုက်ပျိုးမွေးမြူသူ တောင်သူလယ်သမားများ၏ လူမှုစီးပွားမြှင့်တင်နိုင်ရေးနှင့် ဝင်ငွေတိုးတက်ရရှိရေးတို့အတွက် ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ဆည်ရေသောက်စနစ်တည်ဆောက်နေခြင်းသည် အဓိကအခန်းကဏ္ဍမှပါဝင်နေသော စီမံကိန်းဖြစ်သည်။ အဆိုပါ ဆည်ရေသောက်စနစ်ကို ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်နှင့် ညောင်လေးပင်မြို့နယ်တို့တွင် အကောင်အထည်ဖော်လျက်ရှိသည်။

ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်း၏ သမိုင်းနောက်ခံအကျဉ်းချုပ်ကို တင်ပြရလျှင် ၁၉၆၃ ခုနှစ် မတ်လတွင် ကမ္ဘာ့ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် စစ်တောင်းမြစ်ဝှမ်းဖွံ့ဖြိုးမှု ရေအရင်းအမြစ်လေ့လာရေးကို ရုရှားကျွမ်းကျင်သူ အတိုင်ပင်ခံအင်ဂျင်နီယာများနှင့် ဆည်မြောင်းဦးစီးဌာနမှ မြန်မာအင်ဂျင်နီယာများက ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ ၁၉၆၄

**ရဲနွယ်ရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်ဓာတ်အားအတွက် ထုတ်လွှတ်လိုက်သော ဆည်ရေများသည် အမှန်က စိုက်ပျိုးရေးအတွက် အသုံးချရန်ဖြစ်သော်လည်း ဆည်ရေသောက်စနစ်မပြီးပြတ်သေး၍ စိုက်ပျိုးရေးအတွက် အသုံးမချနိုင်ဘဲ ရဲနွယ်ချောင်းအတွင်းမှတစ်ဆင့် စစ်တောင်းမြစ်အတွင်းသို့ စီးဝင်သွားကာ အဟောသိကံဖြစ်နေသည်ကို လေ့လာတွေ့ရှိရမည်ဖြစ်သည်။ လျှပ်စစ်စက်ရုံမှ ထုတ်လွှတ်လိုက်သော ရေပမာဏကိုသာ အကျိုးရှိစွာ အသုံးချမည်ဆိုလျှင် လယ်မြေဧရိယာ တစ်သိန်းကျော်ကို ရေပေးဝေနိုင်ပါသည်**

ခုနှစ် စက်တင်ဘာလတွင် စစ်တောင်းမြစ်ဝှမ်း ရေအရင်းအမြစ်ဖွံ့ဖြိုးမှုအစီရင်ခံစာကို တင်သွင်းခဲ့သည်။ အဆိုပါ အစီရင်ခံစာတွင် ရဲနွယ်ချောင်း၊ ဘိုင်းဒါးချောင်းနှင့် ကောလိယချောင်းတို့သည် ပြွန်တန်ဆာလွင်ပြင်ကို ရေကြီးမှုဖြစ်စေသော အဓိကချောင်းများဖြစ်ကြောင်း ပါရှိသည်။ ထို့ကြောင့် ရဲနွယ်၊ ပြွန်တန်ဆာလွင်ပြင် ရေကြီးမှုကာကွယ်ရေးနှင့် စိုက်ပျိုးရေးအတွက် ရဲနွယ်-ပြွန်တန်ဆာ စီမံကိန်းကို ၁၉၇၃-၁၉၇၆ ခုနှစ်အတွင်း ကမ္ဘာ့ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် ရုရှားအတိုင်ပင်ခံအင်ဂျင်နီယာများနှင့် မြန်မာအင်ဂျင်နီယာများ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြသည်။

၁၉၇၇ ခုနှစ်တွင် ရဲနွယ်ရေလှောင်တမံစီမံကိန်း၊ ဘိုင်းဒါးရေလှောင်တမံစီမံကိန်းနှင့် ကောလိယရေလှောင်တမံစီမံကိန်းတို့၏ အကြိုဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာကို ပြုစုတင်ပြခဲ့သည်။ ၁၉၈၀-၁၉၈၁ ခုနှစ်တွင် ရဲနွယ်ချောင်းပေါ်တွင် တမံတစ်ခုတည်ဆောက်မည့် ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ဖြစ်မြောက်နိုင်စွမ်းအဆင့် အစီရင်ခံစာကို အာရှဘဏ်ချေးငွေ၊ ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ရန်ပုံငွေဖြင့် ဂျပန်နိုင်ငံ နိပ္ပွန်ကိုအိ အတိုင်ပင်ခံအဖွဲ့က ပြုစုတင်ပြခဲ့သည်။ ၁၉၉၅ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် ကျင်းပသော အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၃/၉၅) ကြိမ်မြောက် အစည်းအဝေးက တည်ဆောက်အကောင်အထည်ဖော်ရန် ခွင့်ပြုခဲ့သည်။

၂၀၀၀-၂၀၀၁ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့သော ရဲနွယ်ရေလှောင်တမံကို ၂၀၀၆ မတ် ၂၂ တွင် ဖွင့်လှစ်ခဲ့ပြီး ရဲနွယ်ရေအားလျှပ်စစ်ကို ၂၀၀၇ ဖေဖော်ဝါရီ ၁၀ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနီး ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင် (၈၃/၅)နှင့်(၈၃/၆)ကြားရှိရဲနွယ်တံတားအထက် နှစ်မိုင်ခွဲခန့်တွင် ရဲနွယ်ရေလှောင်တမံရှိသည်။ ဇုန်အမျိုးအစား မြေသားတမံဖြစ်ပြီး အမြင့် ၂၅၁ ပေ၊ အလျား ၁၀၅၀ ပေရှိသည်။ ကန်ရေပြည့်သိုလှောင်ပမာဏ ၉၃၁၈၀၀ ဧကပေရှိပြီး ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာမှာ ၁၈၃၆၈ ဧက ဖြစ်သည်။ သံကူကွန်ကရစ် အိုဂီးအမျိုးအစား ရေပိုလွှဲနှစ်ဆင့်ရှိပြီး ရေထုစီးနှုန်းမှာ တစ်စက္ကန့်လျှင် ၈၀၀၀ ကုဗပေ ဖြစ်သည်။ ရေအားလျှပ်စစ် တပ်ဆင်အင်အားမှာ ၁၂ ဒသမ ၅ မဂ္ဂါဝပ် နှစ်လုံးဖြင့် ၂၅ မဂ္ဂါဝပ်ဖြစ်ပြီး နှစ်စဉ်ပျမ်းမျှထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အားမှာ ၁၂၃ ကီလိုဝပ်နာရီသန်းပေါင်း ဖြစ်သည်။

ဆည်ရေသောက်ဧရိယာများသို့ ဆည်ရေဖြန့်ဝေပေးမည့် ရဲနွယ်ရေလွှဲဆည်ကို ၂၀၀၆-၂၀၀၇ ခုနှစ်တွင် စတင်ခဲ့ပြီး ၂၀၁၀ မတ် ၂၅ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ ရဲနွယ်ရေလွှဲဆည်သည် အိုဂီးပုံစံ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး အလျား ၉၉ ပေ နှင့် အမြင့် ၁၇ ဒသမ ၅ ပေ၊ Radial Gate (၁၀ ပေ × ၁၅ ပေ) ငါးပေါက် ပါရှိသည်။ ဆည်ရေသောက်စနစ်တွင် တူးမြောင်းမကြီး လက်ဝဲလက်ယာနှစ်ခု ခုနှစ်မိုင်၊ မြောင်းခွဲသုံးခု ၁၉ မိုင်၊ လက်တံမြောင်းကိုးခု နှစ်မိုင်၊ လက်တံမြောင်းခွဲ ၈၈ ခု မိုင် ၃၅၀ နှင့် တူးမြောင်း အဆောက်အအုံ ၄၁၄၀ ခုတို့ဖြင့် ဆည်ရေသောက်ဧရိယာ ၆၂၀၀၀ ဧကကို ဆည်ရေပေးဝေမည်ဖြစ်သည်။

သို့သော် ဆည်ရေသောက်စနစ်တစ်ခုလုံးပြီးစီးရန် လုပ်ငန်းတစ်ခုလုံး၏ ၈၇ ဒသမ ၄ ရာနှုန်း ကျန်ပါသေးသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရာနှုန်းပြည့်ပြီးစီးရန် သတ်မှတ်လျာထားသော်လည်း နိုင်ငံတော်မှ ရန်ပုံငွေချမှတ်ပေးမှသာ အချိန်မီပြီးစီးနိုင်မည်ဖြစ်သည်။

ရဲနွယ်ရေလှောင်တမံကို ၂၀၀၆ ခုနှစ်မှ စတင်ရေသိုလှောင်ခဲ့ရာ ၂၀၁၆ ခုနှစ်အထိ ၁၁ နှစ်တာကာလအတွင်း တစ်နှစ်ပျမ်းမျှ ဝင်ရေ ၈၀၆၈၂၀ ဧကပေ နှင့် တစ်နှစ်ပျမ်းမျှထွက်ရေ ၇၀၉၃၆၅ ဧကပေ ရှိသည်။ ၂၀၀၇၊ ၂၀၀၈ နှင့် ၂၀၁၁ ခုနှစ်တို့တွင် သိုလှောင်နိုင်သည့်ပမာဏထက် ဝင်ရေများပြားခဲ့သဖြင့် ရေပိုလွှဲမှ ရေကျော်စီးဆင်းခဲ့သည်။ ထို့အတူ ရဲနွယ်ရေအားလျှပ်စစ်စက်ရုံကလည်း ၂၀၀၇ ခုနှစ်တွင် စတင်လည်ပတ်ကာ နှစ်စဉ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခဲ့သည်။ ၂၀၀၇ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ၁၀ နှစ်တာကာလအတွင်း တစ်နှစ်ပျမ်းမျှ ထုတ်လုပ်သည့်လျှပ်စစ်မှာ ကီလိုဝပ်နာရီသန်းပေါင်း ၁၀၇ ဒသမ ၂၅ ရှိပြီး ရေသုံးစွဲမှုပမာဏမှာ တစ်နှစ်ပျမ်းမျှ ၆၉၆၈၂၂ ဧကပေ ရှိသည်။ ၂၀၀၇၊ ၂၀၀၈ နှင့် ၂၀၀၉ ခုနှစ်တို့တွင် နှစ်စဉ် ပျမ်းမျှထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အား ၁၂၃ ကီလိုဝပ်နာရီသန်းပေါင်းထက် ပိုမိုထုတ်လုပ်ခဲ့ကြောင်း တွေ့ရှိရသည်။

နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်အရ ရဲနွယ်ရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်ဓာတ်အားအတွက် ထုတ်လွှတ်လိုက်သော ဆည်ရေများသည် အမှန်က စိုက်ပျိုးရေးအတွက် အသုံးချရန်ဖြစ်သော်လည်း ဆည်ရေသောက်စနစ်မပြီးပြတ်သေး၍ စိုက်ပျိုးရေးအတွက် အသုံးမချနိုင်ဘဲ ရဲနွယ်ချောင်းအတွင်းမှတစ်ဆင့် စစ်တောင်းမြစ်အတွင်းသို့ စီးဝင်သွားကာ အဟောသိကံဖြစ်နေသည်ကို လေ့လာတွေ့ရှိရမည်ဖြစ်သည်။ လျှပ်စစ်စက်ရုံမှ ထုတ်လွှတ်လိုက်သော ရေပမာဏကိုသာ အကျိုးရှိစွာအသုံးချမည်ဆိုလျှင် လယ်မြေဧရိယာ တစ်သိန်းကျော်ကို ရေပေးဝေနိုင်ပါသည်။ မိုးစပါးအတွက် မိုးဦးနောက်ကျလျှင် ပျိုးထောင်ရေ၊ မိုးနှောင်းမကောင်းလျှင် အောင်ရေတို့အပြင် ဆောင်းသီးနှံနှင့် နွေစပါးတို့အတွက် ဆည်ရေ လုံးဝသေချာအောင် ပေးဝေနိုင်မည်ဖြစ်သည်။

ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၏ ပန်းတိုင်သည် ရေသိုလှောင်နိုင်ရန် ရေလှောင်တမံနှင့်အတူ ဆက်စပ်အဆောက်အအုံများ တည်ဆောက်ပေးရုံဖြင့် မပြီးသေးဘဲ တောင်သူလယ်သမားများ၏ လယ်ယာမြေဧရိယာအတွင်းသို့ ဆည်ရေအမှန်တကယ်ရောက်ရှိအောင် ဆောင်ရွက်ပေးရခြင်းမှာ အရေးကြီးသဖြင့် ဆည်ရေသောက်စနစ်ပြီးစီးအောင် လုပ်ဆောင်ပေးမှသာ ရည်ရွယ်ချက်ပန်းတိုင်သို့ ရောက်ရှိပါသည်။

ရဲနွယ်ရေလှောင်တမံနှင့် မဝေးလှသော အုတ်တွင်းမြို့နယ်ရှိ ခပေါင်းဆည်ရေသောက်ကို ကြည့်လိုက်လျှင် ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၃၀)နှင့်(၁၅၀) အကြား ဝဲယာတွင် စိမ်းစိုနေသော တစ်မျှော်တစ်ခေါ်လယ်ကွင်းများကို တွေ့မြင်ကြရမည်ဖြစ်သည်။ အနော်ရထာမင်းစောလက်ထက်မှ ယနေ့အထိ ခေတ်အဆက်ဆက် တောင်သူလယ်သမားတို့၏ လူနေမှုဘဝတိုးတက်နေခြင်းမှာ ဆည်ရေသောက်စနစ်၏ အကျိုးရလဒ်လည်း အဓိကပါဝင်နေသည်။

ယခုအခါ ရဲနွယ်တမံတည်ဆောက်ပြီး ရေအားလျှပ်စစ်ထုတ်လုပ်နေသည်မှာ ၁၀ နှစ်ကျော်နှင့် ရေလွှဲဆည် တည်ဆောက်ပြီးစီးသည်မှာ ခုနှစ်နှစ်ကျော် ရှိပြီဖြစ်သည်။ သို့သော် ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းမှာ ၁၂ ဒသမ ၆ ရာခိုင်နှုန်းသာ ပြီးစီးပါသေးသည်။ ထိုကာလအတွင်း ရဲနွယ်ရေအားလျှပ်စစ်စက်ရုံမှ ထုတ်လွှတ်လိုက်သောရေများကို မြင်တွေ့နေရသော ဆည်ရေသောက်ဧရိယာမှ တောင်သူလယ်သမားများအဖို့ ဆည်ရေကို မြင်သာမြင်ရ မကြင်ရ ဖြစ်နေပါသည်။ ရဲနွယ်ရေအားလျှပ်စစ်စက်ရုံမှ စီးဆင်းလာသော ဆည်ရေများကိုသာ တည်ဆောက်ပြီး ရေလွှဲဆည်မှတစ်ဆင့် မြောင်းကြီး၊ မြောင်းငယ် အသွယ်သွယ်တို့ဖြင့် ဆည်ရေသောက်နိုင်မည့် လယ်မြေဧရိယာများသို့ ဖြန့်ဝေပေးနိုင်လာမည်ဆိုလျှင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဧကန် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ညောင်လေးပင်မြို့နယ်အတွင်း ပုဂံကွဲ၊ ရှမ်းဒိုးတန်း၊ မော်အင်းကျေးရွာများမှ တောင်သူလယ်သမားများနှင့် ကျောက်တံခါးမြို့နယ်အတွင်း ဖဒို၊ ကျွန်းကုန်း၊ သူဌေးကုန်းစသည့် ကျေးရွာများမှ တောင်သူလယ်သမားများအနေဖြင့် ရဲနွယ်ဆည်ရေကို ငံ့လင့်ကြိုဆိုနေကြကာ ဆည်ရေတန်ခိုးဖြင့် အထွက်တိုးလာမည့်ကာလကို မှန်းဆ၍ အားခဲထားကြကြောင်း လေ့လာတင်ပြလိုက်ရပါသည်။ ။

# မဟာမြိုင်တော ဒီပါအေးမြကုန်းတော်မြေ၌ ရတနာတန်းဝင်ကျွန်းပင်နှင့် အဖိုးတန်ကော်ဖီပင်များ စုပေါင်းစိုက်ပျိုး



**ကလေး စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ် မဟာမြိုင်တော ဒီပါအေးမြကုန်းတော်မြေတွင် တည်ထားကိုးကွယ်တော်မူသော ဉာဏ်တော်တစ်ရာ့ရှစ်တောင် အမြင့်ဆောင်သည့် သာသနာ့ထွဋ်ခေါင် လေးကျွန်းရန်အောင်စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း၌ ရတနာတန်းဝင်ကျွန်းပင်များနှင့် အဖိုးတန်ကော်ဖီပင်များကို စက်တင်ဘာ ၂ ရက် နံနက် ၁၀ နာရီခွဲက မဟာမြိုင်တောရဆရာတော် ဘဒ္ဒန္တပညာဇောတ ဦးဆောင်မှုဖြင့် စုပေါင်းစိုက်ပျိုးကြသည်။

အဆိုပါမဟာမြိုင်တောကြီး၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုနိုင်ရန်နှင့် သစ်မှောင်ခိုသမားများ ခိုးထုတ်ခဲ့သည့်အပင်များ အစားထိုးနိုင်ရန်၊ အနာဂတ်နိုင်ငံတော်၏ အကျိုးစီးပွားကို အထောက်အကူပြုနိုင်ရန်ရည်ရွယ်၍ မိုးရာသီကာလ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှုအဖြစ် ရတနာတန်းဝင်ကျွန်းပင်ပေါင်း ၃၀၀၀ နှင့် အဖိုးတန်ကော်ဖီပင် ၆၀၀ အပါအဝင် စုစုပေါင်း အပင် ၃၆၀၀ တို့ကို စုပေါင်းစိုက်ပျိုးကြခြင်းဖြစ်သည်။

ယခုအပတ် ရတနာတန်းဝင်ကျွန်းပင်များနှင့် အဖိုးတန်ကော်ဖီပင်များ စိုက်ပျိုးရာတွင် ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မိုး ဦးဆောင်၍ ကလေးခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ကလေးဝမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်လင်း ဦးဆောင်၍ ကလေးဝမြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ကျေးရွာပတ်ဝန်းကျင်ရှိ ကျေးလက်နေပြည်သူများက စေတနာထက်သန်စွာဖြင့် အားကြိုးမာန်တက် စုပေါင်းစိုက်ပျိုးကြခြင်းဖြစ်ကြောင်း သိရသည်။

**ဂျူနိုင်း**

# မြန်မာ့ရိုးရာပန်းပဲပညာ လက်မှုလုပ်ငန်းများကို အားဖြည့်ပံ့ပိုးပေးနိုင်ရေး ပန်းပဲပညာရှင်ကြီးများက မျှော်လင့်



မြန်မာ့ရိုးရာလက်မှုပညာ ပန်းဆယ်မျိုးတွင် တစ်မျိုးအပါအဝင်ဖြစ်သည့် ပန်းပဲလုပ်ငန်းမှာ ရှေးယခင်က များစွာတွင်ကျယ်ခဲ့သော်လည်း ခေတ်စနစ်ပြောင်းလဲလာမှုကြောင့် ယခုအခါ ပန်းပဲလုပ်ငန်းကို အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ရပ်တည်ရန် ခက်ခဲလာကြောင်း မြိတ်မြို့ရှိ ပန်းပဲဆရာတချို့က ပြောသည်။

သံများကို ပုံဖော်ထုလုပ်ရာတွင် အရေးပါသော ပညာဖြစ်သည့် ပန်းပဲလက်မှုပညာလုပ်ငန်းမှာ ပြီးခဲ့သည့် ဆယ်စုနှစ်ခန့်အထိ သစ်ခုတ်ဝါးခုတ်ဓားများ၊ ပုဆိန်များ၊ လယ်ယာကိုင်းကျွန်းလုပ်ငန်းခွင်သုံး ပေါက်တူး၊ ပေါက်ပြားများ ထုတ်လုပ်ခြင်းဖြင့် ရပ်တည်နိုင်ခဲ့သော်လည်း ယခုအခါ အဆိုပါပစ္စည်းများမှာ တစ်ဖက်နိုင်ငံများမှ တင်သွင်းလာခြင်း၊ အလှဆင်စတီးဓားများ၊ သစ်သီးဝလံလှီးသည့် ဓားများနှင့် တခြား ဗိသုကာလုပ်ငန်းခွင်သုံးပစ္စည်းများမှာလည်း ပြည်ပမှ တင်သွင်းရောင်းချမှုများ ရှိလာခြင်းကြောင့် ပန်းပဲလုပ်ငန်း အများစုမှာ လုပ်ငန်းတွင်ကျယ်မှုနည်းသွားကြောင်း သိရသည်။

ထို့အပြင် ကုန်ကြမ်းသံထည်များ ဝယ်ယူရာတွင်လည်း ဈေးနှုန်းမြင့်တက်ခြင်းနှင့် ကုန်ချောပြန်ထုတ်ပြီး ဆိုင်များတွင် ပြန်လည်တင်ရောင်းပါက အကျိုးအမြတ်ရငွေ နည်းပါးလာမှုကြောင့် အဆင်မပြေဖြစ်လာကြောင်း၊ ယခုအခါ မြိတ်မြို့တွင် ပန်းပဲလုပ်ငန်းလုပ်ကိုင်နေသူတချို့မှာ ဆိုင်ကယ်ဘေးတွဲများ တပ်ဆင်ခြင်းနှင့် ကားအမိုးများ၊ လှေကျောက်ဆူးများ ပြုလုပ်ပေးခြင်း စသည့်လုပ်ငန်းများဖြင့် တွဲဖက်လုပ်ကိုင်လျက်ရှိကြောင်း အသက် ၂၂ နှစ်ကတည်းက ယခု အသက် ၆၀ အထိပန်းပဲလုပ်ငန်းလုပ်ကိုင်လာသည့် မြိတ်မြို့စက်ဝင်းရပ်ကွက်ရှိ ပန်းလုပန်းပဲလုပ်ငန်းမှ ပန်းပဲပညာရှင် ဦးတရုတ်ဖြူက ပြောသည်။

မြိတ်မြို့ စက်ဝင်းရပ်ကွက်၊ ငုဝါလမ်းမှ ကြယ်လေးလုံးပန်းပဲလုပ်ငန်းရှင် ဦးကျော်သိန်းကလည်း "လယ်ယာသုံးပစ္စည်းတွေ၊ တခြား သံထည်လက်မှုပစ္စည်းတွေနဲ့ လူအသုံးအဆောင်ပစ္စည်းတွေက တစ်ဖက်နိုင်ငံက တင်သွင်းရောင်းချလာတယ်။ သူတို့က စက်နဲ့လုပ်တော့ အကုန်အကျငွေသက်သာတယ်။ ဈေးချိုချိုနဲ့ ရောင်းချနိုင်တယ်။ ကျွန်တော်တို့က လူအင်အားနဲ့လုပ်ရတာ၊ ဒီတော့ အလုပ်သမားခငွေ၊ ကုန်ကြမ်းတန်ဖိုးရယ်၊ သံအပူပေးဖို့သုံးရတဲ့ ထင်းမီးသွေးဖိုးရယ် ပေါင်းလိုက်ရင် အကုန်အကျအတော်များတယ်။ အမြတ်ကနည်းတယ်။ ဒီတော့ သူတို့ပစ္စည်းတွေနဲ့ယှဉ်ရောင်းဖို့ မလွယ်ဘူး။ သူတို့ပစ္စည်းက ဈေးချိုတော့ ဈေးကွက်မှာ ကျွန်တော်တို့ပန်းပဲဖိုက ထွက်တဲ့ ပစ္စည်းတွေက ရောင်းအားကျသွားတယ်"ဟု ပြောသည်။

"အခုအချိန်မှာ ပန်းပဲလုပ်ငန်းကို လူငယ်တွေ စိတ်ဝင်စားမှု နည်းသွားပြီ။ အလုပ်ကပင်ပန်းတာရယ်၊ ရေရှည်ရပ်တည်ဖို့ ခက်ခဲတာရယ်ကြောင့် မလေ့လာ မသင်ယူကြတာလည်း ပါမယ်ထင်တယ်။ ပန်းပဲလုပ်ငန်းက သာမန်လူတစ်ယောက် ဝင်ဝင်ချင်းဆို လုပ်ငန်းခွင်မှာ အသုံးမတည့်ဘူး။ အနည်းဆုံး ခြောက်လလောက်လုပ်ပြီးမှ လုပ်ငန်းခွင်နဲ့ အသားကျပြီး သဘောပေါက်လာတယ်။ ဒီတော့ အလုပ်သမားရဖို့ခက်ခဲတယ်။ ကျွန်တော် တောင်မှ မိဘလက်ရင်းအလုပ်မို့ လုပ်ဖြစ်တာ၊ ကျွန်တော့်အဖေက ပန်းပဲပညာရှင် ဦးဘကြိုင်ပါ၊ ငယ်စဉ်ကတည်းက ဒီပညာနဲ့ အသက်မွေး လုပ်ကိုင်လာတာ အခု အဖေ့အသက် ၈၀ ကျော်ပြီ။ ဒါကြောင့် ပညာကို အမွေဆက်ခံတဲ့အနေနဲ့ ဒီပန်းပဲလုပ်ငန်းကို လုပ်ကိုင်နေတာ။ ခုအခြေအနေမှာ လူငယ်တွေ ဒီပညာကိုသင်ပြီး ဆိုင်ခွဲလုပ်ကိုင်တာ မရှိတော့ဘူး"ဟု ဦးကျော်သိန်းက ဆက်ပြောသည်။

ပန်းပဲလုပ်ငန်းတွင် သာမန်လုပ်သားတစ်ဦး၏ တစ်ရက်လုပ်အားခမှာ ကျပ် ၄၀၀၀ ခန့်ရှိပြီး ကျွမ်းကျင်လုပ်သားတစ်ဦး၏ လုပ်အားခမှာ ကျပ် ၈၀၀၀ ခန့်အထိရှိသော်လည်း အလုပ်ပင်ပန်းမှုနှင့် ရေရှည်ရပ်တည်ရန် ခက်ခဲမှုတို့ကြောင့် ဝင်ရောက်လုပ်ကိုင်သူနည်းပါးကာ ယခုအခါ မြိတ်မြို့တွင် ပန်းပဲလုပ်ငန်း ၁၀ ခုမျှသာရှိတော့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် လုပ်ငန်းများ မကောင်းသော်လည်း ပန်းပဲလုပ်ငန်းသည် ခေတ်မီစက်ပစ္စည်း ယန္တရားများ တပ်ဆင်ပြီး လုပ်ကိုင်နိုင်ပါက ကုန်ကျစရိတ်သက်သက်သာသာဖြင့် ထုတ်ကုန်အရေအတွက် ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်ကာ လုပ်ငန်းလုပ်ကိုင်သူအနေဖြင့် အမြင်ရှိရှိဖြင့် လုပ်ငန်းချဲ့ထွင်ပြီး ပစ္စည်းအမျိုးအမည်များစွာကိုလည်း တိုးချဲ့ထုတ်လုပ်နိုင်သော လုပ်ငန်းမျိုးဖြစ်သဖြင့် စက်ယန္တရားများ၊ နည်းပညာပိုင်းနှင့် ငွေကြေးပမာဏ ပံ့ပိုးပေးနိုင်ပါက စက်မှုလုပ်ငန်းကြီးများအဖြစ်ပင် တိုးတက်လာနိုင်သည်ဟု ပန်းပဲပညာရှင်များကဆိုကြသည်။

အသေးစား အလတ်စားလုပ်ငန်းများကို ချေးငွေထုတ်ချေးပေးသည့် SME အစီအစဉ်မှာလည်း ကန့်သတ်ချက်များရှိနေသဖြင့် လုပ်ငန်းရှင်များဘက်မှ စိတ်ဝင်စားမှုအားနည်းနေပြီး စက်မှုလုပ်ငန်းကြီးများအဖြစ် ပြောင်းလဲလာအောင် အစိုးရဌာနဆိုင်ရာများမှ အားဖြည့်ပံ့ပိုးပေးနိုင်မည့် အခြေအနေများကို ပန်းပဲပညာရှင်ကြီးများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**သတင်းဆောင်းပါး-ဇော်မျိုးနိုင်(မြန်/ဆက်)**

## အခြေခံကိုရီးယားစကားပြောသင်တန်း မန္တလေးမြို့တွင် (အခမဲ့)ဖွင့်မည်

**မန္တလေး စက်တင်ဘာ ၃**

မန္တလေး ချမ်းမြသာစည်မြို့နယ်ရှိ မင်ဂျူ ကိုရီးယားဘာသာစကားပြောသင်တန်းမှ (၁၀)ကြိမ်မြောက် ကိုရီးယားဘာသာစကားပြော အခြေခံသင်တန်းကို (အခမဲ့) ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အဆိုပါသင်တန်းတည်ထောင်သူ ဆရာမ ဒေါ်မဥ္ဇူထံမှ သိရသည်။

"ကျွန်မတို့အနေနဲ့ ကိုရီးယားဘာသာစကားကို အမှန်တကယ်စိတ်ဝင်စားတဲ့ လူငယ်တွေနဲ့ ကိုရီးယားနိုင်ငံကို အလုပ်အကိုင်သွားရောက်လုပ်ကိုင်မယ့်သူတွေကို ပညာဒါနအနေနဲ့ရည်ရွယ်ပြီး ဖွင့်လှစ်တာပါ။ ဘာလို့လဲဆိုတော့ ဘာသာစကားတစ်ခု တတ်ကျွမ်းထားမယ်ဆိုရင် အလုပ်အကိုင်အခွင့်အလမ်းတွေ သူတို့အတွက် ပိုမိုရရှိမယ်။ ငွေကြေးအဆင်မပြေသူတွေနဲ့ အလုပ်လုပ်ကိုင်နေသူတွေအတွက်ကို အဓိက ရည်ရွယ်ထားခဲ့လို့ ရုံးချိန်နဲ့လွတ်တဲ့ အချိန်တွေကိုပဲ သင်ကြားပေးသွားမှာ"ဟု ၎င်းကပြောသည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၉ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလ သုံးလသတ်မှတ်ထားရာ အပတ်စဉ်(စနေ၊တနင်္ဂနွေ) မနက်နှင့် ညနေပိုင်း အချိန်များတွင် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း၊ လူဦးရေ ၃၀ သာ လက်ခံမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများအနေဖြင့် အသေးစိတ်အချက်များကို ဖုန်း ၀၉-၄၀၂၅၉၇၀၃၂ သို့ဆက်သွယ်မေးမြန်းကာ စိန်ပန်းလမ်းနှင့် အောင်မင်္ဂလာလမ်းကြားရှိ မင်ဂျူ ကိုရီးယားဘာသာစကားသင်တန်းသို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ၂၀၁၂ လယ်ယာမြေဥပဒေအကြောင်း ဆင့်ပွားသင်တန်း ကျေးရွာများတွင်ဖွင့်လှစ်

**ရေစကြို စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်းမှ တောင်သူလယ်သမားများအတွက် ၂၀၁၂ လယ်ယာမြေဥပဒေအကြောင်း ဆင့်ပွားသင်တန်းကို စက်တင်ဘာ ၁ ရက်က ရေစကြိုမြို့ ဂူကြီးဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ခဲ့သည်။



သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဟန်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်တို့က အမှာစကားပြောကြားပြီး တောင်သူလယ်သမားအခွင့်အရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ အတွင်းရေးမှူး ဦးညွန့်ဝင်းက သင်တန်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လုပ်ထုံးလုပ်နည်းများကို တောင်သူလယ်သမားများ သိရှိစေရန်အတွက် တိုင်းဒေသကြီး တောင်သူလယ်သမားသမဂ္ဂအဖွဲ့နှင့် မြေယာမဏ္ဍိုင်အဖွဲ့ ( Land Core Group) တို့ ပူးပေါင်းကူညီပံ့ပိုးမှုဖြင့် ရေစကြိုမြို့နယ်အတွင်းတွင် ဇုန်လေးဇုန်ခွဲ၍ သင်တန်းများ ဖွင့်လှစ်သွားမည်ဖြစ်ကာ သင်တန်းတစ်ခုလျှင် နှစ်ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

"ဦးတို့ ရေစကြိုမြို့နယ်မှာ မြေတော်ဇုန်၊ ဖူလုံဇုန်၊ ပခန်းကြီးဇုန်နဲ့ ရေစကြိုဇုန် ဇုန်လေးခုမှာ ဇုန်တစ်ခုကို သင်တန်းသား ၃၀ စီနဲ့ နှစ်ရက်သင်တန်းတစ်ခုစီ ဖွင့်လှစ်သင်ကြားပေးသွားမှာပါ။ သတ်မှတ်ဇုန်နဲ့ နီးရာကျေးရွာက တောင်သူတွေကို ကျေးရွာအုပ်စုတစ်ခုမှာ တစ်ယောက်နှုန်းနဲ့ ကျေးရွာအုပ်စုကြီးရင် နှစ်ယောက်နှုန်း သတ်မှတ်ပြီးတော့ ရပ်ကွက်နဲ့ ကျေးရွာအုပ်စုပေါင်း ၈၉ အုပ်စုအတွက် သင်တန်းသား ၁၂၀ ကို သင်ကြားပေးသွားမှာပါ"ဟု သင်တန်းဖွင့်လှစ်ရေးအဖွဲ့ခေါင်းဆောင် ဦးမြင့်စိန်က ပြောသည်။

**အိမ့္ငွန်ဆွေ(ရေစကြို)**

## မော်တော်ယာဉ်အာမခံနှင့် ခရီးသွားအာမခံအကြောင်း အသိပညာပေး

**တွံတေး စက်တင်ဘာ ၃**

မြန်မာ့အာမခံလုပ်ငန်း၏ ဝန်ဆောင်မှုများမှ အလုံးစုံမော်တော်ယာဉ်အာမခံ၊ သူတစ်ပါး ထိခိုက်မှုအာမခံနှင့် ခရီးသွားအာမခံလုပ်ငန်းအကြောင်း အသိပညာပေးရှင်းလင်းပွဲကို ရန်ကုန်တောင်ပိုင်းခရိုင် မြန်မာ့အာမခံလုပ်ငန်း၏ အစီအစဉ်ဖြင့် တွံတေးမြို့နယ်၊ ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့ရှိ ရွှေတောင်ပိုင်းသယ်ယူပို့ဆောင်ရေးကုမ္ပဏီ ရုံးများ၌ စက်တင်ဘာ ၁ ရက်က ကျင်းပခဲ့သည်။

အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲတွင် ရွှေတောင်ပိုင်းသယ်ယူပို့ဆောင်ရေးကုမ္ပဏီ၏ ရန်ကုန်တောင်ပိုင်းခရိုင် (အနောက်ခြမ်း)တာဝန်ခံ ဦးကျော်စိုးမိုးနှင့် ယာဉ်ပိုင်ရှင်များ တက်ရောက်ကြပြီး ရွှေတောင်ပိုင်းကုမ္ပဏီ တာဝန်ရှိသူက အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာ့အာမခံလုပ်ငန်း ရန်ကုန်တောင်ပိုင်းခရိုင်ရုံးမှ ခရိုင်တာဝန်ခံ ဒေါ်သက်မာနှင့် ဝန်ထမ်းများက မြန်မာ့အာမခံလုပ်ငန်းအကြောင်းနှင့် ဝန်ဆောင်မှုများဖြစ်သော အလုံးစုံ မော်တော်ယာဉ်အာမခံ၊ သူတစ်ပါးထိခိုက်မှု အာမခံနှင့် ခရီးသွားအာမခံ လုပ်ငန်းများအကြောင်း၊ ယာဉ်ပိုင်ရှင်များအနေဖြင့် ထိုအာမခံများ ထားရှိခြင်းဖြင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများကို ဆွေးနွေးကာ တက်ရောက်လာကြသော ယာဉ်ပိုင်ရှင်များ၏ မေးမြန်းချက်များကိုလည်း ခရိုင်တာဝန်ခံက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**မျိုးလှိုင် (တွံတေး)**

## သန်းခေါင်စာရင်းအချက်လက်များ မြို့နယ်အဆင့် အသိပညာပေး

**ဘားအံ စက်တင်ဘာ ၃**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၄)ရပ်ကွက်ရှိ ကံသာဦးခန်းမ၌ မြို့နယ်အဆင့် သန်းခေါင်စာရင်းအချက်လက်များ ဖြန့်ဝေအသိပညာပေးခြင်း အခမ်းအနားကို ဩဂုတ် ၃၁ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းနောင်က အမှာစကားပြောကြားပြီး ပြည်နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးယဉ်ထွေးက "ကျွန်တော်တို့ ၂၀၁၅ ခုနှစ်က ကျင်းပခဲ့ကြတဲ့ ခရိုင်အဆင့် ဆွေးနွေးပွဲတွေမှာတော့ အလှူရှင်အဖွဲ့အစည်းများ၊ UNFPA, NGO နဲ့ CSO အဖွဲ့အစည်းများနဲ့ ပေါင်းစပ်လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ယခုဆွေးနွေးပွဲမှာတော့ ယခင်ဌာနဆိုင်ရာနဲ့ အဖွဲ့အစည်းများအပြင် အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ၊ သတင်းမီဒီယာတွေကိုပါ ဖိတ်ကြားခဲ့ပါတယ်။ တက်ရောက်လာသူများအနေနဲ့ လူဦးရေဆိုင်ရာ၊ ပညာရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ မသန်စွမ်းသူအကြောင်းအရာ၊ မွေးဖွားခြင်းနဲ့ သေဆုံးခြင်းစတဲ့ အချက်အလက်တွေကို ကဏ္ဍအသီးသီးခွဲပြီး ဆွေးနွေးသွားကြမှာဖြစ်ပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရည်သန့်နှင့် နေပြည်တော်ရုံးချုပ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီသီနွယ်တို့က သန်းခေါင်စာရင်းဆိုတာဘာလဲ၊ သန်းခေါင်စာရင်း ဘာကြောင့်အရေးကြီးတာလဲ၊ သန်းခေါင်စာရင်းနှင့် အိမ်ထောင်စုစာရင်း တူပါသလားစသည့် သန်းခေါင်စာရင်းဆိုင်ရာ အကြောင်းအရာများကို ခေါင်းစဉ်များခွဲ၍ အုပ်စုများဖွဲ့ကာ ဆွေးနွေးခဲ့ကြသည်။ ရှင်းလင်းပွဲတက်ရောက်သော မြို့နယ်သန်းခေါင်စာရင်း ကော်မတီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၏ မေးမြန်းချက်များကိုလည်း တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**မင်းသူ**



# ကျွန်တော်နဲ့ သူနာပြု



ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်

မနေ့က 7 Day Daily နေ့စဉ်သတင်းစာမှာ စာရေးသူစံပယ်ဖြူရဲ့ “သူနာပြုများအတွက်၊ လုပ်ငန်းခွင်တွင် လိုအပ်သော အပြန်အလှန်လေးစားမှု” ဆောင်းပါးကို ဖတ်လိုက်ရတယ်။ ဆောင်းပါးကိုဖတ်ရှုပြီး လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀ လောက်က ကြုံတွေ့ခဲ့ရတဲ့အကြောင်းတွေကို ပြန်ပြောင်းအမှတ်ရမိတယ်။ အမှန်တော့ နှစ်ပေါင်း ၄၀ တုန်းက စခဲ့တဲ့ကိစ္စဖြစ်တယ်။ ကျွန်တော်ရဲ့ပါရဂူဘွဲ့အတွက် သုတေသနဆောင်ရွက်တဲ့အခါ ကျန်းမာရေးဆောင်ရွက်မှုနဲ့ စီးပွားရေးပညာကိုလေ့လာခဲ့တယ်။ ဘာသာရပ်အသစ်တစ်ခုဖြစ်တဲ့ (Health Economics) ကျန်းမာရေးဘောဂဗေဒ။ အသေးစိတ်ကတော့ ဗြိတိန်နိုင်ငံက ကျန်းမာရေးကဏ္ဍမှာ အလွန်အရေးကြီးတဲ့ သူနာပြုတွေအကြောင်း လေ့လာခဲ့တာ။

တစ်ဖက်က ဆေးရုံတွေမှာ သူနာပြုတွေရှားပါးနေပြီး တစ်ဖက်မှာတော့ သူနာပြုလက်မှတ်ရပြီး အလုပ်မဝင်ဘဲ အပြင်မှာ နေထိုင်နေကြသူတွေများနေတာ။ စီးပွားရေးသဘောက တစ်ဖက်က လိုအပ်ချက် (demand) တွေရှိပြီး တစ်ဖက်က ပိုလျှံမှု (surplus) တွေ ဖြစ်နေတာမြင်ရတယ်။ ဒီလိုဖြစ်ရတဲ့ အကြောင်းရင်းကတော့ မိသားစုတာဝန်တွေနဲ့ ပိနေသူတွေကို ပုံမှန်အလုပ်ချိန်တွေ သတ်မှတ်မှုကြောင့် အဆင်မပြေတာမို့ အလုပ်ကထွက်ကြပြီး မိသားစုတာဝန်ကို အချိန်ပြည့် ယူနေကြတယ်။ အကယ်၍သာ သူတို့ကို အလုပ်ချိန်လျှော့ပေါ့ပြီး အဆင်ပြေအောင် ဆောင်ရွက်နိုင်ရင် အလုပ်ပြန်လုပ်ဖို့ အဆင်သင့်ရှိတာတွေ့ရတယ်။ ဒီတွေ့ရှိချက်တွေအပေါ် အခြေခံပြီး အလုပ်ချိန်ကို လျှော့ပေါ့စဉ်းစားနိုင်ခဲ့တယ်။

ကျွန်တော်စီးပွားရေးတက္ကသိုလ်မှာ တာဝန်ယူပြီး ၁၉၈၉ ခုနှစ်က ကျန်းမာရေးဝန်ကြီးဌာနမှာ ညွှန်ကြားရေးမှူးချုပ်တာဝန်ကို ယူခဲ့ရတယ်။ တာဝန်တွေအမျိုးမျိုး ယူခဲ့ပြီး သူနာပြုဝန်ထမ်းတွေနဲ့ပတ်သက်ပြီး စီစဉ်ဆောင်ရွက်နိုင်ခွင့်ရခဲ့တယ်။ ဝန်ကြီးလုပ်သူ ဆရာကြီး ဦးဖေသိန်းရဲ့ကြီးကြပ်မှုနဲ့ သူနာပြုတက္ကသိုလ်ကို တည်ထောင်ခွင့်ရခဲ့တယ်။ ဒီတက္ကသိုလ်ကတစ်ဆင့် ဘွဲ့တွေပေးအပ်ခဲ့ပြီး မဟာအတန်းတွေ၊ ပါရဂူဘွဲ့တွေအထိ ပေးနိုင်ခဲ့တယ်။ ကျွန်တော့်စေတနာကတော့ သူနာပြုတွေရဲ့ အရည်အသွေးကို မြှင့်တင်ပေးချင်လို့ပဲဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုမှာဆိုရင် သူနာပြုတွေဟာ မဟာဘွဲ့တွေ၊ ပါရဂူဘွဲ့တွေယူကြပြီး တာဝန်တွေထမ်းဆောင်ကြတယ်။ ဒါကြောင့် သူတို့ဟာ ဆရာဝန်တွေနဲ့ ဆက်ဆံတဲ့အခါ မျက်နှာမငယ်ဘဲ တန်းတူရပ်တည်နိုင်စွမ်းရှိတာ တွေ့ရတယ်။ ဗြိတိန်နိုင်ငံမှာလည်း အခုလိုပဲ ကျင့်သုံးနေတာ တွေ့ရတယ်။

အမှန်တော့ ဆရာဝန်နဲ့ သူနာပြုတို့ရဲ့တာဝန်တွေဟာ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖက်နဲ့ တစ်ဖက် အပြန်အလှန် လေးစားဆက်ဆံနိုင်ရမယ်။ လူနာနဲ့ ပတ်သက်ရင် ကုသမှု (cure) နဲ့ ပြုစုမှု (care ) ဆိုပြီး ဆရာဝန်တွေဟာ ကုသမှုကို ဦးစားပေးပြီး သူနာပြုတွေကတော့ ပြုစုမှုလုပ်ငန်းကို ဆောင်ရွက်ကြတယ်။ လူနာတစ်ဦးပျောက်ကင်းနိုင်ဖို့ ကုသမှုဟာ အရေးကြီးသလို ပြုစုမှုမရှိလို့လည်း မဖြစ်ပါဘူး။ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီပါ။ ကိုယ်က အထက်ကဆိုတာမျိုး မဆက်ဆံသင့်ဘူး။ မတွေးသင့်ပါဘူး။ နိုင်ငံရေးအမြင်နဲ့ပြောရင် လူတန်းစားခွဲခြားမှုမရှိသင့်ဘူး။ တစ်ဖက်မှာ တချိန်က ဆရာဝန်အများစုဟာ အမျိုးသားတွေဖြစ်ကြပြီး သူနာပြုတွေက အမျိုးသမီးတွေဖြစ်ကြတယ်။ ဒါကြောင့် ကျား/မဆက်ဆံရေးပုံစံကိုလည်း ထည့်တွက်ရမှာဖြစ်တယ်။

တကယ်တော့ ဆရာဝန်ပဲဖြစ်ဖြစ်၊ သူနာပြုပဲဖြစ်ဖြစ် သူတို့တစ်တွေက (Professional)တွေ ဖြစ်ကြတယ်။ အတတ်ပညာနဲ့ အသက်မွေးဝမ်းကျောင်းလုပ်သူတွေ ပညာရှင်တွေဖြစ်တာမို့ တစ်ဦးနဲ့တစ်ဦး လေးစားဖို့လိုတယ်။ အသိအမှတ်ပြုဖို့ လိုအပ်တယ်။ ကျွန်တော် အီတလီနိုင်ငံ တူရင်းမြို့ ကုလသမဂ္ဂဝန်ထမ်းတက္ကသိုလ်မှာ

> **အမှန်တော့ ဆရာဝန်နဲ့ သူနာပြုတို့ရဲ့ တာဝန်တွေဟာ တစ်ဦးနဲ့ တစ်ဦး၊ တစ်ဖက်နဲ့ တစ်ဖက် အပြန်အလှန် လေးစားဆက်ဆံနိုင် ရမယ်။ လူနာနဲ့ ပတ်သက်ရင် ကုသမှု (cure) နဲ့ ပြုစုမှု (care ) ဆိုပြီး ဆရာဝန်တွေဟာ ကုသမှုကို ဦးစားပေးပြီး သူနာပြု တွေကတော့ ပြုစုမှုလုပ်ငန်းကို ဆောင်ရွက်ကြတယ်။ လူနာတစ်ဦးပျောက်ကင်းနိုင်ဖို့ ကုသမှုဟာအရေးကြီးသလို ပြုစုမှုမရှိလို့လည်း မဖြစ်ပါဘူး**

တာဝန်ယူစဉ် နိုင်ငံတကာအစည်းအဝေးတစ်ခုမှာ စာတမ်းတင်သွင်းခဲ့တယ်။ အစည်းအဝေးက နိုင်ငံတကာဦးနှောက်အာရုံကြော ခွဲစိတ်ဆရာဝန်ကြီးများရဲ့ ညီလာခံမှာ တစ်ကမ္ဘာလုံးက ထင်ရှားလှတဲ့ ခွဲစိတ်ဆရာဝန်ကြီးတွေ သူတို့ရဲ့ပညာရပ်ဆိုင်ရာနဲ့ပတ်သက်ပြီး စာတမ်းတွေ တင်သွင်းခဲ့ကြတယ်။ သူတို့တစ်တွေရဲ့ဆောင်ရွက်မှုတွေကြောင့် လူ့အသက်တွေကို ကယ်နိုင်ခဲ့ကြတယ်။ ထူးချွန်လှတဲ့ အောင်မြင်မှုတွေ ဖြစ်တယ်။ ကျွန်တော့်စာတမ်းက ခွဲစိတ်ခန်းမှာ ပူးပေါင်းဆောင်ရွက်မှု အရေးကြီးပုံကို တင်ပြခဲ့တာဖြစ်တယ်။

ပရိသတ်ဆရာဝန်ကြီးတွေကို မေးခွန်းတစ်ခုမေးခဲ့ပါတယ်။ သူတို့ဘယ်အချိန်မှာ ခွဲစိတ်မှုတွေ စတင်ခဲ့သလဲလို့။ နံနက် ၁၀ နာရီလောက်မှာ လုပ်ကြတယ်လို့ ဖြေကြတယ်။ ဒီခွဲခန်းကို သူတို့ခွဲစိတ်ဖို့ ဘယ်အချိန်မှာ သန့်ရှင်းရေး ဝန်ထမ်းတွေ ကြိုတင်ပြင်ဆင်ရသလဲလို့ မေးခဲ့ပြန်တယ်။ နံနက် ၇ နာရီလောက်ကစပြီး လုပ်ကြတယ်လို့ ဖြေကြပြန်တယ်။ ဒီသန့်ရှင်းရေးတာဝန်ယူတဲ့ သူတွေဟာ အတန်းပညာ မမြင့်မားကြဘူး။ ခွဲစိတ်ဆရာဝန်ကြီးတွေလို မဟာဘွဲ့တွေ၊ ပါရဂူဘွဲ့တွေရှိတာ မဟုတ်ဘူး။ ဒါပေမယ့် ခွဲစိတ်ခန်းကိုသူတို့သပ်သပ်ရပ်ရပ် သန့်ရှင်းရေးမလုပ်ရင် ခွဲစိတ်မှုတွေ မအောင်မြင်နိုင်ကြောင်း ထောက်ပြခဲ့တယ်။ အမှန်တော့ ကျန်းမာရေးလုပ်ငန်းအပါအဝင် နေရာတိုင်းမှာ တစ်ဦးတစ်ယောက်တည်း ထူးချွန်လို့ မဖြစ်နိုင်ပါဘူး။ သူ့နေရာနဲ့သူ တာဝန်ကျေမှ အောင်မြင်မှုရနိုင်မှာဖြစ်တယ်။ ဆေးရုံတစ်ရုံမှာ ကျန်းမာရေးစောင့်ရှောက်မှုပေးရာမှာ ဆရာဝန်၊ သူနာပြု၊ ကျွမ်းကျင်သူ၊ သန့်ရှင်းရေးနဲ့ လုံခြုံရေးဝန်ထမ်းအားလုံး ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ဖို့ အရေးကြီးလှတယ်။ လူတိုင်း သူ့နေရာနဲ့သူ တန်ဖိုးရှိတယ်။ အထင်သေးလို့ မရဘူး။

ဒီနေရာမှာ ကျွန်တော်က လေးစားမှုနဲ့ ပတ်သက်ပြီး ဆွေးနွေးလိုပါတယ်။ ကျွန်တော်တို့လူ့အဖွဲ့အစည်းမှာ လူငယ်တွေက လူကြီးတွေကို လေးစားကြတယ်။ တပည့်တွေက ဆရာတွေကို လေးစားကြတယ်။ မိဘတွေကို သားသမီးတွေက လေးစားကြတယ်။ ဒါပေမယ့် အပြန်အလှန်လေးစားမှုရှိဖို့ လိုတာကို သတိပြုရမယ်။ ကျောင်းသားတွေကို ဆရာတွေက လေးစားမှ သင်ကြားတဲ့နေရာမှာ ထိရောက်နိုင်မှာ။ မိဘတွေက သားသမီးတွေကို လေးစားမှ မိသားစုအတွင်း အပေးအယူနားလည်မှု ရနိုင်မှာ။ လူကြီးတွေက လူငယ်တွေကို လေးစားမှ လူ့အဖွဲ့အစည်းမှာ စည်းလုံးညီညွတ်နိုင်မှာ။ ဒီလိုပြောရင် ကျွန်တော့်ကို ဝေဖန်ကြမှာ သေချာတယ်။ ဒါပေမယ့် ကျွန်တော်က အပြန်အလှန်လေးစားမှုဟာ အရေးကြီးတယ်လို့ ယုံကြည်တယ်။ အလုပ်ရှင်ကို အလုပ်သမားတွေ လေးစားဖို့လိုအပ်သလို အလုပ်သမားတွေကိုလည်း အလုပ်ရှင်တွေက လေးစားရမှာသာဖြစ်တယ်။

လူတိုင်းဟာသူ့နေရာနဲ့သူ တန်ဖိုးရှိတယ်။ လေးစားထိုက်တဲ့သူတွေသာ ဖြစ်ပါတယ်။ အပြန်အလှန်လေးစားမှုကို ကျောင်းတွေ၊ တက္ကသိုလ်တွေမှာ စနစ်တကျသင်ကြားပေးဖို့ လိုပါတယ်။ ဆရာဝန်၊ အင်ဂျင်နီယာ၊ သူနာပြု၊ စာရင်းကိုင် အစရှိတဲ့ ကျွမ်းကျင်မှုလုပ်ငန်းတွေမှာ နည်းပညာနဲ့ပတ်သက်ပြီး အထူးပြုသင်ကြားခဲ့တယ်။ ခွဲစိတ်ပုံ၊ ကုသပုံ၊ စောင့်ရှောက်ပုံ နည်းပညာတွေကို အသေးစိတ်သင်ခဲ့ကြတယ်။ ရှေ့နေတွေဆိုရင်လည်း ဥပဒေဆိုင်ရာ အကြောင်းအချက်တွေကို စနစ်တကျ သင်ခွင့်ရခဲ့တယ်။ စီမံခန့်ခွဲပညာသင်ကြားတဲ့အခါမှာလည်း စီမံကိန်းရေးဆွဲမှု၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို သင်ခွင့်ရခဲ့တယ်။ ဒါတွေအားလုံးကို “အမာ”တွေ (hard skills) လို့ သတ်မှတ်ကြတယ်။ ဒီအမာတွေဟာ အရေးကြီးပါတယ်။ ပညာရှင်တိုင်းမှာ အမာတွေကို သိရမယ်။ ကျွမ်းကျင်ရမယ်။

တစ်ဖက်ကလည်း “အပျော့” (soft skills) တွေကိုလည်း သင်ဖို့လိုမယ်။ အပျော့လို့ပြောတဲ့နေရာမှာ ဆက်ဆံရေးကောင်းမှု၊ ကိုယ်ချင်းစာမှု၊ အပြန်အလှန်လေးစားမှုနဲ့ နားထောင်မှုတွေဖြစ်တယ်။ အမာနဲ့အပျော့ကို ပြောတဲ့နေရာမှာ (IQ) နဲ့ (EQ) ကိုဆိုလိုတာ ဖြစ်တယ်။ ဉာဏ်ရည်ထက်မြက်ဖို့ အလွန်အရေးကြီးလှတယ်။ ဆရာဝန်တစ်ယောက်၊ သူနာပြုတစ်ဦးဖြစ်ဖို့ ဉာဏ်ရည်မြင့်မားဖို့ လိုအပ်တယ်။ ဒါပေမယ့် (IQ) မြင့်ရုံနဲ့ မပြည့်စုံနိုင်သလို (EQ) လည်းရှိဖို့ အရေးကြီးတယ်။ (IQ) နဲ့ (EQ) ပေါင်းစပ်မှ ပြီးပြည့်စုံတဲ့သူတစ်ဦး ဖြစ်နိုင်မှာ။ ကျွန်တော်က သင်ရိုးညွှန်းတမ်းတွေမှာ (EQ) ကို မူလတန်းကအစ ဘွဲ့လွန်သင်တန်းတွေအထိ သင်စေချင်တယ်။ ဒါမှလည်း ကျွန်တော်ဖတ်ခဲ့ရတဲ့ ဆောင်းပါးထဲမှာပါတဲ့ ဝမ်းနည်းစရာတွေ နောက်ထပ်မဖြစ်မှာ။ ။

## ဝန်ထမ်းများအငြိမ်းစားယူသည့်နေ့တွင် နေအိမ်တိုက်ခန်းသော့အပ်နိုင်ရန်စီစဉ်နေ

**ရန်ကုန် စက်တင်ဘာ ၃**

အစိုးရဝန်ထမ်းများ သက်ပြည့်ပင်စင်ယူသည့်နေ့တွင် နေထိုင်ရန်နေအိမ်များ အသင့်ဖြစ်စေရန်အတွက် ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးသာဌေးက ပြောသည်။

“ကျွန်တော်တို့ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းအနေနဲ့ နိုင်ငံတော်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့ လုပ်ငန်းတစ်ခုကတော့ အစိုးရဝန်ထမ်းတွေ သက်ပြည့်ပင်စင်ယူတဲ့နေ့မှာ နေထိုင်စရာအသင့်ဖြစ်အောင် ကြိုးစားဆောင်ရွက်နေပါတယ်။ ဒီအတွက် ကျွန်တော်တို့ဆောက်လုပ်ရေးလုပ်ငန်းရှင်အသင်းက နေအိမ်တိုက်ခန်းတွေ ကြိုဆောက်ပေးထားမယ်။ သက်ဆိုင်ရာဝန်ထမ်းအငြိမ်းစားယူတဲ့နေ့မှာ ဝန်ကြီးဌာနက တိုက်ခန်းဖိုး ၃၀ ရာခိုင်နှုန်းပေးချေမယ်။ ကျန်တဲ့ ၇၀ ရာခိုင်နှုန်းကို ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်က ထုတ်ချေးထားမယ်။ ကမ္ဘာ့ဘဏ်နဲ့ အေဒီဘီဘဏ်တွေက အိမ်ရာချေးငွေတွေရမယ်ဆိုရင် အတိုးနှုန်း ခုနစ်ရာခိုင်နှုန်း မကျော်တဲ့ အတိုးနဲ့ ဝန်ထမ်းအငြိမ်းစားပင်စင်ယူတဲ့အခါ တစ်ခါတည်း တိုက်ခန်းသော့အပ်နိုင်အောင် စီစဉ်သွားမှာ ဖြစ်ပါတယ်” ဟု ဦးသာဌေးက စက်တင်ဘာ ၁ ရက်က မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်၌ ပြုလုပ်သော အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲအခမ်းအနားတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။




ဝန်ထမ်းများအနေဖြင့် မိမိနေထိုင်လိုသောမြို့များတွင် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးရုံးမှတစ်ဆင့် စာရင်းပေးသွင်းပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာ့ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းက ဝန်ကြီးဌာနများမှရရှိသော စာရင်းများအရ သက်ဆိုင်ရာမြို့များ၌ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

**သတင်း- မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)**



## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးရှောင်ပြည်သူများအတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဆန်၊ ဆီများလှူဒါန်း

**မန္တလေး စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးရှောင်ပြည်သူများအတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဆန်၊ဆီများပေးအပ်လှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၁ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်သည်။

ရှေးဦးစွာ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင်က ရေဘေးရှောင်ပြည်သူများသို့ လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။ ဆက်လက်၍ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ရေဘေးရှောင်ပြည်သူများအတွက် ၂၄ ပြည်ဝင် ဆန်အိတ် ၂၀၀ နှင့် ၅၀ ကျပ်သား ဆီဘူး ၅၀၀ တို့ကို လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ ဦးဇာနည်အောင်၊ ဦးမျိုးသစ်၊ ဦးမြတ်သူ၊ တိုင်းဒေသကြီးအတွင်းရေးမှူး ဦးမြင့်တင်နှင့် တာဝန်ရှိသူများ၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာ သန့်သော်ကောင်းနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**တင်မောင် (မန်းကိုယ်ပွား)**

## သီပေါမြို့ရှိ ဝေဟင်ဓာတုစေတီနှင့် သာသနာ့ဗိမာန်တော်ကြီးတွင်မုခ်ဦးနှင့် ဓာတ်လှေကားများတည်ဆောက်မည်

**သီပေါ စက်တင်ဘာ ၃**

လွန်ခဲ့သော နှစ်ပေါင်း ၁၅၀ ကျော်က ရှေးစော်ဘွားများ တည်ထားကိုးကွယ်ခဲ့သည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ကျက်သရေဆောင် မြို့လယ်ဓမ္မာရုံကြီးမှာ ကြံ့ခိုင်မှု အားနည်းချို့ယွင်းနေသဖြင့် ပြန်လည်တည်ဆောက်ခဲ့သော ဝေဟင်ဓာတုဓမ္မရာဇာစေတီတော်နှင့် မဟာ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်မှုမှာ ပြီးစီးနေပြီဖြစ်ရာ ယင်းရှေ့ရှိ ဈေးဆိုင်ခန်းများ ဖျက်သိမ်းရေးနှင့် အဝင်အထွက် လမ်းမုခ်ဦးများနှင့် ဓာတ်လှေကားတည်ဆောက်ရေးအတွက် မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တမိလိန္ဒ အရှင်သူမြတ်ထံမှ ဩဝါဒခံယူပွဲကို ဩဂုတ် ၃၁ ရက်က အောင်မင်္ဂလာ ဘိုးတော်ကျောင်းတိုက်၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ယခုတည်ရှိသော ဈေးဆိုင်ခန်းများသည် ဘုရားရှေ့မျက်နှာစာ ဖြစ်နေသည့်အပြင် ဝေဟင်ဓာတုစေတီတော် မြတ်ကြီးအား ဖူးမြော်ကြည်ညိုရာတွင် မျက်ကွယ်ဖြစ်နေသဖြင့် လက်ရှိဆိုင်ခန်းများဖျက်သိမ်းပြီး ဘုရားမြောက်ဘက် တိုက်ခန်းများ ပြန်လည်ဆောက်လုပ်နေရာချထားရေးကိစ္စရပ်များကို တင်ပြလျှောက်ထားကြသည်။

ထို့အပြင် အဆိုပါဘုရားရှေ့ဆိုင်ခန်းများနေရာတွင် အဝင်အထွက်မုခ်ဦးများနှင့် ဓာတ်လှေကားဆောက်လုပ်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# သဘာဝဘေးဒဏ်ခံနိုင်သော အဆောက်အအုံများ (Resilient Structure)

ကျော်လင်း(ဆောက်လုပ်ရေး)

မြန်မာနိုင်ငံသည် ဇွန်လဆန်းမှစတင်၍ အနောက်တောင် မုတ်သုံလေ ဝင်ရောက်၍ စက်တင်ဘာလကုန်တွင် မုတ်သုံလေ ပြန်လည်ဆုတ်ခွာသည့် ရာသီဥတုဒဏ်ခံရသော နိုင်ငံ တစ်နိုင်ငံဖြစ်ပါသည်။ မုတ်သုံရာသီကာလအတွင်း ဆိုင်ကလုန်းမုန်တိုင်းများသည် မြန်မာနိုင်ငံ၏ ဒေသအချို့ကို သဘာဝဘေးဒဏ် (Disaster) အဖြစ် ဖြစ်ပေါ်စေသည်။ မြန်မာနိုင်ငံတွင် မုတ်သုံရာသီဥတုကြောင့် အများဆုံးကြုံတွေ့ရသော သဘာဝဘေးဒဏ်များမှာ -

၁။ ရေကြီးခြင်း၊


၂။ မြေပြိုခြင်း၊

၃။ လေပြင်းမုန်တိုင်းဒဏ်ကြောင့် လူနေအိမ်၊ ကျောင်း၊ ဆေးရုံ၊ လမ်း၊ တံတားများ ပျက်စီးခြင်းတို့ ဖြစ်သည်။

ယင်းဖြစ်စဉ်များမှာ ယခုကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်ပြီးနောက်ပိုင်း နှစ်စဉ်ကြုံတွေ့နေရသော ဖြစ်စဉ်များဖြစ်၍ "မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်" (Unexpected Natural Disaster Effect) မဟုတ်တော့ဘဲ နှစ်စဉ်မျှော်မှန်း၍ရသော (Expected Disaster Effect) များ ဖြစ်လာပါသည်။ သို့ဖြစ်ရာ သဘာဝဘေးဒဏ်ခံရ၍ အသစ်ပြန်လည် တည်ဆောက်မည့် အဆောက်အအုံများသည် နောင်နှစ်စဉ်ကြုံတွေ့ရမည့် သဘာဝဘေးဒဏ်ခံနိုင်သော အဆောက်အအုံများ Resilient Structure ဖြစ်ရပါမည်။ သို့ဖြစ်ရာ နှစ်စဉ်ကြုံတွေ့နေရသော သဘာဝဘေးဒဏ်ခံရသည့် မြို့ပြအင်ဂျင်နီယာဆိုင်ရာ ကြိုတင်စီမံဆောင်ရွက်ရမည့် အချက်အချို့ကို တင်ပြလိုက်ပါသည်။

### ၁။ Foundation

လေမုန်တိုင်း၏ Up Lift Force သည် အဆောက်အအုံကိုပင့်၍ ဆွဲနုတ်နိုင်သည့် အခြေအနေရှိ၍ ကွန်ကရစ်ဖိနပ်တိုင်ခံ၍ တည်ဆောက်သည့် အဆောက်အအုံများသည် ထုထည်ရှိသော ကွန်ကရစ်ဖိနပ်များကို မြေကြီးထဲသို့ ၂/၃ မြှုပ်သွင်းပြီးမှသာ တည်ဆောက်သင့်ပါသည်။ အပေါ်ပိုင်း အဆောက်အအုံ Light Structure ဖြစ်သော အဆောက်အအုံသည် ပိုမိုလေးလံသော Footing လိုအပ်မည် ဖြစ်သည်။



ကွန်ကရစ်ဖိနပ်တိုင်ခံတည်ဆောက်ပုံအမှားအမှန်ကို တွေ့ရစဉ်



ဖောင်ဒေးရှင်းမခိုင်မြဲမှုကြောင့် လေမုန်တိုင်းတိုက်၍ လွင့်ထွက်သွားပုံ

### ၂။ စတီးဖရိန် အဆောက်အအုံများ (Steel Frame)


လူအများလွဲမှားစွာ နားလည်နေကြသည်မှာ Steel Frame အဆောက်အအုံသည် လေမုန်တိုင်းဒဏ် ခံနိုင်သည်ဟု ထင်နေကြသည်။ အမှန်တော့ Steel Frame Structure များတွင် ဂျိုင်း (Joint)နေရာ အားနည်းမှုကြောင့်လည်းကောင်း၊ တပ်ဆင်ထားသော ဘို့တူ (Bolts & Nuts) များ အားနည်းမှုကြောင့်လည်းကောင်း၊ လေဒဏ်ခံ ဘားတန်းများ (Wind Ties) မပါရှိမှုတို့ကြောင့် လည်းကောင်း လေမုန်တိုင်းတိုက်လျှင် အလွယ်တကူလွင့်ထွက်သွားနိုင်သည်။ ထို့ကြောင့် Steel Structure များ တည်ဆောက်ရာတွင် Foundation နှင့် ခိုင်မြဲစွာ ဆက်တွဲနိုင်မှု၊ ဂျိုင်း (Joint) နေရာများ၏ တောင့်တင်းခိုင်မာမှု၊ ဘို့တူ (Bolts & Nuts) များ၏ တောင့်တင်းခိုင်မာမှု၊ ဂျိုင်းဆက်သံပြားများ၏ တောင့်တင်းခိုင်မာမှု၊ အမိုးဒိုင်း (Rafter) နှင့် မြားတန်း (Purlins) တို့ ခိုင်မာစွာ ချိတ်တွဲနိုင်မှု၊ ဒိုင်းတစ်ခုနှင့်တစ်ခုကြား လေဒဏ်ခံတန်း ( Wind Ties) များ ထည့်သွင်းထားမှု၊ အမိုးနှင့် မြားတန်းတို့ သေချာစွာ ဝက်အူစုပ် တင်ဆင်နိုင်မှုတို့သည် အထူးအရေးကြီးလှပါသည်။




Steel Structure ပုံစံပြထားမှုကို တွေ့ရစဉ်


### ၃။ သစ်သားအဆောက်အအုံများ (Timber Houses)

သစ်သားအဆောက်အအုံများ၏ လေမုန်တိုင်းဒဏ်ခံ အဓိကသော့ချက်မှာ Foundation သေချာစွာ ချိတ်တွဲထားနိုင်မှုနှင့် သစ်သားတိုင်နှင့် ထုပ်၊ လျှောက်တန်းများ၊ ဒိုင်းများအား ခိုင်မြဲစွာ ချိတ်ဆွဲထားနိုင်မှုက အဓိကကျသည်။ စရွေးဖြင့်တွဲဆက်ခြင်းသည် သံရိုက်၍ ဆက်တွဲခြင်းထက် များစွာပိုမိုခိုင်ခံ့သည်။သစ်သားအဆောက်အအုံ၏ ထောင့်စွန်းလိုင်းတစ်လျှောက်တွင် တွဲဆက်ပစ္စည်းများ ဖြစ်သော မူလီ၊ သံမှိုတို့အား ပုံတွင်ပြထားသည့်အတိုင်း အခြားနေရာများထက် ပို၍စိပ်စိပ် ထည့်ရန် လိုအပ်ပါသည်။




သစ်သားအဆောက်အအုံအား မူလီ၊ သံမှိုတို့စိပ်စိပ်ထည့်၍ မုန်တိုင်းဒဏ်ခံအောင် တည်ဆောက်ထားပုံ


အဆောက်အအုံအသစ်ဆောက်လုပ်ပါက လေဒဏ်ခံရမှုမှ သက်သာစေရန် အဆောက်အအုံ၏ တိုသောအနားအား လေပြင်းလာရာဘက်သို့ မျက်နှာမူ၍ဆောက်ရပါမည်။ မြင့်မိုရ်ပိတ်ဖြင့် အဆုံးသတ်သော နှစ်ဖက်ချ ဂေဘယ်လ်အမိုးများသည် အမိုးပြန့်၊ လေးဘက်ချ ဟစ်ပ်အမိုးများထက်ပို၍ လေပြင်းမုန်တိုင်း ကျရောက်ချိန်တွင် ပျက်စီးနိုင်ခြေများပါသည်။ ဘေးနှစ်ဘက်တွင် အဆုံးသတ်ထားသော ကြီးမားကျယ်ပြန့်စွာ တည်ရှိသည့် မြင့်မိုရ်ပိတ်မှ လေသွားလမ်းကြောင်းအား အခုအခံတစ်ခုသဖွယ်ဖြစ်စေကာ တိုက်ခတ်လာသော လေပြင်းအားအပြည့်ဖြင့် အမိုးကို တွန်းလှန်ပင့်ထုတ်စေသောကြောင့် ဖြစ်ပါသည်။



မြင့်မိုရ်ပိတ်ထားရှိမှုအခြေအနေအမှားအမှန်ကို တွေ့ရစဉ်

### ၄။ အုတ်စီအဆောက်အအုံနှင့် သံကူကွန်ကရစ်အဆောက်အအုံ


သံကူကွန်ကရစ်အဆောက်အအုံသည် ယေဘုယျအားဖြင့် မုန်တိုင်းဒဏ်ခံနိုင်သော်လည်း အမိုးပိုင်းအားနည်းလျှင် အမိုးလန်ခြင်းသည် အများဆုံး ပျက်စီးမှုဖြစ်သည်။ သို့ဖြစ်၍ သစ်သား အဆောက်အအုံ၊ အုတ်စီအဆောက်အအုံနှင့် သံကူကွန်ကရစ်အဆောက်အအုံများတွင် အမိုးပိုင်းကို သွပ်ပြားနှင့်မိုးရာတွင် လေလန်နိုင်သော အစွန်ဆုံးမြားတန်းနှင့် သွပ်ပြားကို 2" x 1' x ¼" သံပြားဖြင့် ဖိ၍ Hook and Eyes ဖြင့် မြားတန်းကို ချိတ်တွဲထားခြင်းဖြင့် လေမုန်တိုင်းဒဏ်ကို ခံနိုင်ရည်ရှိမည်ဖြစ်သည်။




အဆောက်အအုံများတွင် အမိုးများလေမလှန်နိုင်အောင် တည်ဆောက်ထားမှုကို တွေ့ရစဉ်

### ၅။ ဂိုဒေါင်ကဲ့သို့ အဆောက်အအုံများ

ဂိုဒေါင်ကဲ့သို့ အဆောက်အအုံကြီးများသည် လေ၏ လားရာကို ကြည့်၍ သဘာဝလေဝင်လေထွက်ပေါက်များ ထားရှိပေးခြင်းဖြင့် လေမုန်တိုင်းဒဏ်ကို ကာကွယ်နိုင်မည်ဖြစ်သည်။




အဆောက်အအုံတစ်ခုတွင် လေမုန်တိုင်းဒဏ်ကာကွယ်နိုင်ရန် လေဝင်လေထွက်ပေါက်များ ထားရှိပုံ

### ၆။ သဘာဝ၏ အကာအကွယ်များ

သစ်ပင်များ၊ သဘာဝတောင်ကုန်းများကို ကွယ်၍ အဆောက်အအုံဆောက်ထားလျှင်လည်း လေမုန်တိုင်းဒဏ်ကို ကာကွယ်ပြီးဖြစ်ပါသည်။ သို့သော် သစ်ပင်များ အမြစ်ကျွတ်၍ အိမ်ပေါ်ပိကျလာခြင်းအန္တရာယ်တော့ ရှိနိုင်ပါသေးသည်။



လေမုန်တိုင်းဒဏ်ကာကွယ်ရန် သစ်ပင်ကို ကွယ်၍ အဆောက်အအုံဆောက်လုပ်ထားပုံ




တောင်ကုန်းကိုကွယ်၍ အဆောက်အအုံဆောက်လုပ်ထားပုံ

### ၇။ အမိုးများ

ကွန်ကရစ် Structure များတွင် Flat Roof ကိုသုံး၍ လေမုန်တိုင်းဒဏ်ကို ကာကွယ်ရန် အကောင်းဆုံးဖြစ်သော်လည်း သွပ်မိုး၊ ကျောက်ပြားအမိုးများ တည်ဆောက်ပါက Roof Pitch သည် ၂၂ ဒီဂရီထက်မငယ်သင့်ပါ။ ဖြစ်နိုင်လျှင် ၃၀ ဒီဂရီ၊ ၄၅ ဒီဂရီ စသည်ဖြင့် high pitch gable roof ကို ရွေးချယ်သင့်ပါသည်။ လေးဖက်အုန်းလက် (Hip Roof)သည် လေမုန်တိုင်းဒဏ်ခံရန် အကောင်းဆုံးဖြစ်သည်။



အမိုးအား Hip Roof ပုံစံဖြင့်ဆောက်လုပ်ထားပုံ




အမိုးအား Flat Roof ပုံစံဖြင့်ဆောက်လုပ်ထားပုံ

(ဆက်လက်ဖော်ပြပါမည်)

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (အပျို)ဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၁-၂၀၁၈ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။
(ဃ) အရပ် (၅)ပေ (၂)လက်မ၊ပေါင် (၁၀၀)နှင့်အထက်ရှိရမည်။
(အထက်ပါအတိုင်းကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)
(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက်ပါရှိရမည်။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၇-၈-၂၀၁၇ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၈-၈-၂၀၁၇ ရက်နေ့မှ ၁၅-၉-၂၀၁၇ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက် သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တစ်လအတွင်းရရှိသော ထောက်ခံစာ (မူရင်း)။
(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ်အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၂ နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ ၁၂၀၀၀၀ /-ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သားအခြေခံလစာ ၁၂၅၀၀၀/-ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (တတိယတန်း) (အခြေခံလစာ- ၁၇၀၀၀၀ + အရည်အချင်းလစာ ၄၀၀၀ + M.H.R.A ၁၀၀၀၀= ၁၈၄၀၀၀) အဖြစ် ခန့်အပ်ပေးမည်။

၆။ တပ်မတော် (ကြည်း၊ရေ၊လေ)တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ)အဆင့်/အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲအောင်မြင်ပါက အောက်ဖော်ပြပါ အဆင့် /အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ လစာ၊စရိတ်များ ရရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၁၇၀၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၁၈၆၀၀၀ |
| (ခ) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၁၇၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၁၈၈၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၀၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၁၈၀၀၀ |
| (ဃ) အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၁၅၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၃၃၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀၀ိ/- နှုန်းဖြင့် ၁၀၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။



ရွှေဘုံသာ အလယ်လမ်းက
# ယူနိုက်တက်ဗွီးရှင်း
မျက်စိအထူးကုဆေးရုံကြီးနှင့် မျက်မှန်၊ မျက်ကပ်မှန်အရောင်းခန်းမ

အတွင်းတိမ်ခွဲစိတ်ရန်
(ECCE) ခေါ် လက်ဖြင့်ခွဲစိတ်ခြင်းအပြင်၊
မျက်စိကိုခွဲစရာမလို၊ချုပ်စရာမလိုပဲ
Phaco-Emulsifier
(Ultra Sound System)
ဖြင့်လည်းကုသပေးနေပါသည်။
ငွေကြေးအခက်အခဲရှိသူများကို အပတ်စဉ် တနင်္လာနေ့
နေ့လည်(၁း၀၀) နာရီ မှ ည (၇း၃၀)နာရီအထိ
ကြိုတင်စာရင်းပေးသွင်းသူများကို အခမဲ့ စမ်းသပ်ခွဲစိတ်
ပေးနေပါသည်။
ဖုန်း - ၀၉ ၄၅၀၆၂၈၄၄၅

INTERNATIONAL BRANDED အစစ်များကိုသာ
အာမခံဖြင့် ရောင်းချပေးနေပါသည်။

Ray-Ban
OAKLEY
VOGUE eyewear
BURBERRY
BVLGARI
PRADA EYEWEAR

အထူးချွန်ဆုံး မျက်စိအထူးကု
ဆရာဝန်ကြီးများကိုယ်တိုင်
စမ်းသပ်ခွဲစိတ်ကုသပေးနေပါသည်။
ခေတ်မီစက်ပစ္စည်းများကို
အသုံးပြုပြီးမျက်မှန်များကို
နေ့ချင်းပြီးဆောင်ရွက်ပေးနေပါပြီ။

ရန်ကုန်ဆိုင်ခွဲ
- အမှတ်(၂၆၃)၊ရွှေဘုံသာအလယ်လမ်း၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်။ ဖုန်း-၀၁-၃၈၄၈၃၈၊ ၂၅၂၇၁၈၊ ၃၈၉၉၃၉
- အမှတ်(၂၆၂)၊ရွှေဘုံသာအလယ်လမ်း၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်။ ဖုန်း-၀၁-၂၄၀၇၈၅
- အမှတ်(၆၆/၆၈)၊စံရိပ်ငြိမ်(၆)လမ်းထိပ်၊ရန်ကုန်အင်းစိန်လမ်းမ၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့။ ဖုန်း-၀၁-၅၃၂၃၁၇၊၂၃၀၄၂၉၄
- အမှတ်(၃၈/ဃ)၊လေးထောင့်ကန်လမ်းမကြီး၊ သင်္ဃန်းကျွန်းဈေးရှေ့၊ဇဝန။ ဖုန်း-၀၁-၈၅၆၅၉၂၂
- အမှတ်(၂၅၇/၂၅၈)၊ဂမုန်းပွင့်ရှော့ပင်းစင်တာ၊ဒုတိယထပ်၊ရန်ကုန်-အင်းစိန်လမ်း၊ ကမာရွတ်မြို့နယ်။ ဖုန်း-၀၉ ၇၇၃၄၅၀၃၉၉

မန္တလေးဆိုင်ခွဲ
- ၇၈လမ်း(၂၇လမ်းနှင့်၂၈လမ်းကြား)၊အမှတ်(A-3)၊ဘုတာကြီးမြောက်ဘက်၊မန္တလေးမြို့။ ဖုန်း-၀၂-၆၈၇၈၆၊၃၄၄၄၂
- Diamond Plaza ၊စက်လှေကားအနီး(မြေညီထပ်)၇၈လမ်း၊၃၃လမ်းနှင့်၃၄လမ်းကြား။ ဖုန်း-၀၉၉၁၀၂၇၀၃၄
- ၈၄လမ်း(၂၉လမ်းနှင့်၃၀လမ်းကြား)၊အမှတ် (53/54B)၊မန္တလေးမြို့။ ဖုန်း-၀၂-၃၁၇၈၁

VICTORIA UNIVERSITY COLLEGE

Partnership with
UNIVERSITY OF WOLVERHAMPTON
KNOWLEDGE • INNOVATION • ENTERPRISE

ပြည်တွင်း VUC တွင် တက်ရောက်ပြီး အင်္ဂလန်နိုင်ငံ University of Wolverhampton မှ တိုက်ရိုက် ချီးမြှင့်ပေးအပ်မည့် –
- Bachelor of Arts Honours in Business Management
- Bachelor of Engineering Honours in Civil Engineering
- Bachelor of Engineering Honours in Mechatronics Engineering
- Bachelor of Science Honours in Architectural Design Technology

အထက်ဖော်ပြပါသင်တန်းများအတွက် အခြေခံပညာအထက်တန်းအောင်မြင်သူများ (သို့) ညီမျှသော နိုင်ငံတကာအသိအမှတ်ပြု အောင်လက်မှတ် ရရှိသူများသည် သက်ဆိုင်ရာ ဘာသာရပ်တစ်ခုကို ရွေးချယ်လျှောက်ထားရပါမည်။ (အမှတ်စာရင်း ကန့်သတ်ချက်မရှိပါ။)

